ချစ်နိုင်(စိတ်ပညာ)

# ဉာဏ်ပညာထက်မြက်သူတို့လက်စွဲ

## Chinese Military Classic

## သေနင်္ဂဗျူဟာ အတတ်ပညာ

# SUN TZU
# THE ART OF WAR

## ချစ်နိုင်(စိတ်ပညာ)
## ဘာသာပြန်ဆိုသည်

**စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ထိရောက်စွာ အသုံးချနိုင်သော အခြေခံ စစ်သဘော စစ်အတတ် ပညာများပါဝင်သဖြင့် ထင်ရှားလှသည့် ကမ္ဘာ့ဂန္ထဝင် စာအုပ်၊ နိုင်ငံတကာမှာ ဘာသာပြန်ခဲ့ကြပြီးသော တရုတ်ရှေးဟောင်းစစ်အတတ်ပညာစာအုပ်။**

# ချစ်နိုင် (စိတ်ပညာ)

မကွေးတိုင်း၊ ချောက်မြို့နယ်၊ ကြီးနီကျေးရွာ၌ ဖခင် ကျောင်းဆရာ ဦးမာတင်၊ မိခင် ဒေါ်အေးသတို့က ၁၉၄၈-ခုနှစ်၊ ဒီဇင်ဘာလ၆-ရက်တွင်မွေးဖွားခဲ့သည်ကြီးနီအလယ်တန်းကျောင်း၊ ချောက်မြို့ အမှတ်(၁)အထက်တန်းကျောင်းတို့မှာ အခြေခံပညာ သင်ယူခဲ့သည်။ ၁၉၆၆-ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင် သည်။

၁၉၆၆-ခုနှစ်မှ ၁၉၇၀-ပြည့်နှစ်အထိ မန္တလေး၊ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်တွင် ပညာဆက်လက်ဆည်းပူးသည်။၁၉၇၀-ပြည့် နှစ်တွင် ဝိဇ္ဇာဘွဲ့(စိတ်ပညာ)ကို ဂုဏ်ထူး၃-ဘာသာဖြင့်ပထမရ၍ အောင်မြင်ခဲ့သည်။၁၉၇၁-ခုနှစ်တပ်မတော်(ကြည်း)ဗိုလ်သင်တန်း ကျောင်း တက်ရောက်သည်။၁၉၇၂-ခုနှစ်မှာ တပ်မတော်(ကြည်း) ပြန်တမ်းဝင်အရာရှိ ဖြစ်သည်။ အမှတ်(၄၁) ခြေလျင်တပ်ရင်း၊ တပ်မတော်ဗိုလ်ရွေးအဖွဲ့၊ အမှတ်(၁၁၄)ခြေမြန်တပ်ရင်း၊ စစ်ဦးစီး တက္ကသိုလ်နှင့်မြဝတီစာပေတိုက်တို့တွင်တာဝန်ထမ်းဆောင်းခဲ့သည်။ ဗိုလ်မှူးနှင့် ဒုတိယဗိုလ်မှူးကြီးအဆင့်စစ်မှုထမ်းဘဝတွင်စစ်ပညာ သင်ယူရန်နှင့် လေ့လာရေးအဖြစ် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ ရောက်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။၂၀၀၀-ပြည့် နှစ်လွတ်လပ်ရေးနေ့တွင်စီမံထူးချွန်တံဆိပ်(ပထမအဆင့်)ရသည်။ ချစ်နိုင်(စိတ်ပညာ)ကလောင်အမည်ဖြင့်စာအုပ်များရေးသားသည်။ လူငယ်ဆိုင်ရာအမျိုးသားစာပေဆု ၁၉၉၆-ခုနှစ်က ရသည်။

# သေနင်္ဂဗျူဟာ အတတ်ပညာ

## မာတိကာ


| | | |
|---|---|---|
| - | စာရေးသူ၏ နိဒါန်း | ၁ |
| - | ဘာသာပြန်သူ၏ အမှာစာ | ၇ |
| - | ဆွန်ဇုနှင့် အပျိုတော်များ | ၁၂ |
| ၁။ | Estimates | ၁၉ |
| | စစ်ရေးသုံးသပ်ချက် | ၂၅ |
| ၂။ | Waging War | ၃၂ |
| | စစ်ပွဲဆင်နွှဲခြင်း | ၃၇ |
| ၃။ | Offensive Strategy | ၄၂ |
| | စစ်မဟာဗျူဟာထိုးစစ် | ၄၇ |
| ၄။ | Dispositions | ၅၃ |
| | တပ်ဖြန့်ခြင်း | ၅၇ |
| ၅။ | Energy | ၆၂ |
| | ဖွဲ့စည်းခြင်း | ၆၇ |
| ၆။ | Weaknesses and Strengths | ၇၃ |
| | အားသာချက် အားနည်းချက် | ၇၉ |

၇။ **Manoeuvre** ၈၇
**စစ်ကစားခြင်း** ၉၃

၈။ **The Nine Variables** ၁၀၁
**ကိန်းရှင် ၉ ခု** ၁၀၅

၉။ **Marches** ၁၁၀
**စစ်အင်အားစုရုံးခြင်း** ၁၁၉

၁၀။ **Terrain** ၁၂၈
**မြေပြင်အခြေအနေ** ၁၃၅

၁၁။ **The Nine Varieties of Ground** ၁၄၃
**အခြေအနေ ၉ မျိုး** ၁၅၅

၁၂။ **Attack by fire** ၁၇၀
**မီးနှင့်တိုက်ခိုက်ခြင်း** ၁၇၃

၁၃။ **Employment of Secret Agents** ၁၇၇
**ထောက်လှမ်းရေး** ၁၈၃

- **ကျမ်းကိုးစာရင်း**
- **ဝေါဟာရအညွှန်း**

# ဤ စာ အုပ် ကို ဘာ ကြောင့် ပြု စု ထုတ် ဝေ ရ သ နည်း

## စာရေးသူ၏နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်း ကျော်ရှိလေသည်။ နယ်မြေအကျယ်အဝန်းမှာ စတုရန်းမိုင် ၂, ၆သိန်းကျော် ရှိပေသည်။ ထို့ကြောင့် ပျမ်းမျှ အလျား ၁မိုင် × အနံ ၁မိုင် (တစ်စတုရန်းမိုင်အကျယ်) ဧရိယာအတွင်း လူဦးရေ ၂၀၀နှုန်း နေထိုင်ကြသည် ဆိုရမည်။ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေးတိုင်းတို့တွင် လူဦးရေ သိပ်သည်းသဖြင့် ပြည်နယ်နှင့် နယ်စပ်ဒေသများ၌မူ အမှန်တကယ် လူဦးရေသည် တစ်မိုင်အတွင်း လူ ၁၀၀ပင် မရှိကြပါ။

တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသော နယ်နိမိတ်ချင်း ဆက်စပ်နေသည့် အိမ်နီးချင်းတိုင်းပြည်များသည် လူဦးရေ အလွန်ထူထပ်သည်။ မြန်မာနိုင်ငံသားများထက် အဆများစွာ များပြားသည်။

တရုတ်ပြည်သည် အဏုမြူလက်နက်ပိုင်ဆိုင်ပြီး ဖွံ့ဖြိုး တိုးတက်မှုလည်း အရှိန်အဟုန်ကောင်းနေသည့် တိုင်းပြည် တစ်ခုဖြစ်၏။ အိန္ဒိယသည်လည်း အဏုမြူလက်နက်ပိုင်ဆိုင်ပြီး ဖွံ့ဖြိုး တိုးတက်မှုရှိသော တိုင်းပြည်ပင် ဖြစ်၏။ ထိုနိုင်ငံကြီး များသည် ရှေးနှစ်ပေါင်း ၃၀၀၀ကျော်ကပင် ယဉ်ကျေးမှု ထွန်းကားခဲ့ကြသဖြင့် သြဇာလည်း ရှိကြ၏။

မြန်မာလူမျိုးသည် မြန်မာနိုင်ငံကို ထိုပတ်ဝန်းကျင် အနေအထား၌ နှစ်ပေါင်းထောင်နှင့်ချီ၍ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ဟု ရပ်တည်ခိုင်မာနေနိုင်လာခြင်းသည် သာမန်မျှသော အရည် အချင်းမဟုတ်။ သွေးထဲမှာရှိသော ဇာတိမာန်ကြောင့်လည်း မှန် သည်။ သတ္တိရဲရဲနီသော အမျိုးကိုချစ်သည့်စိတ်နှင့်အတူ စစ် ပညာကို သူ့ခေတ် သူ့အခါနှင့်လျော်ညီစွာ တတ်မြောက်ကျွမ်း ကျင်ခဲ့ကြသဖြင့်လည်း ဖြစ်ပြန်၏။

ပွဲကျောင်းက သင်ကြားပေးလိုက်သည့် ဓားသိုင်း၊ တုတ်သိုင်း၊ လက်ဝှေ့ အတတ်ပညာများကို မြို့သားရော၊ တော သူတောင်သားပါ ငယ်စဉ်အခါကပင် တတ်မြောက်ကြသည်။ ဗေဒင်၊ ဆေးဝါး၊ မန္တရား၊ ဆန်း၊ အလင်္ကာ၊ နှုတ်မှုပညာ စသည်တို့အပြင် သေနင်္ဂဗျူဟာ စစ်အတတ်ပညာကိုလည်း သာမန်အားဖြင့် လေ့လာလိုက်စားတတ်ကြသည်။ ရှေးအခါက မြန်မာနိုင်ငံတွင် အမြဲတမ်း တပ်မတော်ဟူ၍မရှိ။ စိုက်ပျိုးရေး အဓိကလုပ်ကိုင်ကြသဖြင့် တောင်သူယာသမား ကျေးလက်နေ ပြည်သူများသာ ဖြစ်၏။ လူဦးရေကလည်း နည်းပါး၏။ နိုင်ငံ၏ ဓနငွေကြေးကလည်း မကြွယ်ဝ။

မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ ဂျာမနီထက်လည်း ကျယ်၏။ ပြင်သစ်ထက်လည်း ပို၍ကြီး၏။ အင်္ဂလန်၏ နှစ်ဆ နီးပါးရှိ၏။ ဂျပန်နိုင်ငံထက်လည်း ပိုမိုကျယ်ဝန်းပါသေးသည်။

သို့သော် လူဦးရေက နည်းသည်။ ကျဲသည်။ လယ် သမား၊ ယာသမား များသည်။ ထို့ကြောင့်ကျယ်ဝန်းသော နိုင်ငံ တော်ကို အနည်းငယ်သော ပြည်သူတို့က “ **ပြည်သူ့စစ်မဟာ ဗျူဟာ** ” ဖြင့် မိမိတို့ အခြေအနေနှင့် လိုက်လျောညီထွေစွာ ကာကွယ်ခဲ့ကြရလေ၏။ အမြဲတမ်း စစ်တပ်ကြီး မထားရှိ။

ယိုးဒယားစသော နိုင်ငံများက မခန့်လေးစားစော်ကား ရန်စလာခဲ့လျှင် ရာပြုမြို့၊ ထောင်ပြုမြို့က အရပ်သားများသည် စစ်သားဝင်လုပ်ကြ၏။ သောက္ကတဲ၊ ဇင်းမယ်၊ အယုဒ္ဓယစသည့် ဒေသသို့ အကြိမ်ကြိမ် စစ်ချီခဲ့ကြ၏။ ရောင်ထုံးနှင့် ပေါင်မှာထိုးကွင်းနှင့် ညိုညိုထွားထွား မြန်မာစစ်သည်တော်ကြီးများသည် တောင်သူယာသမားများ ဖြစ်ကြသည်နှင့်အညီ ရန်သူနှင့် တိုက်ရင်းခိုက်ရင်း စပါးစိုက်ကာ ယာထွန်ကာဖြင့် ထိုဒေသမှာ ကိုယ့်ရိက္ခာကို ကိုယ်ရှာ၍ စားတတ်ကြလေ၏။

မြောက်ဘက်က မွန်ဂိုတပ်တွေ ဝင်လာသည်။ တာတာတပ်တွေ ကျူးကျော်လာသည်ဆိုပါကလည်း ပြည်သူပြည်သားများထဲက လူငယ်လူရွယ်အားလုံး “ စစ်သား ” အဖြစ် စာရင်းသွင်းကာ မြင်းကိုစီး၊ ဆင်ကိုစီးလျက် နယ်စပ်အထိ နိုင်ငံ၏ တပ်တော်ကြီးနှင့် ခါးလှံထမ်းကာ ပျော်ပျော်ရွှင်ရွှင် လိုက်ပါကြ၏။ ကာကွယ်တိုက်ခိုက်ကြ၏။ မြန်မာကို လာမထိနှင့်။ ဒါမျိုး ဟေ့- ကြည့်။

သမိုင်းအစဉ်အလာတွင် မြန်မာနှင့် စစ်ပညာ၊ စစ်ပညာနှင့် မြန်မာပြည်သား၊ ခွဲခြား၍ မရနိုင်ချေ။

သို့သော် - ၁၈၂၄ မှ ၁၈၈၅ ကာလ (ဆယ့်ကိုးရာစု) အချိန်တွင်ကား စစ်ရေးအင်အား သာလွန်ရုံမျှမက စက်မှုစွမ်းပကားကြောင့် စီးပွားရေးအင်အားပါ အဆများစွာ သာလွန်သော နယ်ချဲ့တို့၏ အကြိမ်ကြိမ်ကျူးကျော်သိမ်းပိုက်တိုက်ခိုက်ခြင်းကို ခံကြရ၏။ ၁၈၈၅မှ ၁၉၄၈အထိ ဗြိတိသျှကိုလိုနီ၏ လက်အောက်သို့ရောက်ခဲ့ရ၏။ ထီးနန်းပျောက်ခဲ့၏။ လက်နက်စွမ်းပကားနှင့် စက်မှုအတတ်ပညာတို့တွင် ခေတ်နောက်ကျခဲ့သဖြင့် မယှဉ်နိုင်ခဲ့။

လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၅၀သည်လည်း အမျိုးသားနိုင်ငံတော်ကို ကိုယ့်မင်းကိုယ့်ချင်းထူထောင်နိုင်ပါသော်လည်း နိုင်ငံရေးခေါင်းဆောင်ချင်း စည်းလုံးညီညွတ်မှု ပြိုကွဲကာ လက်နက်ကိုင်တိုက်ပွဲများ၏ စစ်မီးလျှံအတွင်း၌ ထိရောက်စွာ မတိုးတက်လာနိုင်။

မကြာမီသော ဆယ်စုနှစ်မှာမှ နိုင်ငံတော်သည် စစ်ဘေးစစ်ဒဏ် ဆူပူမှုများကင်းဝေး၍ အေးချမ်းတည်ငြိမ်မှုကို ရခဲ့၏။ ငြိမ်းချမ်းရေးကာလ၌ တည်ဆောက်ရေးတွေ ဖောက်ချလုပ်ကြ၏။ ဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်နေကြ၏။ သို့ရာတွင် ကမ္ဘာ့နိုင်ငံတကာ မိုးရိပ်လေရိပ်မှာ သတိပြုစရာတွေ မြင်ရသည်။

စစ်တွေဝေးပြီဟု သွေးမအေးသင့်ချေ။

နှစ်ပေါင်းထောင်နှင့်ချီ၍ စစ်ပညာ စစ်အတတ်ကို အလေးထားဆည်းပူးတတ်မြောက်ခဲ့ကြသော မိမိတို့ မြန်မာများသည် အနီးမှဖြစ်စေ၊ အဝေးမှဖြစ်စေ ဖျက်လိုဖျက်ဆီး သိမ်းပိုက်ချယ်လှယ်ချင်သော ရန်စွယ်အန္တရာယ်ကြီးတွေကို ကြိုတင်တွက်ဆတတ်ရပေလိမ့်မည်။ ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲတတ်သော " **ပြည်သူ့စစ်မဟာဗျူဟာ** " ကို အစဉ်တစိုက်ကျင့်သုံးခဲ့သော နိုင်ငံသားများအနေဖြင့် စစ်ရေးသတိရှိအပ်လှပါသည်။

- စီးပွားရေးအရ ပိတ်ဆို့ခြင်း
- သံတမန်ရေးအရ ဝိုင်းပယ်ခြင်း
- နိုင်ငံရေးအရ ဖိအားပေးခြင်း
- အဖျက်လုပ်ငန်းများ အားပေးခြင်း

- လုပ်ကြံဝါဒဖြန့် သိက္ခာချစော်ကားသော ရေဒီယို၊ ရုပ်သံ၊ စာနယ်ဇင်းတို့ဖြင့် ထိုးနှက်ပုတ်ခတ်ခြင်း၊ သွေးခွဲခြင်း၊ အမှန်အမှားရောမွှေ၍ စိတ်လှုပ်ရှားအောင် ဆွခြင်း
- သူလျှိုဒလံ မွေးမြူလျက် အဖျက်အမှောက် လုပ်ငန်းများ ထိုးဖောက်လုပ်ဆောင်ရန် ကြိုးစားခြင်း
- စစ်ရေးအရ အနှောက်အယှက်ပေးခြင်း
- ကုန်သွယ်ရေးအရ တားမြစ်ပိတ်ပင်ခြင်း

အစရှိသဖြင့် မိမိနိုင်ငံတော်၏ အကျိုးစီးပွားကို ပျက်ပြားအောင် ထိပါးနှောက်ယှက်ဟန့်တားသူမှန်သမျှကို ထိထိမိမိ ပြင်းပြင်းထန်ထန် တုံ့ပြန်ချေမှုန်းနိုင်စွမ်း ရှိရပါလိမ့်မည်။ အဆိပ်မရှိသော ယုန်၊ သမင် စသည်တို့ကို အလွယ်တကူ ဖမ်းဆီးသတ်ဖြတ်စားသောက်ကြသော်လည်း အဆိပ်ရှိသော မြွေပွေး၊ မြွေဟောက်ကိုမူ လူတွေက ကြောက်ကြသည်။ ချက်စားရင်ကောင်းမှာပဲဟု သွားရည်ကျချင်သော်လည်း သူ၏ အဆိပ် ကိုမူကြောက်လန့်သည်။ ဝေးဝေးက ရှောင်ကြသည်။

အလုံးစုံသော သေနင်္ဂဗျူဟာ အတတ်ပညာဟူသမျှ အားလုံးတို့သည် “ **လှည့်စားခြင်း** ” အပေါ် အခြေခံသည်ဟူသော သဘောတရားနှင့်အညီ ရန်သူသည် လှည့်စားဖျားယောင်းခြင်း အမျိုးမျိုးဖြင့် မိမိတို့နိုင်ငံသားများကို ဖြိုခွဲလျက် ရှိနေ၏။ ကောင်းစေလိုဟန်ဆောင်လျက် ပျက်ပြားအောင် ဖျက်ဆီးနေ၏။ နိမ့်ကျအောင် ဖိနှိပ်နေကြ၏။ ကြောက်လန့်အောင် ခြိမ်းခြောက်နေ၏။ စစ်သဘောတရားကို နားမလည်သူ အချို့တို့က မသိ။ အငိုက်မိကာ ရန်သူ့အလိုအကြိုက်သို့ လိုက်ပါမိတတ်၏။

စစ်ပရိယာယ်ကို နားလည်အပ်ပါသည်။ ငါးကြင်းဆီနှင့် ငါးကြင်းအကြော်ခံမလား။

မြန်မာနိုင်ငံသား လူငယ်များသည် လူဦးရေ နည်းပါးပြီး အတန်အသင့် ကျယ်ဝန်းကာ သယံဇာတကြွယ်ဝသည့် အမိနိုင်ငံတော်ကို အခွန့်ရှည်စွာ ခိုင်မာတည်တံ့ရေးအတွက် ရှေးရှေးသော မြန်မာလူငယ်များကဲ့သို့ပင် သေနင်္ဗျူဟာ အတတ်ပညာကို စိတ်ပါဝင်စားသင့်ပါကြောင်း တိုက်တွန်းအကြံပြုလိုပေသည်။

တရုတ်ပြည် ဘီစီ ၃၀၀ခန့်က ပေါ်ပေါက်ခဲ့သော စွန်းဝူ(ခေါ်) ဆွန်ဇု(ခေါ်) ဆွန်ဇီအမည်ရှိ စစ်သူကြီး၊ စစ်ပညာရှင်ပြုစုခဲ့သည့် စစ်ပညာကျမ်းသည် နှစ်ကာလ ၂၃၀၀ကျော်ကြာညောင်းခဲ့သော်ငြားလည်း ဂျပန်၊ ပြင်သစ်၊ ရုရှား၊ အင်္ဂလိပ်ဘာသာများသို့ ပြန်ဆိုပြီး ကျော်ကြားလျက် ရှိပါ၏။ မြန်မာလူငယ်များ ဖတ်ရှုနားလည်ထားသော် နိုင်ငံတကာနှင့် ရင်ပေါင်တန်း အသိအမြင် ရရှိကြပေလိမ့်မည်။ လုံခြုံရေးအရသတိရှိနိုင်ကြပါမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အရည်အချင်းပြည့်ဝပြီး နိုးကြားကြပါလိမ့်မည်။ အန္တရာယ်ရန်စွယ်များကို ကြိုတင်သိမြင်နားလည်ကြလိမ့်မည်။ ထို့ကြောင့်ဤကျမ်းကို လွယ်ကူရှင်းလင်းစွာ မြန်မာဘာသာပြန်ဆို ပြုစုရပေသည်။ လူငယ်များ စစ်အမြင် ရှိကြပါစေ။

ချစ်နိုင်(စိတ်ပညာ)

၁၅-၇-၂၀၀၃

# တရုတ်စစ်ဘက်ဆိုင်ရာ ဂန္ထဝင်စာပေ

# သေနင်္ဂဗျူဟာ အတတ်ပညာ

## ဘာသာပြန်သူ၏ အမှာစာ

လူမျိုးနွယ်စုများ တိုက်ပွဲမှသည် အဏုမြူစစ်ပွဲအထိ၊ စစ်သည် လူ့သမိုင်းတစ်လျှောက်တွင် လူသားတို့ မဖြစ်မနေ ရင်ဆိုင်ဖြတ်သန်းရသော အရာဖြစ်လေသည်။ အတိတ်ကာလ မှာရော ပစ္စုပ္ပန် အချိန်မှာပါ စစ်အတတ်ပညာသည် လူမျိုး တိုင်း၊ နိုင်ငံတိုင်းအတွက် အချက်အချာအရေးပါ နေကြောင်း မည်သူမဆို သိမြင်နားလည်နိုင်ကြပေသည်။ ခေတ်အဆက် ဆက်တွင် ပေါ်ထွန်းထင်ရှားခဲ့ကြသော စစ်ခေါင်းဆောင်များ အနက်တွင် မဟာအလက်ဇန္ဒားဘုရင် (၃၅၆-၃၂၃ဘီစီ)၊ ဂျင်ဂစ်ခန်(၁၁၆၁-၁၂၂၇)၊ တို့သည် ရှေးခေတ် သမိုင်း၌ ထင် ရှား၏။ ဒုတိယကမ္ဘာစစ်တွင် အိုက်စင်ဟောင်ဝါ၊ မက်အာသာ၊ မောင်ဂိုမာရီ၊ အာဝင်ရွှန်းမဲလ် စသည်တို့သည် ကျော်ကြားခဲ့၏။ ဗီယက်နမ်မှ ဗိုလ်ချုပ်ကြီးဗိုငုယင်ဂီယက်၊ ကျူးဘားနိုင်ငံမှ ဖီဒယ်ကတ်စထရို၊ အာနက်စတို ချေဂွေဗာရာ၊ တရုတ်ပြည်မှ မော်စီတုံး၊ ချူတေး၊ လင်ပြောင် စသည်တို့သည် တော်လှန် ရေးစစ်ပွဲများ အောင်မြင်သဖြင့် ထင်ရှားခဲ့ကြ၏။

ပင်လယ်ကွေ့စစ်ပွဲကို ဆင်နွှဲခဲ့သော အမေရိကန် တပ်မတော်မှ နော်မန်ရှဝါဇကော့ဖ်၊ ကိုလင်းပိုဝဲလ်(ယခု အမေ ရိကန်နိုင်ငံခြားရေး ဝန်ကြီး)စသည်တို့သည် တိုက်ပွဲ စစ်မြေပြင်

ကြောင့် ထင်ရှားခဲ့ကြ၏။ တရုတ်လူမျိုးတို့အဖို့ရာ၌ စစ်မဟာဗျူဟာရေးရာ ပြောဆိုလာမည်ဆိုပါက ခရစ်တော်မပေါ်မီ (၄၇၅-၂၁၄ဘီစီ) ကာလလောက်က စစ်ဖြစ်နေကြသော ပြည်နယ်များခေတ်အခါမှာ ပေါ်ထွန်းခဲ့ဖူးသော စစ်ပါရဂူ စစ်သူကြီးစွန်းဝူ(ခေါ်)ဆွန်ဇီ(ခေါ်) ဆွန်ဇု၏ အဆိုအမိန့်မပါလျှင် ပြည့်စုံလိမ့်မည်မထင်ချေ။ တရုတ်ပြည်တွင်းရော ပြည်ပမှာပါ ဆွန်ဇု၏ သေနင်္ဂဗျူဟာ စစ်အတတ်ပညာကျမ်းသည် နှစ်ပေါင်း ၂၃၀၀ကျော်ကို ဖြတ်သန်းလျက် မျက်မှောက်ကာလတိုင်အောင် စစ်ရေးစစ်ရာ စစ်အတတ်ပညာ၌ ပြိုင်စံမပေါ်ကျော်ကြားဆဲဖြစ်လေသည်။

ဤကဲ့သို့ တရုတ်လူမျိုးတို့ စွဲမြဲစွာလေးစား ဂုဏ်ယူခဲ့ကြခြင်းမှာ ဆွန်ဇုသည် (၁) ကမ္ဘာပေါ်တွင် အစောဆုံး စစ်ပညာကျမ်းပြုစုသူဖြစ်သည် (၂) စကားလုံး ၅၆၀၀ပါဝင်သော ထိုဂန္ထဝင်စစ်ပညာကျမ်းသည် တိုက်ပွဲတွင် လက်တွေ့မည်ကဲ့သို့ အောင်မြင်အောင် တိုက်ရမည်ဟူ သော လျှို့ဝှက်ချက်များကို တိကျစွာ ဖော်ပြရှင်းလင်းထားသည်။ (၃) ထိုစစ်နည်းဗျူဟာ၊ စစ်မဟာဗျူဟာများသည် ထိုခေတ်ကာလအတွက်သာ မှန်ကန်အကျိုးပြုခဲ့ရုံမျှမက ယနေ့ခေတ် စစ်ရေးစစ်ရာတွင် အသုံးချလျှင်လည်း များစွာထိရောက်အောင်မြင်နေသောကြောင့်လည်း ဖြစ်ပေသည်။

သေနင်္ဂဗျူဟာ စစ်ရေးစစ်ရာနှင့် ပတ်သက်၍ ကားလ် ဗွန် ကလော့ဇ်ဝစ်ဇ်(၁၇၈၀-၁၈၃၁)၊ ဘီ၊ အိပ်ခ်ျ၊ လစ်ဒယ်လ်ဟတ်(၁၈၉၅-၁၉၇၇)အစရှိသော စစ်ပါရဂူ စစ်ပညာရှင်များ ရေးသားပြုစုခဲ့ကြသည့် စစ်ကျမ်းအဆူဆူရှိသော်လည်း ဆွန်ဇု၏ ဂန္ထဝင်စစ်အတတ်ပညာကဲ့သို့ တိုတိုရှင်း

ရှင်းနှင့် (ခေတ်တိုင်းကို ထွင်းဖောက်တည်တံ့ပြီး ခိုင်မာစွာ မှန်ကန်နေအောင်) မစွမ်းဆောင်နိုင်ကြပါချေ။ သို့ဖြစ်၍ ကမ္ဘာ့ စစ်စာပေနှင့် ပတ်သက်ပါက ဆွန်ဇု၏ စစ်ပညာကို မည်သူမှ ချန်လှပ်ထား၍ မရနိုင်ခဲ့ပေ။

အမေရိကန်ပြည်ထောင်စု၊ ဂရိတ်ဗြိတိန်၊ ဂျာမဏီ၊ ပြင်သစ် အစရှိသည့် အနောက်တိုင်းနိုင်ငံများစွာရှိ စစ် တက္ကသိုလ်၊ စစ်ကျောင်းကြီးများအားလုံးတွင် တပ်မတော် အရာရှိကြီးများမှအစ အရာရှိငယ်များ၊ ဗိုလ်လောင်းများ မသင် မနေရ၊ မဖတ် မနေရ၊ လေ့လာကြရသော စစ်ပညာကျမ်းကား ဆွန်ဇု၏ " **သေနင်္ဗျူဟာ စစ်အတတ်ပညာ** " (THE ART OF WAR) ဖြစ်လေသည်။ နိုင်ငံတိုင်းရှိ စစ်ဘက်တက္ကသိုလ် အသီးသီး၏ ပြဋ္ဌာန်းချက်ကျမ်းစာအုပ်ပင်ဖြစ်ချေသည်။

စာအုပ်က ပါးပါးလေးသာဖြစ်၏။

အခန်း (၁၃)ခန်းမျှသာ ပါဝင်၏။

သို့သော် ထိုစာအုပ်သည် တိုက်ပွဲဝင်အောင်မြင်မှုကို ပြည့်ပြည့်ဝဝပေးနိုင်၏။ စစ်၏ အခြေခံအနှစ်သာရ ဥပဒေသ တို့ကို တိတိကျကျ ဖော်ပြထား၏။ စာအုပ်က သေးငယ်သော် လည်း ကျယ်ဝန်းနက်နဲသော အကြောင်းအရာများစွာကို ခြုံငုံ မိ၏။ စစ်ဘက်စည်းကမ်းထိန်း သိမ်းရေး၊ အုပ်ချုပ်ထောက်ပံ့ရေး၊ စစ်မဟာဗျူဟာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ သံတမန်ရေးရာ ပရိယာယ်၊ စစ်မြေပြင်အမျိုးအစား၊ သူလျှိုနှင့် ထောက်လှမ်းရေး။ ဘက်စုံပြည့်စုံလှသည်။

စစ်ရေးစစ်ရာ ပြဿနာများ၊ အခက်အခဲ၊ အကျပ် အတည်းများ၊ အကြောင်းအားလုံး အကျုံးဝင်စွာ ဖော်ပြထား သည်။ ယင်းတို့ကို မည်ကဲ့သို့ ဖြေရှင်းကျော်နင်းအောင်မြင်နိုင်

သည်ကို ရှင်းလင်းစွာသော အမြင်ဖြင့် သေချာပေါက် အောင်နိုင်စေမည့် နည်းနာများကို ရေးသားထားခဲ့သည်။

မျက်မှောက်ခေတ်တွင်ကား ဆွန်ဇု၏ စစ်ပညာကို ဥပမာပြ၍ ပျောက်ကင်းသော ဆေးဝါးသဖွယ် အနယ်နယ် အရပ်ရပ်၌ ကျယ်ပြန့်စွာ မှီငြမ်းဆွဲယူသုံးစွဲပြီး အောင်မြင်မှုများ လက်တွေ့ရနေကြလေပြီ။ ပေါင်းသင်းဆက်ဆံရေး၊ သံတမန်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားကုန်သွယ်ရေးစသည့်နယ်ပယ် အသီးသီးမှာပင် ဆွန်ဇုစစ်မဟာဗျူဟာ၏ နည်းနာတို့ကို အသုံးပြုလျက် အောင်မြင်မှုသရဖူ ဆောင်းနေကြသူတွေလည်း များလှပေပြီ။

ဂျပန်နိုင်ငံသို့ ဆွန်ဇု၏ စစ်ပညာကျမ်းဘာသာပြန်သည် အေဒီ ၆၁၈-၉၀၆ကာလ တန်မင်းဆက်လက်ထက် ၇၁၆ ခန့်တွင် ရောက်ရှိခဲ့သည်။ ဥရောပတိုက်သို့ကား ၁၇၇၂ ခုနှစ်တွင် ခရစ်ယန်ဘုန်းကြီးပဲရယ်အယ်မိုက် (Pere Amoit) တရုတ်ဘာသာမှ ပြင်သစ်ဘာသာသို့ ပြန်သဖြင့် ရောက်ရှိသွားခဲ့သည်။ ယင်းစာအုပ်ကို နပိုလီယန်သည် ဖတ်ရှုအသုံးချခဲ့သည်ဟု ပညာရှင်များက ယူဆကြသည်။ ရုရှားဘာသာသို့မူ ၁၈၀၀ ပြည့်နှစ်ခန့် ဘာသာပြန်ခဲ့သည်ဟု သိရ၏။

၁၉၀၅ခုနှစ်တွင် ဂျပန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဗြိတိသျှ စစ်ဗိုလ်၊ ကားလ်သရော့ပ် Capt E,F.Calthrop က ဘာသာပြန်ခဲ့သည်။ ဗြိတိသျှပြတိုက်မှူး လီယွန်နယ်ဂိုင်းစ် Lionel Giles က ၁၉၁၀ခုနှစ်တွင် တရုတ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ထို့ပြင် တရုတ်စာပေ ပညာရှင် ချိန်လင်းဘာသာပြန်သောမူ၊ တန်ဆီချန်း ဘာသာပြန်သောမူဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ၂ စောင်သည်လည်း အသီးသီး ထင်ရှားကြသည်ဆို၏။

ဆိုင်ချိုချွန်း၏ မူကိုလည်း တိုင်ဝမ်ထုတ်စာအုပ်အဖြစ် အင်္ဂလိပ်ဘာသာဖြင့် လွယ်ကူရှင်းလင်းစွာ တွေ့ရဖူးသည်။ စကၤာပူ စထရိတ်တိုင်းသတင်းစာ၏ သတင်းစာအယ်ဒီတာ လုံဝေကန်က တည်းဖြတ်ထားခြင်းဖြစ်သည်။ စကၤာပူတွင် ၁၉၉၁ခုနှစ် ထုတ်ဝေခဲ့ သည်။

ဤစာအုပ်ကို ဘာသာပြန်သူသည် မူရင်းတရုတ်စာကို မတတ်ပါ။ အင်္ဂလိပ်ဘာသာဖြင့် စစ်ပညာကို ဖတ်ရှုလေ့လာခဲ့သည်ကား နှစ်ပေါင်း နှစ်ဆယ်မျှ ရှိခဲ့ပါသည်။

Sir B.H. Liddell Hart လစ်ဒယ်လ်ဟတ်နိဒါန်း ရေးသားထားသည့် အမေရိကန်ပြည်ထောင်စု၊ ကမ်းတက်တပ်ဖွဲ့တပ်မတော်မှ ဗိုလ်မှူးချုပ် Samuel B. Griffith ဆင်မြူယယ်၊ ဘီ၊ ဂရစ်ဖစ်၏ ၁၉၆၀ ပြည့်နှစ် အောက်စဖို့တက္ကသိုလ်တွင် သူ Ph.D ဒေါက်တာဘွဲ့ ယူရန် ပြုစုတင်သွင်းခဲ့သော ကျမ်းစာ၊ ဘွဲ့ယူစာတမ်းကို အဓိက အခြေပြုပြီး ဘာသာပြန်ဆိုပါသည်။ တိုင်ဝမ်ဇာတိ တရုတ်ပညာရှင် ဆိုင်ချိုချွန်း၏ မူကိုလည်း တိုက်ဆိုင်ညှိနှိုင်းပါသည်။ ဆွန်ဇူ၏ မူရင်းနှင့် အနှစ် သာရ အနီးစပ်ဆုံး အဓိပ္ပါယ်ကို ရရှိလိမ့်မည်ဟု ယုံကြည်ပါသည်။

တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိနိုင်ကောင်းသည့် လုပ်ငန်းတာဝန် တစ်ရပ်ကို မိမိစွမ်းသမျှ ပါဝင်ထမ်းဆောင်ခြင်းမျှသာ ဖြစ်ပါသည်။ နိုင်ငံတကာ စစ်မှုရေးရာ ဗဟုသုတ ရရှိကြပါစေ။

**ချစ်နိုင်(စိတ်ပညာ)**

**၁၉-၇-၂၀၀၃**

# ဆွန်ဇုနှင့် အပျိုတော်များ



ကမ္ဘာတစ်ဝန်းတွင် ဆွန်ဇုဟူ၍ ကျော်ကြား ထင်ရှားနေသော စွန်းဝူကို ခရစ်တော်မပေါ်မီ နှစ် ၅၀၀ခန့်က မွေးဖွား၏။ တရုတ်နိုင်ငံ၊ ကွီပြည်နယ်သားဖြစ်သည်။ ဆွန်ဇုသည် " **သေနင်္ဗျူဟာ စစ်အတတ် ပညာ** " ကျမ်းကို ရေးသားခဲ့သည်။ ဘီစီ ၄၇၆-၂၂၁ အတွင်း ပြည်နယ် အချင်းချင်း စစ်ခင်းနေကြ သောခေတ်တွင် သူသည် ဝူပြည်နယ်မှာ မင်းမှုထမ်း တာဝန် ထမ်း ဆောင်ခဲ့လေသည်။ အခန်း(၁၃)ခုပါသော သူ၏ စစ် ပညာကျမ်းသည် နာမည်ကြီးသည်။ ထိုကျမ်းကို ဝူပြည်နယ်၏ မင်းသား ဝူဟောလူက ဖတ်ရှုပြီး လွန်စွာသဘောကျလှသဖြင့် ဆွန်ဇုအား နန်းတော်သို့ ဖိတ်ခေါ်တွေ့ဆုံသည်။

" စွမ်းဝူ (ဆွန်ဇု) ရေးသားထားတာ တော်တော် ရှင်းလင်း ပြည့်စုံတယ်။ ကျွန်ုပ် ၁၃ခန်းလုံးဖတ်ပြီးပြီ၊ ကောင်းတယ် "

" ဝမ်းမြောက်ပါတယ် ဘုရား "

" ဒီထဲက အတိုင်း ငါရဲ့ တပ်တော်တွေကို ကျင့်သုံးစေရင် ရနိုင်မလား "

" ရနိုင်တာပေါ့ ဘုရား "

“ ကောင်းပြီ၊ ရံရွေတော်၊ မိန်းကလေးတွေကို ကျင့်သုံးကြည့်ရင်ကော ရနိုင်မလား ”

“ ရနိုင်ပါတယ် ဘုရား ”

“ သေချာရဲ့လား ”

“ သေချာပါတယ် ဘုရား ”

ကဲမျက်မြင်ဒိဋ္ဌ စမ်းသပ်လို့ရတယ်ဆိုရင် နန်းတော်ထဲက မောင်းမမိဿံ အမျိုးသမီး ၁၈၀ ထွက်စေ။ ဆင့်ခေါ်စုရုံး၍ ဆွန်ဇု၏ စစ်ကျမ်းထဲက သင်ခန်းစာအတိုင်း အသုံးချ၍ ရအောင်လုပ်ဆောင်စေ၏။ အာဏာကုန် လွှဲအပ်လိုက်လေ၏။ ဆွန်ဇုသည် စစ်ရေးပြကွင်း (ယခုခေတ် ဘော်လုံးကွင်းမြက်ခင်းပြင်)အတွင်း အမျိုးသမီးများအား တပ်ဖွဲ့နှစ်ဖွဲ့ ခွဲလိုက်၏။ တစ်ဖွဲ့ တစ်ဖွဲ့စီကို မင်းသား အမြတ်နိုးဆုံး ကိုယ်လုပ်တော် အမျိုးသမီး နှစ်ဦးအား တစ်ဦးစီခွဲ၍ ဦးစီးခေါင်းဆောင်အဖြစ် တာဝန်ပေးလိုက်၏။ အဖွဲ့ဝင်အမျိုးသမီး တစ်ရာ့ရှစ်ဆယ်တို့အား လှံလက်နက်များ အသီးသီး ပေးအပ်လိုက်ပြီးနောက် ဆွန်ဇုက မေးသည်-

“ ရှေ့ဘက်၊ နောက်ဘက်၊ ဘယ်ဘက်၊ ညာဘက် ဆိုတာ တွေကို မယ်မင်းတို့ သိကြရဲ့လား ”

“ သိပါတယ် ” ဟု အမျိုးသမီးအားလုံးကပင် တစ်ပြိုင်ထဲ အော်၍ ဖြေဆိုကြသည်။ ကောင်းပြီ။ ထို့နောက် ဆွန်ဇုက ဆက်၍ ပြောလိုက်သည်-

“ ငါက ‘ ရှေ့ဘက် ’ လို့ အမိန့်ပေးတဲ့အခါ မယ်မင်းတို့က ရှေ့တည့်တည့်ကို မျက်နှာမူကြရမယ်။ ‘ ဘယ်ဘက်လှည့် ’ လို့ အမိန့် ပေးတဲ့အခါ ဘယ်ဘက်ကို မျက်နှာမူကြရမယ်။ ‘ ညာဘက်လှည့် ’လို့ အမိန့်ပေးတဲ့အခါ ညာဘက်ကို

မျက်နှာမူ ကြရမည်။ ‘နောက်ဘက်’ လို့အမိန့်ပေးတဲ့အခါ နောက်ကျောဘက်ကို လှည့်ကြရမယ် ”

အမျိုးသမီးအားလုံးက သဘောတူခေါင်းညိတ်ကြသည်။ ဆွန်ဇုက သူ၏ စည်းကမ်းကြီးမှုကို အလေးအနက်ပြုသည့် သဘောဖြင့် လက်မရွံ့အာဏာသားအား ဓားလက်နက်နှင့် အသင့်ရှိနေစေသည်။ ထို့နောက် စစ်စည်တီး၍ စစ်ရေးလေ့ကျင့်ပွဲ စတင်ပြုလုပ်သည်။ အမိန့်သံပေါ်ထွက်လာသည်။ သို့သော် အမျိုးသမီးတွေအားလုံး တစ်ယောက်မှ နေရာမရွေ့ဘဲ တဟားဟားနှင့် ရယ်သာ ရယ်နေကြသည်။

ဤတွင် အမိန့်ပေးမှု မရှင်းလင်းသောကြောင့် တပ်ဖွဲ့ဝင်များ နားမလည်ကြခြင်း ဖြစ်ကြောင်း၊ ယင်းသို့ နားမလည်ခြင်းအတွက် အမိန့်ပေးသူတွင် အပြစ်ရှိကြောင်း ဆွန်ဇုက စိတ်ရှည်စွာ ရှင်းပြသည်။ ထို့နောက် နောက်တစ်ကြိမ် ထပ်မံလေ့ကျင့်ရန် သူက ညွှန်ကြား၏။

ဒုတိယအကြိမ် စစ်စည်စစ်မောင်းများတီးခတ်ကာ ထပ်မံအမိန့်ပေးပြန်သည်။ ဤအကြိမ်တွင်လည်း အမျိုးသမီးတွေက စစ်ရေးလေ့ကျင့်မှု မပြုလုပ်ဘဲ ဟားတိုက်၍သာရယ်နေကြပြန်၏။ သို့ဖြင့် ဆွန်ဇုက ပြောသည်။

“ အမိန့်ပေးမှု မရှင်းလင်းတဲ့အတွက် နားမလည်ကြခြင်း ဖြစ်တယ်။ ဒီအတွက် အမိန့်ပေးသူမှာ အပြစ်ရှိတယ်၊ အမိန့်ပေးမှု ရှင်းလင်းပေမယ့် တပ်ဖွဲ့ဝင်တွေက လိုက်နာမှုမရှိရင်လဲ အဲဒီအတွက် သူတို့ကို ကြီးကြပ်ကွပ်ကဲတဲ့ အရာရှိတွေမှာ အပြစ်ရှိတယ် ”

ဆွန်ဇုက ယင်းသို့ပြောပြီးနောက် တပ်ဖွဲ့ နှစ်ဖွဲ့ကို ဦးဆောင် ကွပ်ကဲရသော ကိုယ်လုပ်တော် အမျိုးသမီးနှစ်ဦးအား

“ **ကွပ်မျက်ရန် ခေါ်ထုတ်သွားကြ** ” ဟု အမိန့်ပေးလိုက်၏။

ဤတွင် စစ်ရေးလေ့ကျင့်ပွဲကို မဏ္ဍပ်ဆောင် စင်မြင့်ပေါ်မှ ကြည့်ရှုနေသော မင်းသား ဟေ-လူသည် သူအနှစ်သက်ဆုံး ကိုယ်လုပ်တော် နှစ်ဦးအား ကွပ်မျက်ရန် ခေါ်ထုတ်သွားသည်ကို မြင်ရသောအခါ အလွန်စိတ်မချမ်းမသာ ဖြစ်မိသောကြောင့် အောက်ပါ စာချွန်တော်ကို ဆွန်ဇုထံသို့ ပေးပို့လိုက်လေသည်။

“ စစ်သူကြီး စစ်ရေးပြအလွန်ကျွမ်းကျင်ကြောင်း ကျွန်ုပ်ယုံကြည်သည်။ သို့ရာတွင် ကိုယ်လုပ်တော် မောင်းမနှစ်ယောက်မရှိတော့လျှင် ကျွန်ုပ်၏ စားတော်ပွဲမှာ အရသာရှိတော့မည် မဟုတ်ချေ။ ထို့ကြောင့် ၎င်းတို့အား အသက်ချမ်းသာခွင့်ပေးစေလိုသည်။ ”

ထိုအခါ ဆွန်ဇုက မိမိသည် တပ်ဖွဲ့များအား ဦးဆောင် ကွပ်ကဲ၍ စစ်ရေးပြခွင့်ကို မင်းသားထံမှ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အခြေအနေအရ လိုအပ်လျှင် မိမိအနေဖြင့် မင်းသား၏ အမိန့်အာဏာကိုပင်လျှင် ဖီဆန်၍ လုပ်ဆောင်နိုင်ခွင့် ရှိကြောင်း ပြန်ကြားလိုက်၏။ ထို့နောက်စံနမူနာ အဖြစ်ဖြင့် တပ်ဖွဲ့ခေါင်းဆောင် ကိုယ်လုပ်တော် မောင်းမနှစ်ယောက်အား ဦးခေါင်းဖြတ်၍ ကွပ်မျက်စေသည်။ ၎င်းတို့ နေရာတွင် နောက်ထပ် ကိုယ်လုပ်တော် မောင်းမနှစ်ယောက်ကို အစားထိုးခန့်ထားကာ တပ်ဖွဲ့များကို ဦးဆောင်စေသည်။

ထို့နောက် စစ်ရေးပြပွဲကို ဆက်လက်ပြုလုပ်ရာ အလုံးစုံ ချောမောအောင်မြင်သည်။ တပ်ဖွဲ့ဝင် အမျိုးသမီးအားလုံးပင် ဘယ်ဘက်သို့လှည့်ခြင်း၊ ညာဘက်သို့ လှည့်ခြင်း၊ ရှေ့ဘက်သို့လှည့်ခြင်း၊ နောက်ဘက်သို့လှည့်ခြင်း၊ ဒူးထောက်

ထိုင်ခြင်း၊ ပြန်ထခြင်းတို့ကို ရယ်မောခြင်း သို့မဟုတ် မကျေနပ်သည့် အမူအရာပြခြင်း လုံးဝမရှိဘဲ ကျိုးနွံစွာ လုပ်ဆောင်ကြသည်။

ထို့နောက်စည်းကမ်းတကျ စစ်ရေးပြလေ့ကျင့်ထားပြီးသော တပ်ဖွဲ့များအား မင်းသားကိုယ်တိုင် ကြွရောက်စစ်ဆေးပါမည့်အကြောင်း စေတမန်လွှတ်၍ လျှောက်တင်စေသည်။ မင်းသားကြည့်ရှုလျှင် ရံရွှေတော် တပ်ခွဲ စွမ်းရည်သရုပ်ပြဖြတ်ကျော်ရန်အတွက် ရေနှင့်မီး အတားအဆီးများ ကိုပင် ပြင်ဆင်ထားစေ၏။

သို့သော်လည်း မင်းသားဟေလူသည် တပ်ဖွဲ့များအား ကိုယ်တိုင်ကြွရောက် စစ်ဆေးခြင်း မပြုခဲ့ချေ။ ထိုအခါဆွန်ဇုက

" မင်းသားဟာ စကားပြောဖို့လောက်ကိုသာ နှစ်သက်သူ ဖြစ်တယ်၊ သို့ပေမယ့် အဲဒီစကားကို လက်တွေ့အကောင်အထည် ဖော်တဲ့ အလုပ်ကိုတော့ သူမလုပ်နိုင်ရှာဘူး "

ဟူ၍ မှတ်ချက်ချ ပြောဆိုလိုက်လေသည်။

ဤတွင် မင်းသားသည် ဆွန်ဇု၏ မှတ်ချက်ချစကားကြောင့် အရှက်ကြီး ရှက်သွားမိလေ၏။ သို့သော်လည်း မင်းသားက ဆွန်ဇု၏ အစွမ်းအစကို အသိအမှတ်ပြုသောကြောင့် ဆွန်ဇုအား " **ဝူ** "တပ်မတော်၏ စစ်သူကြီးအဖြစ် ချက်ချင်းပင် ခန့်အပ်လိုက်လေသည်။

ခရစ်တော်မပေါ်မီ သက္ကရာဇ် ၅၀၆ ခုနှစ်အတွင်း ဆွန်ဇုသည် " ဇု " (Zhu) ပြည်နယ်အား ငါးကြိမ်တိုင်တိုင် စစ်ချီတိုက်ခိုက်ခဲ့သည်။ " ဇူ " ပြည်နယ်က " ဝူ " ပြည်နယ်

အား လက်အောက်ခံ ပြည်နယ်အဖြစ် သတ်မှတ်ထားခြင်းကို မကျေနပ်သောကြောင့် ဖြစ်၏။ နောက်ဆုံးတွင် ဆွန်ဇု၏ တပ်မတော်က အောင်ပွဲခံပြီး " ဇူ " ပြည်နယ်၏ မြို့တော် ဖြစ်သော " ယင် - ဒူ " (Ying-du) ကို သိမ်းပိုက်လိုက်သည်။ " ဇူ " ပြည်နယ်၏ ဘုရင်ဖြစ်သူ " ဇာအို " (Zhao) မှာ စစ်ဒဏ်ကို ထောင်းထောင်းကြေမျှ ခံခဲ့ရသော သူ့ပြည်နယ်အား စွန့်ခွာကာ ထွက်ပြေးသွားရလေသည်။

ထိုမှ နောက်နှစ်ပေါင်း ၂၀လုံးလုံး ဆွန်ဇု ကွပ်ကဲ ဦးစီးသော " ဝူ " တပ်မတော်သည် အိမ်နီးချင်းပြည်နယ်များ ဖြစ်သော " ကွီ " (Qi) ပြည်နယ်၊ " ကွင် " (Qin) ပြည်နယ်နှင့် " ယူး " (Yue) ပြည်နယ်တို့ကို ဆက်တိုက်အောင်ပွဲခံကာ အပြီးအပိုင်သိမ်းယူနိုင်ခဲ့သည်။ သို့သော်လည်း စစ်သူကြီး ဆွန်ဇု ကွယ်လွန်သွားပြီးနောက် ဆက်ခံခဲ့ကြသော စစ်သူကြီး အဆက်ဆက်တို့သည် ဆွန်ဇု၏ စစ်သေနင်္ဗျူဟာ သဘောတရားများကို လိုက်နာကျင့်သုံးခြင်း မပြုသောကြောင့် ကျူးကျော်တိုက်ခိုက်လာသော ရန်သူများအား ပြန်လှန် တိုက်ခိုက်နိုင်ခြင်း မရှိဘဲ တစ်ပွဲပြီး တစ်ပွဲရှုံးကာ နောက်ဆုံးတွင် ခရစ်တော်မပေါ်မှီ သက္ကရာဇ် ၄၇၃ ခုနှစ်ရောက်သောအခါ " ဝူ " နိုင်ငံတော်ကြီး တစ်ခုလုံးပင် ပြိုကွဲပျက်သုဉ်းသွားခဲ့ရလေသည်။

ဆွန်ဇု၏ စစ်ပညာသည် စာအုပ်ထဲမှာသာရှိနေသော သီအိုရီ၊ သဘောတရားသက်သက်မဟုတ်။ လက်တွေ့ကျင့်သုံး လိုက်နာလျှင် စစ်အောင်နိုင်စေပြီး အသုံးမချတတ်လျှင် စစ်ပွဲများ ရှုံးနိမ့်ရတတ်သည်။ တိုက်ပွဲများ၊ အတွေ့အကြုံများမှ ပေါ်ထွက်လာသော စစ်ပါရဂူ၊ စစ်ရေးကျွမ်းကျင်သူ ပညာရှိ

တစ်ဦး၏ သေနင်္ဂဗျူဟာ စစ်အတတ်ပညာအဆီအနှစ်ကို ခြုံငုံ ထုတ်ဖော်ထားသော ကျမ်းတစ်ဆူ ဖြစ်ပါသည်။ ဘာစီ၊ ဟင်နရီ၊ လစ်ဒယ်လ်ဟတ် အမည်ရှိ ဆာဘွဲ့ရ ဗြိတိသျှ စစ်ပညာကျွမ်း ကျင်သူက “ စစ်အတတ် ပညာအရာ၌ ဆွန်ဇုကို မီသူမရှိပါ။ ကားလ်၊ ဗွန်၊ ကလော့ဇ်ဝစ်ဇ်သည်ပင် ထွင်းဖောက် သိမြင်နှံ့စပ် သည့်အရာတွင် ဆွန်ဇု ကို မယှဉ်နိုင်ပါ ” ဟု မှတ်ချက်ချဖူး ပါသည်။

စာဖတ်သူ ကိုယ်တိုင် ဆွန်ဇု၏ သေနင်္ဂဗျူဟာ စစ်ပညာကျမ်းကို ဖတ်ရှုလေ့လာသည့်အခါ သာမန်သိရုံအတွက် မဖတ်ဘဲ လက်တွေ့ဘဝနှင့် ယှဉ်၍ မည်ကဲ့သို့ အသုံးချလျှင် ကောင်းမည်လဲဟူသော မိမိဘဝ အသုံးကျမှု ရှုထောင့်က ချဉ်းကပ် လေ့လာလေလေ အမှန်တကယ် အသုံးဝင်အဖိုးတန် ကြောင်းတွေ့ရလေလေ ဖြစ်ပါလိမ့်မည်ဟု မြန်မာဘာသာပြန် သူက ပမာဏအနေနှင့် ရဲဝံ့စွာ အာမခံလိုက်ပါသည်။



# I

# ESTIMATES

SUN TZU said:

1. War is a matter of vital importance to the State; the province of life or death; the road to survival or ruin. It is mandatory that it be thoroughly studied.

2. Therefore, appraise it in terms of the five fundamental factors and make comparisons of the seven elements later named. So you may assess its essentials.

3. The first of these factors is moral influence; the second, weather; the third, terrain; the fourth, command; and the fifth, doctrine.

4. By moral influence I mean that which causes the people to be in harmony with their leaders, so that they will accompany them in life and unto death without fear of mortal peril.

5. By weather I mean the interaction of natural forces; the effects of winter's cold and summer's

heat and the conduct of military operations in accordance with the seasons.

6. By terrain I mean distances, whether the ground is traversed with ease or difficulty, whether it is open or constricted, and the chances of life or death.

7. By command I mean the general's qualities of wisdom, sincerity, humanity, courage, and strictness.

8. By doctrine I mean organization, control, assignment of appropriate ranks to officers, regulation of supply routes, and the provision of principal items used by the army.

9. There is no general who has not heard of these five matters. Those who master them win; those who do not are defeated.

10. Therefore in laying plans compare the following elements, appraising them with the utmost care.

11. If you say which ruler possesses moral influence, which commander is the more able,

which army obtains the advantages of nature and the terrain, in which regulations and instructions are better carried out, which troops are the stronger;

12. Which has the better trained officers and men;

13. And which administers rewards and punishments in a more enlightened manner;

14. I will be able to forecast which side will be victorious and which defeated.

15. If a general who heeds my strategy is employed he is certain to win; Retain him! When one who refuses to listen to my strategy is employed, he is certain to be defeated. Dismiss him!

16. Having paid heed to the advantages of my plans, the general must create situations which will contribute to their accomplishment. By ' situations ' I mean that he should act expediently in accordance with what is advantageous and so control the balance.

17. All warfare is based on deception.

18. Therefore, when capable, feign incapacity; when active, inactivity.

19. When near, make it appear that you are far away; when far away, that you are near.

20. Offer the enemy a bait to lure him; feign disorder and strike him.

21. When he concentrates, prepare against him; where he is strong, avoid him.

22. Anger his general and confuse him.

23. Pretend inferiority and encourage his arrogance.

24. Keep him under a strain and wear him down.

25. When he is united, divide him.

26. Attack where he is unprepared; sally out when he does not expect you.

27. These are the strategist's keys to victory. It is not possible to discuss them beforehand.

28. Now if the estimates made in the temple before hostilities indicate victory it is because calculations show one's strength to be superior to that of his enemy; if they indicate defeat, it is because calculations show that one is inferior. With many calculations, one can win; with few one cannot. How much less chance of victory has one who makes none at all! By this means I examine the situation and the outcome will be clearly apparent.





# သေနင်္ဗျူဟာ အတတ်ပညာ

## အခန်း(၁)

## စစ် ရေး သုံး သပ် ချက်

၁။ စစ်ဆိုသည်မှာ နိုင်ငံတော်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှသော ကိစ္စတစ်ရပ်ဖြစ်သည်။ စစ်သည် ပြည်သူလူထု၏ အသက်ရှင်ရေးနှင့်လည်းကောင်း၊ သေကျေ ပျက်စီးရေးနှင့်လည်းကောင်း သက်ဆိုင်လျက်ရှိရုံမျှမက နိုင်ငံတော် တည်တံ့ခိုင်မြဲရေးကို လည်းကောင်း၊ ပျက်သုဉ်းရေးကိုလည်းကောင်း ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် စစ်ပညာကို စေ့စပ်သေချာစွာ ဂရုတစိုက် လေ့လာဆည်းပူးထိုက်သည်။

၂။ စစ်မက်ရေးရာကို ဆင်ခြင်စဉ်းစားသုံးသပ်ရာတွင် မရှိမဖြစ် အခြေခံ အချက်ကြီး (၅) ရပ် ပါဝင်ရမည်။

၃။ ယင်းတို့မှာအောက်ပါအတိုင်း ဖြစ်ကြသည်-

ပထမ - စိတ်ဓာတ်ရေးရာ လွှမ်းမိုးရေး Moral Influence
ဒုတိယ - သဘာဝရာသီဥတု (ကာလ) Weather
တတိယ - မြေပြင်အခြေအနေ (ဒေသ) Terrian
စတုတ္ထ - ခေါင်းဆောင်မှု (ပုဂ္ဂလ)နှင့် Command
ပဉ္စမ - လုပ်ထုံးလုပ်နည်း၊ စည်းကမ်းဥပဒေ Doctrine

၄။ **စိတ်ဓာတ်ရေးရာ**။ ပြည်သူပြည်သားများကို သူတို့၏ ခေါင်းဆောင်များနှင့် ယုံကြည်ချက်၊ ခံယူချက်၊ ဦးတည်ချက် စသည်တို့တွင် တစ်ညီတစ်ညွတ်တည်း ဖြစ်စေရသည်။ ပြည်သူနှင့် အစိုးရသည် တူညီသော ယုံကြည်ချက်၊ မျှော်မှန်းချက်များကို မျှဝေခံစားကြရမည်။ ပြည်သူနှင့် အစိုးရသည် တွေ့ကြုံရသမျှ အကောင်းအဆိုးမှန်သမျှကို သေအတူရှင်မကွာ ယှဉ်တွဲ လုပ်ဆောင်ရသည်။ စည်းရုံး လှုံ့ဆော်ရေး၊ ဆွဲဆောင်သိမ်းသွင်းရေး၊ တစ်စိတ် တစ်ဝမ်းတည်း စည်းလုံးရေးသည် အရေးအကြီးဆုံးသော ပထမအချက် ဖြစ်သည်။

၅။ **ရာသီဥတု။** နွေရာသီ၏ ပူပြင်းမှု၊ မိုးရာသီ၏ စွတ်စိုထိုင်းမှိုင်းမှု၊ ဆောင်းရာသီ၏ အေးမြမှု၊ စစ်ဆင်ရေးအပေါ်တွင် ယင်းဥတုရာသီတို့၏ အကျိုးသက်ရောက်စေနိုင်မှုများ တွက်ချက်သုံးသပ်ရာတွင် ပါဝင်သည်။

၆။ **မြေပြင် အခြေအနေ**။ လမ်းပန်း အဆက်အသွယ်၊ အကွာအဝေး၊ ရေမြေတောတောင်၊ မြစ်ချောင်းအင်းအိုင်၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများက စစ်မက်ရေးရာကို သေခြင်းရှင်ခြင်း အခွင့်အလမ်း တစ်ခုခု ပေးလေသည်။ ကွင်းပြင်ကျယ်လျှင် တပ်ကို ဖြန့်နိုင်မည်။ လမ်းကျဉ်းတောင်ကမ်းပါးယံ လျှိုမြောင် အနေအထားဆိုလျှင် တပ်အင်အားအနည်းငယ်ဖြန့်ပြီး ချီတက်ရမည်။ တိုက်ပွဲဆင်သင့်သည့်မြေ အခြေအနေကို ကြိုတင်မြော်မြင် ဆင်ခြင်ရမည်။

၇။ **ခေါင်းဆောင်ကွပ်ကဲမှု**။ စစ်ဘက်ခေါင်းဆောင် (သို့မဟုတ်) စစ်သူကြီးသည် အောက်ပါ အရည်အသွေး (၅)ရပ် ပြည့်စုံစေရမည်-

ပထမ - **ဉာဏ်ပညာရှိခြင်း Wisdom**

ဒုတိယ - **ယုံကြည်မှု (ရိုးသားခြင်း) Sincerity**

တတိယ - **စာနာတတ်ခြင်း Humanity**

စတုတ္ထ - **ရဲစွမ်းသတ္တိ Courage**

ပဉ္စမ - **စည်းကမ်းကို တစ်သွေမတိမ်း လိုက်နာခြင်း Strict-ness**

၈။ **စည်းစနစ်**။ ဆုပေးစနစ်၊ အုပ်ချုပ်ထောက်ပံ့ပေးစနစ်၊ ဖွဲ့စည်းပုံ၊ ကြီးကြပ်ကွပ်ကဲပုံ၊ မှန်ကန်စွာ တာဝန်ခွဲဝေပုံ၊ ရာထူးခန့်အပ်ပုံစသည့် လုပ်ငန်းနည်းစနစ်များ ကောင်းမွန် မှန်ကန်ရမည်။ ထိရောက်ရမည်။

၉။ အထက်ပါ အခြေခံအချက်ကြီး (၅)ရပ်ကို မသိသော စစ်သူကြီးဟူ၍ မရှိပေ။ ယင်းတို့ကို ကောင်းစွာ နားလည်သော ဗိုလ်ချုပ်များသည် စစ်ပွဲနိုင်လိမ့်မည်။ ထိုအကြောင်းချင်းရာများကို ကောင်းစွာ မသိမြင်တတ်သည့် ပုဂ္ဂိုလ်များသည် စစ်ပွဲ ရှုံးနိမ့်ကြလိမ့်မည်။

၁၀။ သို့ဖြစ်၍ စီမံချက်များ ရေးဆွဲပြင်ဆင်ရာတွင် အထက်ပါ အခြေခံ မရှိမဖြစ်၊ မသိမဖြစ် အချက်ကြီးများကို သတိတရား အထူးတလည်ထား၍ စဉ်းစားသုံးသပ်ရလိမ့်မည်။

၁၁။ မည်သူသည် ပြည်သူနှင့် တပ်မတော်ကို ပိုမိုကျစ်လျစ်ခိုင်မာအောင် စည်းရုံးဆွဲဆောင်နိုင်သနည်း။ မည်သည့်ဘက်က စစ်ခေါင်းဆောင်သည် အရည်အသွေးသာသနည်း။ ထိုနိုင်ငံက စစ်နိုင်ရန် အခွင့်အရေး သာလိမ့်မည်။ မည်သည့်တပ်က ရာသီဥတု သဘာဝနှင့် မြေပြင်အခြေအနေတို့ကို အကျိုးရှိစွာ အသုံးချတတ်ကြသနည်း။ မည်သည့်ဘက်က ကျင့်သုံးသည့် **“ စည်းမျဉ်းစည်းကမ်း၊ ဦးစီးတာဝန် ”** ပိုမို ကောင်းမွန်ကြသနည်း။ ထိုတပ်က စစ်ရေးစွမ်းအား ပိုမို ကြီးမားလာလိမ့်မည်။

၁၂။ မည်သူက **“ လေ့ကျင့်ရေးအရည်အသွေး ”** သာလွန်သနည်း။

၁၃။ မည်သူက **“ ဆုပေးဒဏ်ပေးစနစ် ”** ကို မှန်ကန်စွာ အသုံးချတတ်သနည်း။

၁၄။ အထက်ပါ အချင်းအရာတို့အပေါ် လေ့လာချိန်ထိုးစိစစ်ပြီး မည်သည့်ဘက်က အောင်နိုင်လိမ့်မည်၊ မည်သည့်ဘက်က ရှုံးနိမ့်လိမ့်မည် ဆိုသော အချက်ကို ကြိုတင်ဟောကိန်းထုတ်နိုင်သည်။

၁၅။ (ဆွန်ဇု၏) စစ်မဟာဗျူဟာကို အလေးထားအာရုံစိုက်ပြီး ကျင့်သုံးသူသည် သေချာပေါက် စစ်ပွဲနိုင်လိမ့်မည်။ ဤစစ်ဗျူဟာအတတ်ပညာရပ်တို့ကို လိုက်နာ အသုံးချရန် ပျက်ကွက်သူသည် မုချ စစ်ရှုံးရလိမ့်မည်။

၁၆။ (ဆွန်ဇု၏) အထက်ပါ အချက်အလက်များကို အလေးထား သုံးသပ်လျက် အမြတ်ထုတ်တတ်သူသည် မိမိ၏ ရည်မှန်းချက်တာဝန်ပြီးမြောက်စေမှုအတွက် အထောက်အကူပြုသော အခြေအနေကို ဖန်တီးနိုင်စွမ်းရှိလိမ့်မည်။ အခြေအနေဆိုသည်မှာ ဟန်ချက်ညီစွာ ထိန်းသိမ်းပြီး ရည်ရွယ်ချက် ထမြောက်အောင် လုပ်ဆောင်ရမည် ဖြစ်သည်။

၁၇။ အလုံးစုံသော စစ်ရေးစစ်ရာ ဟူသမျှတို့ကား “ **လှည့်စားခြင်း** ” အပေါ်မှာ အခြေခံသည်။

၁၈။ ထို့ကြောင့် စွမ်းအားကြီးမားစဉ် အင်အား ချိနဲ့နေဟန်၊ ထက်မြက်သွက်လက်နေချိန်တွင် မလှုပ်မရှား ငြိမ်နေလေဟန်၊ “ **လှည့်စားနိုင်ရမည်။** ”

၁၉။ ရည်မှန်းချက်နေရာနှင့် နီးနေချိန်မှာ ရန်သူက ဝေးနေသေးသည်ဟု ယူဆစေရမည်။ အဝေးမှာ မိမိရှိနေခိုက်တွင် ရန်သူက မိမိသူ့အနီးမှာ ကပ်နေပြီဟု ယုံကြည်နေစေရမည်။

၂၀။ ရန်သူကို ငါးစာပြကာ မျှားခေါ်ရမည်။ ကျူးသွင်းရမည်။ မိမိတပ် ဖရိုဖရဲဖြစ်ဟန်ပြ၍ “ **အငိုက်ဖမ်း တိုက်ခိုက်ရမည်** ”

၂၁။ ရန်သူစုစည်းနေလျှင် မိမိက ပြင်ဆင်ထားရမည်။ ရန်သူအင်အားတောင့်တင်းနေချိန်မှာ မိမိက ရှောင်ရှားရမည်။

၂၂။ ရန်သူ ဗိုလ်ချုပ်တွေ ဒေါသပုန်ထအောင် ဆွပေးရမည်။ သူတို့ကို စိတ်ရှုပ်ထွေးအောင် ခေါင်းပူအောင် အလုပ်ပေးထားရမည်။

၂၃။ မိမိမှာ အင်အားချိနဲ့ သေးငယ်ဟန်ဆောင်ရမည်။ ရန်သူ မောက်မာမှုကို အားပေးအားမြှောက်ပြုရမည်။ ဘဝင်မြင့်အောင် လေပင့်ခြင်းမျိုးတွေ လုပ်ဆောင်ရမည်။

၂၄။ အဆက်မပြတ် စိတ်ဖိစီးနေအောင် လုပ်ရမည်။ ရန်သူ အေးဆေးသက်သာ မနေနိုင်အောင် အဆက်မပြတ်ဆွပေးလျက် ပင်ပန်းနွမ်းနယ်စေရမည်။

၂၅။ ရန်သူစည်းလုံးညီညွတ်ခြင်းကို နည်းအမျိုးမျိုးသုံးပြီး ဖြိုခွဲပါ။ အုပ်စုတွေ ကွဲအောင် သပ်လျှိုပါ။ သွေးခွဲပါ။ အဆင့်လိုက်၊ အလွှာလိုက်၊ နေရာလိုက်၊ တပ်အလိုက် စိတ်ဝမ်းကွဲပြားအောင် သွေးထိုးပါ။

၂၆။ ရန်သူအဆင်သင့် မဖြစ်သေးသော နေရာကို ရွေးပြီး တိုက် ခိုက်ပါ။ ရန်သူ မမျှော်လင့်သည့်ဘက်မှ ထွက်၍ တိုက်ပါ။ **"အငိုက်ဖမ်းနိုင်ခြင်း"** သည် အောင်ပွဲ၏ လျှို့ဝှက်ချက် ဖြစ်သည်။

၂၇။ ဤအရာများသည် စစ်ပွဲအောင်မြင်ရေးအတွက် စစ်မဟာဗျူဟာမြောက် သော့ချက်တွေပဲ ဖြစ်၏။ ဤသို့ မဆောင်ရွက်သေးမီ မပေါက်ကြားစေရ။

၂၈။ စစ်ပွဲမပေါက်ကွဲမီ ရန်သူနှင့် မိမိတို့၏ အားသာချက်၊ အားနည်းချက်များကို အဘက်ဘက်မှ ချိန်ဆသုံးသပ်ရမည်။ မိမိ၏ တပ်ဘက်က အလေးသာလျှင် အောင်မြင်မှုရရန် အခွင့်အရေးရှိမည်။ မိမိတပ်ဘက်က အရေးမသာသေးလျှင် ရှုံးနိမ့်ဖွယ်ရာ ရှိသည်။ **“ စေ့စပ်သေချာသော စီမံ တွက်ဆခြင်း ”**သည် အောင်ပွဲသို့ ရှေ့ရှုသည်။ မရေမရာ စီမံချက်သည် အောင်ပွဲနှင့် လွဲချော်တတ်သည်။ မပြင်မဆင်ဘဲ မစီမံဘဲ စစ်ဆင်နွှဲခြင်းကား အဆိုးရွားဆုံးပင်ဖြစ်သည်။ အထက်ပါ ပေါင်းစပ်ညှိနှိုင်းမှုများအပေါ် မူတည်၍ အဖြေထွက်မည်။



# II

[redacted]

SUN TZU said:

1. Generally, operations of war require one thousand fast four-horse chariots, one thousand four-horse wagons covered in leather, and one hundred thousand mailed troops.

2. When provisions are transported for a thousand *li* expenditures at home and in the field, stipends for the entertainment of advisers and visitors, the cost of materials such as glue and lacquer, and of chariots and armour, will amount to one thousand pieces of gold a day. After this money is in hand, one hundred thousand troops may be raised.

3. Victory is the main object in war. If this is long delayed, weapons are blunted and morale depressed. When troops attack cities, their strength will be exhausted.

4. When the army engages in protracted campaigns the resources of the state will not suffice.

5. When your weapons are dulled and ardour damped, your strength exhausted and treasure spent, neighbouring rulers will take advantage of your distress to act. And even though you have wise counsellors, none will be able to lay good plans for the future.

6. Thus, while we have heard of blundering swiftness in war, we have not yet seen a clever operation that was prolonged.

7. For there has never been a protracted war from which a country has benefited.

8. Thus those unable to understand the dangers inherent in employing troops are equally unable to understand the advantageous ways of doing so.

9. Those adept in waging war do not require a second levy of conscripts nor more than one provisioning.

10. They carry equipment from the homeland; they rely for provisions on the enemy. Thus the army is plentifully provided with food.

11. When a country is impoverished by military operations it is due to distant transportation; carriage of supplies for great distances renders the people destitute.

12. Where the army is, prices are high; when prices rise the wealth of the people is exhausted. When wealth is exhausted the peasantry will afflicted with urgent exactions.

13. With strength thus depleted and wealth consumed the households in the central plains will be utterly impoverished and seven-tenths of their wealth dissipated.

14. As to government expenditures, those due to broken - down chariots, worn - out horses, armour and helmets, arrows and crossbows, lances, hand and body shields, draft animals and supply wagons will amount to sixty per cent. of the total.
15. Hence the wise general sees to it that his

troops feed on the enemy, for one bushel of the enemy's provisions is equivalent to twenty of his; one hundredweight of enemy fodder to twenty hundredweight of his.

16. The reason troops slay the enemy is because they are enraged.

17. They take booty from the enemy because they desire wealth.

18. Therefore, when in chariot fighting more than ten chariots are captured, reward those who take the first. Replace the enemy's flags and banners with your own, mix the captured chariots with yours, and mount them.

19. Treat the captives well, and care for them.

20. This is called ' winning a battle and becoming stronger'.

21. Hence what is essential in war is victory, not prolonged operations. And therefore the general who understands war is the Minister of the people's fate and arbiter of the nation's destiny.



# သေနင်္ဗျူဟာ အတတ်ပညာ

## အခန်း(၂)

## စစ် ပွဲ ဆင် နွှဲ ခြင်း

၁။ ယေဘုယျအားဖြင့် စစ်ဆင်ရေးတစ်ရပ် တိုက်ခိုက်တော့မည်ဆိုလျှင် စစ်မြေပြင်အတွက် တိုက်ပွဲစစ်မြင်းရထား ၁၀၀၀လိုသည်။ မြင်း ၄ကောင်ဆွဲသော မြင်းလှည်း၊ နွားလှည်း ၁၀၀၀လိုသည်။ ကီလိုမီတာ ၁၀၀၀ကျော်ဝေးသော အရပ်သို့ ချီတက်နိုင်စွမ်းသော စစ်သည် ၁၀၀၀၀၀ လိုအပ်သည်။

၂။ ရိက္ခာထောက်ပံ့ရေး၊ စစ်ပစ္စည်းများကို ပို့ဆောင်ရေးစစ်အကြံပေး၊ သံတမန်တို့ကို ဧည့်ခံကျွေးမွေးရေး၊ စစ်ရထား၊ သံချပ်ကာ၊ လက်နက်ခဲယမ်းများ ထုတ်လုပ်ရေးစသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်၍ ကုန်ကျမည့် ငွေကြေးသည် နေ့စဉ်နေ့စဉ် ရွှေပြားဒင်္ဂါးတစ်ထောင်မက သုံးစွဲကျခံရပေသည်။ ထိုကဲ့သို့ အကုန်အကျခံပြီး ပြင်ဆင်မှသာ တိုက်ပွဲဝင်နိုင်သည့် စစ်သည် ၁၀၀၀၀၀ပါဝင်သော တပ်မတော်တစ်ခုသည် အဆင်သင့် ဖြစ်သည်။

၃။ တပ်မတော်၏ ရည်မှန်းချက်အဓိက ပန်းတိုင်သည် “ **စစ်ပွဲအောင်နိုင်ရေး** ” ပဲ ဖြစ်၏။ အကယ်၍သာ စစ်ပွဲသည် ကြာသောင်းရက်ရှည်ကြာခဲ့သော် လက်နက်များလည်း တုံး

လိမ့်မည်၊ သံချေးတက်လိမ့်မည်။ စစ်သည်များလည်း စိတ်ဓာတ်ကျလာမည်။ မြို့တော်ကြီးများကို တိုက်စစ်ဆင်ရလျှင် အင်အားလျော့ပါးကာ စစ်ပန်းလာလိမ့်မည်။

၄။ တပ်မတော်တစ်ခု၏ တိုက်ပွဲစဉ်သည် မြောအီပြီး ရေရှည်ဆွဲတိုက်နေရပါက တိုင်းပြည်၏ သယံဇာတနှင့် သဘာဝအရင်းအမြစ်များ ခနဥစ္စာများ ဆုံးပါးစေလိမ့်မည်။ ဆင်းရဲမွဲတေစေလိမ့်မည်။

၅။ လက်နက်ခဲယမ်းမီးကျောက်များ ဆုံးပါးပျက်စီးသည်နှင့်အမျှ စစ်အင်အားနည်းလျော့ပါးလာရသည်နှင့်အမျှ စစ်ပန်းရသည်။ ထို့အတူ ဘဏ္ဍာငွေလည်း အကုန်အကျများစေလိမ့်မည်။ အိမ်နီးနားချင်း ပြည်ထောင်တို့မှ အစိုးရမင်းတို့က မိမိ၏ စိတ်ဓာတ်ကျဆင်းခြင်းအပေါ် အမြတ်ထုတ်လာကြလိမ့်မည်။ ပညာရှိသော အထက်တန်း အရာရှိကြီးများ ရှိသည်မှန်စေ ငွေကြေးချို့တဲ့လျှင် သူတို့လည်း အကြံကောင်း ဉာဏ်ကောင်းများ တင်ပြနိုင်တော့မည် မဟုတ်ချေ။ (စီမံကိန်းက ဘတ်ဂျက်ငွေလိုသည်)

၆။ လျင်မြန်အောင်ပွဲရအောင် တိုက်ခိုက်ပါ။ ရေရှည်ဆွဲပြီး တိုက်ခိုက်သဖြင့် စစ်ပွဲမှာ အကျိုးအမြတ်ရသည်ဟူ၍ တစ်ကြိမ်တစ်ခါမှ မမြင်ရ မကြားရဖူးပေ။

၇။ **ရေရှည်စစ်ပွဲ ဆင်နွှဲသဖြင့် အကျိုးရှိဖူးသော တိုင်းပြည်ဟူ၍ ဘယ်သောအခါကမှ မရှိခဲ့ချေ။**

၈။ **စစ်သည် ရှည်ကြာသည်နှင့်အမျှ ပျက်စီးဆုံးရှုံးရသည်။** ထိုအန္တရာယ်ကို မသိမြင်ခြင်းသည် အကျိုးအမြတ် ရအောင် စစ်မဆင်တတ်ခြင်းနှင့် အတူတူပင်ဖြစ်သည်။

၉။ အာဏာဖြင့် ဆင့်ခေါ်စုဆောင်းခြင်း၊ အတင်းအကျပ် စစ်မှုထမ်းစေခြင်း၊ ရိက္ခာထောက်ပံ့ရသဖြင့် အကုန်အကျများ ရခြင်းတို့ကို စစ်ပြုတတ်သူအဖို့ မဖြစ်စေရ။

၁၀။ စစ်အတတ်ပညာ ကျွမ်းကျင်သူအဖို့မှာ အမိနိုင်ငံမှ မူလရရှိသော လက်နက်ခဲယမ်းရိက္ခာနှင့် လုံလောက်စေပြီး ထပ်မံလိုအပ်သမျှ ရန်သူ့ဆီက တိုက်ခိုက်အောင်မြင်ရယူနိုင်ရမည်။ သို့မှသာ အောင်ပွဲခံတပ်မတော်သည် ရန်သူပစ္စည်းများကို သိမ်းယူလျက် ပေါပေါများများ ထောက်ပံ့မှုကို ရရှိသည်။

၁၁။ စစ်ဆင်ရေးကုန်ငွေကြောင့် တိုင်းပြည်အတွက် ဘဏ္ဍာပစ္စည်း ကုန်ကျစရိတ် များလှသည်။ ဝေးကွာသော ထောက်ပံ့ပို့ဆောင်ရေးကို ဆောင်ရွက်ရသဖြင့် ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုကို စားဝတ်နေရေးမပြည့်စုံခြင်း ကြုံတွေ့စေတတ်သည်။

၁၂။ တပ်မတော်ရှိသည့် နေရာ၌ ကုန်စျေးနှုန်းများ မြင့်ကြရသည်။ ထိုဒေသရှိ ဒေသခံများမှာ စျေးတက်ခြင်းကြောင့် စီးပွားရေးခက်ကြမည်။ စီးပွားရေးကျဆင်းလျှင် တောင်သူယာသမားဆင်းရဲသားများ ချက်ချင်း ခံစားကြရမည်။

၁၃။ ရေရှည်စစ်ပွဲသည် ကြာညောင်းသည်နှင့်အမျှ တိုင်းပြည်၏ စွမ်းအားကို ကုန်ခမ်းစေသည်။ စီးပွားရေးကို ကျဆင်း ဆုတ်ယုတ်စေသည်။ လူအများကို ဆင်းရဲနွမ်းပါးစေမည်။

၁၄။ စစ်မြင်းများသေဆုံးမှု၊ စစ်ရထားပျက်စီးမှု၊ လေးမြားများ ကျိုးပဲ့မှု၊ လက်နက်နှင့် ဒိုင်းလွှားများကို ပြင်ဆင်ရမှု အစ ရှိသည့် သုံးစွဲကျခံရမည့် ငွေကြေးဘဏ္ဍာသည် နိုင်ငံတော် ၏ ၆၀ရာခိုင်နှုန်းအထိ အသုံးစရိတ် ရှိတတ်သည်။

၁၅။ သို့ဖြစ်၍ ပညာရှိသော စစ်သူကြီးသည် အမိနိုင်ငံကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ရန်သူ၏ ရိက္ခာလက်နက်ခဲယမ်း များကိုရအောင် ဆောင်ရွက်တတ်ရသည်။ ရန်သူ့ရိက္ခာ ဂိုဒေါင်တစ်ခုသည် မိမိစစ်ရထားတပ်ဖွဲ့ ၂၀အတွက် လုံ လောက်သည်။ ရန်သူ၏ရိက္ခာဆန်တစ်အိတ်သည် မိမိ နိုင်ငံမှ ဆန်အိတ် ၂၀နှင့် ညီစွာမျှ သက်သာစေသည်။ တန်ဖိုးရှိသည်။

၁၆။ ရန်သူကို မိမိတပ်က သတ်ဖြတ်ရခြင်းမှာ ယင်းတို့က စိတ် ဆိုးအောင် လုပ်ဆောင်သောကြောင့် ဖြစ်သည်။ မိမိ တပ်က သတ်ချင်စိတ်နိုးကြွအောင် နိုးဆွပေးရမည်။ တိုက် စိတ်ခိုက်စိတ် သွင်းပေးရမည်။

၁၇။ မိမိတပ်သည် ရန်သူ့ထံမှ စစ်ဘိနပ်ကိုလည်း ယူသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ ဝတ်ဆင်ရန်ဖြစ်၏။

၁၈။ ရန်သူ့စစ်ရထား ၁၀စင်းကို ပထမဦးဆုံးရအောင် စွမ်းဆောင်သူအား ရွှေဒင်္ဂါး ၁၀ပြားဆုချရမည်။ ရာထူးတိုးပေးရမည်။ ရထားပေါ်မှ ရန်သူ့တံခွန်နှင့်အလံကို မိမိရထား၌ တပ်ဆင်ရမည်။ ရန်သူ့စစ်ရထားကို မိမိတပ်များထဲ၌ ရောနှောထည့်သွင်းသုံးစွဲရမည်။

၁၉။ ဖမ်းဆီးရမိသူများကို ကောင်းစွာစောင့်ရှောက်ရမည်။ လက်နက်ချအညံ့ခံသူများကို ကောင်းစွာပြုစုမွေးမြူရမည်။ ရန်သူကို တိုက်ခိုက်ရာ၌ သူတို့လည်း ပါဝင်ဆင်နွှဲစေရမည်။ သူတို့အကူအညီယူရမည်။ အသုံးချရမည်။

၂၀။ ဤအချက်ကို စစ်ပွဲအောင်ပွဲခံခြင်းနှင့် အင်အားပိုမိုကြီးမားအောင် လုပ်ဆောင်ခြင်းဟု ခေါ်ဆိုသည်။

၂၁။ ထို့ကြောင့် စစ်၏ အနှစ်အရသာသည်ကား အောင်ပွဲခံရေးပင်ဖြစ်သည်။ ရက်လရှည်ကြာ အချိန်ဆွဲ၍ ဆင်နွှဲနေရန်မဟုတ်။ သို့ဖြစ်၍ မြန်ဆန်စွာ တိုက်ခိုက်၍ အောင်ပွဲကို အမြန်ရယူရန်ဖြစ်သည်။ စစ်ပညာကို နားလည်တတ်ကျွမ်းသော စစ်သူကြီးသည် ပြည်သူလူထု၏ကံကို ကောင်းစွာဖန်တီးနိုင်စွမ်းရှိသူပင်ဖြစ်၏။ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို ဆုံးဖြတ်နိုင်စွမ်းသော ခုံသမာဓိ လူကြီးမင်းလည်း ဖြစ်ပေသည်။

# III

# OFFENSIVE STRATEGY

SUN TZU said:

1. Generally in war the best policy is to take a state intact; to ruin it is inferior to this.

2. To capture the enemy's army is better than to destroy it; to take intact a battalion, a company or a five-man squad is better than to destroy them.

3. For to win one hundred victories in one hundred battles is not the acme of skill. To subdue the enemy without fighting is the acme of skill.

4. Thus, what is of supreme importance in war is to attack the enemy's strategy;

5. Next best is to disrupt his alliances:

6. The next best is to attack his army.

7. The worst policy is to attack cities. Attack cities only when there is no alternative.

8. To prepare the shielded wagons and make ready the necessary arms and equipment requires at least three months; to pile up earthen ramps against the walls an additional three months will be needed.

9. If the general is unable to control his impatience and orders his troops to swarm up the wall like ants, one-third of them will be killed without taking the city. Such is the calamity of these attacks.

10. Thus, those skilled in war subdue the enemy's army without battle. They capture his cities without assaulting them and over-throw his state without protracted operations.

11. Your aim must be to take All-under-Heaven intact. Thus your troops are not worn out and your gains will be complete. This is the art of offensive strategy.

12. Consequently, the art of using troops is this: When ten to the enemy's one, surround him;

13. When five times his strength, attack him;

14. If double his strength, divide him.

15. If equally matched you may engage him.

16. If weaker numerically, be capable of withdrawing;

17. And if in all respects unequal, be capable of eluding him, for a small force is but booty for one more powerful.

18. Now the general is the protector of the state. If this protection is all-embracing, the state will surely be strong; if defective, the state will certainly be weak.

19. Now there are three ways in which a ruler can bring misfortune upon his army:

20. When ignorant that the army should not advance, to order an advance or ignorant that it should not retire, to order a retirement. This is described as ' hobbling the army '.

21. When ignorant of military affairs, to participate in their administration. This causes the officers to be perplexed.

22. When ignorant of command problems to share in the exercise of responsibilities. This engenders doubts in the minds of the officers.

23. If the army is confused and suspicious, neighbouring rulers will cause trouble. This is what is meant by the saying: ' A confused army leads to another's victory '.

24. Now there are five circumstances in which victory may be predicted:

25. He who knows when he can fight and when he cannot will be victorious.

26. He who understands how to use both large and small forces will be victorious.

27. He whose ranks are united in purpose will be victorious.

28. He who is prudent and lies in wait for an enemy who is not, will be victorious.

29. He whose generals are able and not interfered with by the sovereign will be victorious.

30. It is in these five matters that the way to victory is known.

31. Therefore I say: Know the enemy and know yourself; in a hundred battles you will never be in peril.

32. When you are ignorant of the enemy but know yourself, your chances of winning or losing are equal.

33. If ignorant both of your enemy and of yourself, you are certain in every battle to be in peril.



# သေနင်္ဗျူဟာ အတတ်ပညာ

## အခန်း(၃)

## စစ် မ ဟာ ဗျူ ဟာ ထိုး စစ်

၁။ ယေဘုယျဆိုလျှင် စစ်ရေးစစ်ရာတွင် အကောင်းဆုံးသောမူဝါဒမှာ တိုင်းပြည်တစ်ပြည်ကို မထိခိုက်ဘဲ ရယူခြင်းဖြစ်သည်။ ထိုတိုင်းပြည်ကို ဖျက်ဆီးပစ်လိုက်ခြင်းကတော့ အထက်ပါ နည်းလမ်းထက်ပိုပြီး နိမ့်ကျပါသည်။

၂။ ရန်သူ၏ တပ်တော်တစ်ခုကို သိမ်းပိုက်နိုင်ခြင်းသည် ယင်းကို ချေမှုန်းဖျက်ဆီးလိုက်ရခြင်းထက် ပိုမို အကျိုးရှိသည်။ ရန်သူ၏ တပ်ရင်းတစ်ရင်းပင် ဖြစ်စေ၊ တပ်ခွဲတစ်ခွဲပင်ဖြစ်စေ၊ ငါးယောက်ပါဝင်သောတပ် (တစ်အိုးစား) အဖွဲ့လေးတစ်ဖွဲ့ပင်ဖြစ်စေ။ မထိမခိုက် သိမ်းပိုက်ရရှိခြင်းက ဖျက်ဆီးပစ်လိုက်ခြင်းထက် ပိုမိုကောင်းမွန်သည်။

၃။ တိုက်ပွဲတစ်ရာ၊ ဆင်နွှဲရာတွင် အောင်ပွဲတစ်ရာရလာခြင်းသည် စစ်အတတ်ပညာ ကျွမ်းကျင်တတ်မြောက်ခြင်းဟု မဆိုနိုင်သေး။ **လက်နက်စွဲကိုင်တိုက်ခိုက်ရခြင်း မရှိဘဲ ရန်သူကို အောင်မြင်ခြင်းမျိုးသည်သာ စစ်အတတ်ပညာ ကျွမ်းကျင်မှု၏ အမြင့်ဆုံးဟု ဆိုရသည်။**

၄။ ထို့ကြောင့် စစ်မှာ အဓိက အရေးကြီးဆုံးအရာသည် ရန်သူ၏ စစ်မဟာဗျူဟာကို တိုက်ခိုက်ချေမှုန်းရန်၊ ရန်သူ့ အကြံအစည် အစီအမံ လုံးဝပျက်သုဉ်း ပျက်ပြား စေရန်ပင် ဖြစ်ပေသည်။

၅။ ဒုတိယအကောင်းဆုံး ဆောင်ရွက်ရန် မူဝါဒမှာ ရန်သူ၏ မဟာမိတ်များကို ဖြိုဖျက်ရန်ဖြစ်၏။

၆။ တတိယမူဝါဒမှာ ရန်သူ၏ စစ်တပ်ကို တိုက်ခိုက်ရန် ဖြစ်၏။

၇။ မူဝါဒများရှိသည့်အနက် အဆိုးဝါးဆုံးသော မူဝါဒမှာ ရန်သူမြို့တော်ကြီးများကို ချီတက်ဝန်းရံတိုက်ခိုက်ရန် ဖြစ်ပေသည်။ အခြားနည်းလမ်းရွေးချယ်ရန် အခွင့် မသာမှ ဤကဲ့သို့ မြို့ကြီးပြကြီးများကို ဝန်းရံတိုက်ခိုက် ခြင်းကို ပြုပါ။

၈။ ဒိုင်း၊ လှံ္ဘား၊ ကာ စစ်သုံးကိရိယာများကို အနည်းဆုံး သုံးလ ကြိုပြီး အဆင်သင့် စုဆောင်းပြင်ဆင်ထားရမည်။ ရန်သူ ခံတပ်မြို့ရိုးနှင့်အညီ သဲများကို အသင့်ပုံထား ခြင်းကို နောက်ထပ် အနည်းဆုံး သုံးလမတိုင်မီကပင် ပြီးနေပါစေ။

၉။ စစ်သူကြီးသည် အကယ်၍ တိုက်မှုဖြဖစ်မည် ဆုံးဖြတ်မိပြီး ဆိုပါက ရန်သူ၏ ခံတပ် မြို့ရိုးနံရံကိုပရွတ်ဆိတ်များကဲ့ သို့ တွယ်ကပ်တက်ကြဖို့ စစ်သည်များကို အမိန့်ပေး

ရလိမ့်မည်။ မြို့တော်ကို မသိမ်းပိုက်ရသေးမီ စစ်သည် ၃ပုံ ၁ပုံ ကတော့ ကျဆုံးရလိမ့်မည်။

၁၀။ **စစ်ပညာ အမှန်တကယ် ကျွမ်းကျင်သူတို့သည် ရန်သူနှင့် စစ်ပွဲကို မဆင်နွှဲရဘဲ အောင်နိုင်ကြလေသည်။**

၁၁။ သင်၏ ရည်ရွယ်ချက်သည် မိုးကောင်းကင်အောက်ရှိ အရာဟူသမျှကို မပျက်မစီး အနေအထားနှင့် သိမ်းပိုက်ရယူနိုင်အောင် ကြံရွယ်ရမည်။ သို့မှသာလျှင် စစ်သည်များလည်း မပင်မပန်း၊ သင်၏ ရည်မှန်းချက်လည်း ထမြောက်အောင်မြင်ဖြစ်စေရမည်။ ယင်းသည်ပင် ထိုးစစ်မဟာဗျူဟာ အတတ်ပညာဖြစ်ပေတော့သည်။

၁၂။ အကျိုးဆက်အနေဖြင့် တပ်အင်အားအသုံးချတိုက်ခိုက်ရာတွင် မှတ်သားရမည့် အချက်များရှိသည်။ ရန်သူထက် မိမိအင်အားက **ဆယ်ဆများလျှင်** သူ့ကိုဝိုင်းဝန်းပိတ်ဆို့ပြီး လက်ရဖမ်းပါ။

၁၃။ မိမိက ရန်သူထက်အင်အား **ငါးဆသာ**နေလျှင် တိုက်စစ်ဆင်ပါ။

၁၄။ အင်အား **နှစ်ဆ**သာလျှင် ရန်သူကိုနှစ်ခြမ်းခွဲပါ။ သို့မဟုတ် နှစ်ဘက်ညှပ်တိုက်ပါ။

၁၅။ **အင်အားဆတူ**ဖြစ်နေသော် တိုက်လိုက တိုက်နိုင်သည်။ (အလွန်တော်သော စစ်သူကြီးမှ နိုင်အောင် တိုက်နိုင်မည်)

၁၆။ မိမိက အင်အားနည်းလျှင် ခွာစစ်ဆင်ပါ။

၁၇။ နှိုင်းစာသမျှ အရာရာမှာ မိမိက **အားနည်းနေ**ပါက ရင်ဆိုင်မတိုက်ရအောင် ရှောင်တိမ်းပါ။ (တပ်အင်အား နည်းသော်ငြား လက်နက်သာလွန်ပါက ရင်ဆိုင်နိုင်။ သို့သော် အမြန်ခွာသင့်)

၁၈။ **စစ်သူကြီးသည် နိုင်ငံတော်ကို ကာကွယ်သူဖြစ်၏။ ပတ်ပတ်လည် လုံခြုံအောင် ကာကွယ်နိုင်စွမ်းရှိလျှင် နိုင်ငံတော်သည် အင်အားခိုင်မာ တောင့်တင်းလိမ့်မည်။** အကယ်၍ စစ်ဘက်မှာ ချို့ယွင်းချက်ရှိခဲ့သော် နိုင်ငံတော်လည်း မလွဲမသွေ အားနည်းမည်။

၁၉။ အုပ်စိုးသူက သူ၏စစ်တပ်အပေါ် ဒုက္ခပေးနိုင်သော အခြေအနေ သုံးမျိုးရှိသည်။

၂၀။ ပထမအချက်မှာ တပ်မတော်က မချီတက်သင့်သော အခြေအနေမှာ ချီစစ်ဆင်ရန် အမိန့်ပေးခြင်း။ အနား မပေးသင့်သော အခြေအနေမှာ အနားပေးစေရန် “ **အချိန်လွဲမှားစွာ အမိန့်ပေးခြင်း** ” မျိုးဖြစ်၏။ တပ်မတော်ကို ထူးခတ်၍ ထားခြင်းဟု ဖော်ပြသည်။

၂၁။ ဒုတိယပြဿနာ အခက်အခဲမှာ စစ်ဘက်ရေးရာ ကိစ္စရပ်များကို “ **မသိနားမလည်ဘဲနှင့် ကြီးကြပ်အုပ်ချုပ်ရေးမှာ ပါဝင်စွက်ဖက်တတ်ခြင်း** ” မျိုးဖြစ်သည်။ စစ်ဘက်ခေါင်းဆောင်အရာရှိများကို စိတ်ရှုပ်ထွေးစေတတ်သည်။

၂၂။ တတိယမှာ **" ကွပ်ကဲမှု ပြဿနာကို ကျွမ်းကျင်မှုမရှိဘဲ တာဝန်ပေးအပ်ခြင်း "** တာဝန်ခွဲဝေခြင်းတို့မှာ ဝင်ရောက် ချယ်လှယ်လိုခြင်း မျိုးဖြစ်သည်။ အရာရှိများ စိတ်ထဲမှာ မရေမရာ သံသယဝင်စေသော အကြောင်းဖြစ်တတ်လေ သည်။

၂၃။ တပ်မတော်ထဲမှာ စိတ်ရှုပ်ထွေးခြင်း၊ သံသယဖြစ်ခြင်းတို့ ဖြစ်ပွားနေခဲ့သော် အိမ်နီးချင်းမင်းဘုရင်တို့က ဒုက္ခပေး တတ်ကြလေသည်။ ရှေးထုံးစကားပုံတစ်ခုပမာ ဖြစ်သည်။ စိတ်ရှုပ်ထွေးသော တပ်မတော်သည် အခြား တိုင်းပြည် အတွက် အောင်ပွဲကို ပေးအပ်ရာ ရောက်စေသည်။

၂၄။ အောင်ပွဲကို ဟောကိန်းထုတ်နိုင်ရန် အခြေအနေသွင်ပြင် လက္ခဏာငါးမျိုးရှိလေသည်။

၂၅။ **ဘယ်အချိန်မှာ** သူ နိုင်အောင်တိုက်နိုင်သည်။ ဘယ် အချိန်မှာ သူမတိုက်နိုင် ဆိုသောအချက်ကို နားလည် သိမြင်သူသည် အောင်ပွဲရလိမ့်မည်။

၂၆။ **တပ်အင်အား** အသေးအကြီးတို့ကို ဘယ်လိုအသုံးချရ မည်ကို နားလည်ကျွမ်းကျင်သူသည် အောင်ပွဲရလိမ့်မည်။

၂၇။ အဆင့်တိုင်း အဆင့်တိုင်း၌ **" စည်းလုံးညီညွတ်မှု "** ရှိနေ ပြီး ရည်ရွယ်ချက်အပေါ်၌ မမှိတ်မသုန် ယုံကြည်မှု ရှိစေ နိုင်သူသည် အောင်ပွဲခံလိမ့်မည်။

၂၈။ သတိရှိစွာဖြင့် အရာရာကို **ကြိုတင်ပြင်ဆင်လုပ်ဆောင်** လျက် ရန်သူအသင့်မဖြစ်ချိန်ကို (ရွေးချယ်) စောင့်ပြီး တိုက်ခိုက်တတ်သူသည် အောင်ပွဲခံနိုင်လိမ့်မည်။

၂၉။ အမှန်တကယ် စွမ်းဆောင်နိုင်သူများကို လူမှန်နေရာမှန် **ရွေးချယ်တာဝန်ပေးတတ်သူ၊** အုပ်စိုးသူ၏ ဝင်ရောက်စွက်ဖက်ချယ်လှယ် နှောင့်ယှက်မှုကို လက်မခံသူ ထိုစစ်သူကြီးသည် အောင်ပွဲခံလိမ့်မည်။

၃၀။ အထက်ပါ (၅)ချက်သည်ကား အောင်မြင်မှုအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ကြသည်ဟု မှတ်ယူသိရှိထား ရမည်။

၃၁။ ရန်သူအကြောင်းကို အသေးစိတ်သိပါ။ ရန်သူအကြောင်းကို တိတိကျကျ သိပါ။ မိမိအခြေအနေကို မှန်ကန်စွာသိပါ။ တိုက်ပွဲတစ်ရာတွင် တိုက်ပွဲတိုင်း အောင်မြင်လိမ့်မည်။

၃၂။ အကြင်သူသည် ရန်သူ၏ အခြေအနေကို ကောင်းစွာသိရှိနားလည်ခြင်းမရှိ၊ မိမိအခြေအနေကိုသာ သိရှိနားလည်နေပါက အောင်ပွဲသည် မသေချာ။ နိုင်ကောင်းနိုင်မည် ရှုံးလျှင် ရှုံးမည်။

၃၃။ ရန်သူ၏ အခြေအနေကိုလည်း လုံးဝမသိရှိ၊ မိမိအခြေအနေတို့ကိုလည်း ကောင်းစွာ မသိရှိ။ ထိုသူသည် စစ်ပွဲအားလုံးတွင် ရှုံးနိမ့်ခြင်းနှင့်သာ ရင်ဆိုင်တိုးပြီး သေကျေပျက်စီးခြင်းဖြင့် နိဂုံးချုပ်လိမ့်မည်။

# IV

# DISPOSITIONS

SUN TZU said:

1. Anciently the skilful warriors first made themselves invincible and awaited the enemy's moments of vulnerability.

2. Invincibility depends on one's self: the enemy's vulnerability on him.

3. It follows that those skilled in war can make themselves invincible but cannot cause an enemy to be certainly vulnerable.

4. Therefore it is said that one may know how to win, but cannot necessarily do so.

5. Invincibility lies in the defence; the possibility of victory in the attack.

6. One defends when his strength is inadequate; he attacks when it is abundant.

7. The experts in defence conceal themselves as under the ninefold earth; those skilled in attack move as from above the ninefold heavens. Thus they are capable both of protecting themselves and of gaining a complete victory.

8. To foresee a victory which the ordinary man can foresee is not the acme of skill;

9. To triumph in battle and be universally acclaimed 'Expert' is not the acme of skill, for to lift an autumn down requires no great strength; to distinguish between the sun and moon is no test of vision; to hear the thunderclap is no indication of acute hearing.

10. Anciently those called skilled in war conquered an enemy easily conquered.

11. And therefore the victories won by a master of war gain him neither reputation for wisdom nor merit for valour.

12. For he wins his victories without erring. 'Without erring' means that whatever he does insures his victory; he conquers an enemy already defeated.

13. Therefore the skilful commander takes up a position in which he cannot be defeated and misses no opportunity to master his enemy.

14. Thus a victorious army wins its victories before seeking battle; an army destined to defeat fights in the hope of winning.

15. Those skilled in war cultivate the *Tao* and preserve the laws and are therefore able to formulate victorious policies.

16. Now the elements of the art of war are first, measurement of space; second, estimation of quantities; third, calculations; fourth, comparisons; and fifth, chances of victory.

17. Measurements of space are derived from the ground.

18. Quantities derive from measurement, figures from quantities, comparisons from figures, and victory from comparisons.

19. Thus a victorious army is as a hundredweight balanced against a grain; a defeated army as a grain balanced against a hundredweight.

20. It is because of disposition that a victorious general is able to make his people fight with the effect of pent-up waters which, suddenly released, plunge into a bottomless abyss.



# သေနင်္ဗျူဟာ အတတ်ပညာ

## အခန်း(၄)

## တပ် ဖြန့် ခြင်း

၁။ ရှေးရှေးသော ကာလကပင် ကျွမ်းကျင်သော စစ်သူကြီးများသည် ဦးစွာပထမ ရန်သူမမြင်နိုင်အောင် ဖုံးကွယ်ပုန်းခိုပြီး စောင့်ဆိုင်း တတ်သည်။ ရန်သူကို “ **အထိနာစေမည့် ချက်ကောင်း** ” ကို ရှာတတ်ရသည်။

၂။ “ **ရန်သူမမြင်ရအောင် ဖုံးကွယ် လျှို့ဝှက်ခြင်း** ” က မိမိဘက်၏ အလုပ်ဖြစ်သည်။ အထိနာစေမည့် အချက်ကမူ ရန်သူ့ဘက်က အခြေအနေဖြစ်လေသည်။

၃။ စစ်အတတ်ပညာတတ်ကျွမ်းသူအဖို့ မမြင်သာအောင် ဖုံးကွယ် လျှို့ဝှက်၍ ရသော်လည်း ရန်သူ၏ အဓိက အားနည်းချက်ကို အထိနာစေခြင်းကား မိမိဘက် တစ်ခုတည်းနှင့် မသေချာ။

၄။ ထို့ကြောင့် တစ်စုံတစ်ဦးသည် တိုက်ပွဲမည်ကဲ့သို့ တိုက်လျှင် အောင်မြင်မည်ကို သိပင်သိငြားသော်လည်း ထိုသိပြီးဖြစ်သည့်အတိုင်း ဖြစ်မြောက်လာရေးဆိုသည်ကား အတိအကျ လက်တွေ့မှာ မရေရာ။ မသေချာသေးလျှင် ခံစစ်ပြင်ဆင်ရမည်။

၅။ ခံစစ်မှာ မမြင်သာအောင် လုပ်ဆောင်ရသည်။ အောင်မြင်ဖို့ရာ လုပ်ဆောင်နိုင်သည်မှာ တိုက်စစ်သာ ဖြစ်၏။

၆။ မိမိအင်အားက တိုက်စစ်ဆင်ရန် မလုံလောက်ချိန်မျိုး ၌ ခံစစ်ဆင်ရသည်။ မိမိက ရန်သူထက် အင်အား သာလွန်သော အချိန်မျိုးတွင် ထိုးစစ်တိုက်စစ်ဆင်ရသည်။

၇။ ခံစစ်တွင် အထူးကျွမ်းကျင်သူတို့က " **မြေကိုလျှိုး သကဲ့သို့** " သူတို့တပ်ကို ဖုံးကွယ်ထားနိုင်စွမ်း ရှိကြ၏။ တိုက်စစ်တွင် အထူးကျွမ်းကျင်သူတို့က မိမိတပ်၏ ချေမှုန်းရေးစွမ်းအားကို ကောင်းကင်က မိုးသီးမိုးပေါက်များ ကျလာသကဲ့သို့ တိုက်ခိုက်ကြသည်။ ထို့ကြောင့် ခံစစ်ကို ကောင်းမွန်စွာ ပြင်ဆင်နိုင်သူသည် တိုက်စစ်အတွက်လည်း အသင့်ဖြစ်လျှင် တိုက်ပွဲ အောင်မြင်မည်။

၈။ သာမန် လူပြိန်းများပင်လျှင် ကြိုတင်သိမြင်နိုင်သော အောင်ပွဲကို ခန့်မှန်းတွက်ဆနိုင်ခြင်းသည် စစ်အတတ်ပညာ ကျွမ်းကျင်မှု၏ အထွတ်အထိပ် မဟုတ်သေး။

၉။ တိုက်ပွဲမှာ အောင်မြင်ရုံမျှ ကျွမ်းကျင်သူဟု ချီးကျူးသြဘာပေးခြင်း ခံရရုံမျှနှင့် စစ်အတတ်ပညာ၏ အထွတ်အထိပ်ဟု ဆိုဖွယ်ရာမဟုတ်သေး။ ယုန်တစ်ကောင်၏ အမွေးကိုနှုတ်ရန် ကြီးမားသော ခွန်အားမလို။ နေနှင့်လကို မြင်ခြင်းသည် အမြင်စူးရှခြင်းမဟုတ်။ မိုးခြိမ်းသံကို ကြားခြင်းသည် နားပါးခြင်းမဟုတ်။

၁၀။ ရှေးရှေးသော အစဉ်အလာအရ ရန်သူအပေါ် အလွယ်တကူ အနိုင်ရအောင်ယူပြီး စွမ်းဆောင်နိုင်သူမျိုးကိုသာ သေနင်္ဗျူဟာ စစ်အတတ်ပညာ၌ အမှန်တကယ် တတ်ကျွမ်းသူဟုခေါ်ဆိုရသည်။

၁၁။ သို့ဖြစ်ရကား အောင်နိုင်မှုများအတွက် စစ်ပါရဂူ စစ်သူကြီးများသည် သူတို့၏ ပညာပြည့်စုံခြင်းအတွက်သော်လည်းကောင်း၊ ရဲစွမ်းသတ္တိရှိခြင်းအတွက်သော်လည်းကောင်း ဂုဏ်သတင်း ကျော်ကြားထင်ရှားခြင်းကို မရကြပါပေ။

၁၂။ အဘယ်ကြောင့်ဆိုသော် သူတို့က အောင်မြင်မှု ကြီးကြီးမားမားကို မပင်မပန်း အလွယ်တကူနှင့် အောင်ပန်းဆင်နိုင်စွမ်းရှိခဲ့ကြသည်မဟုတ်လော။ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းတိုက်ပွဲဆင်ပြီး ရတာမျိုးကိုမှ လူတွေက အထင်ကြီးချင်၊ ဂုဏ်ပြုချင်တတ်သည် မဟုတ်လော။ စစ်ပါရဂူ တို့ကား ရန်သူအပေါ် ကျွမ်းကျင်စွာဖြင့် အလွယ်တကူနှင့်ပင် ချေမှုန်းနှိမ်နင်း အောင်မြင်ခဲ့ပြီးပြီ။

၁၃။ ကျွမ်းကျင်သော စစ်သူကြီးသည် ရန်သူချေမှုန်းခြင်းကို မခံရနိုင်သည့် အနေအထားကို သေချာစွာ ရွေးချယ်ပြီး ခံစစ်ပြင်ဆင်သည်။ ရန်သူကို အပြီးတိုင် ချေမှုန်းဖို့ အခွင့်အလမ်းကို လက်မလွှတ်တမ်း ဆုပ်ကိုင်ဖမ်းနိုင်သည်။

၁၄။ အောင်မြင်သော တပ်မတော်သည် တိုက်ပွဲမဝင်မီ ကပင် အောင်ပွဲအတွက် သေချာအောင်လုပ်ဆောင်ထားပြီးပြီ။

ထိုတပ်မတော်သည် ခံစစ်ဆင်နေရန် ပြင်ဆင်နေဆဲ၌ပင် မုချ အောင်မြင်ရမည်ဟူသော မျှော်လင့်ချက်ဖြင့် သန္နိဋ္ဌာန် ခိုင်မာပြီး ဖြစ်လေသည်။

၁၅။ ထက်မြက်သော စစ်နည်းဗျူဟာ ခေါင်းဆောင်သည် “ **ရည်ရွယ်ချက်** ” ကို တိတိကျကျ ရှင်းရှင်းလင်းလင်း ချရေးထားသည်။ ခိုင်ခိုင်မာမာ မိမိတပ်ဖွဲ့ဝင်များကို အသိပေး ညွှန်ကြားလှုံ့ဆော်ထားသည်။ အောင်ပွဲခံစေမည့် “ **စည်းမျဉ်းဥပဒေ** ” လုပ်ထုံးလုပ်နည်း၊ မူဝါဒများကို ချမှတ်ရေးဆွဲထား၏။ တင်းတင်းကြပ်ကြပ် လိုက်နာ အကောင်အထည်ဖော်စေ၏။

၁၆။ သေနင်္ဂဗျူဟာ စစ်အတတ်ပညာ၏ အခြေခံအချက်များမှာ -

| | | |
|---|---|---|
| ပထမ | - | အကွာအဝေး အတိုင်းအတာ |
| ဒုတိယ | - | လိုအပ်ချက် အရေအတွက်များ |
| တတိယ | - | စစ်အင်အား ခွဲခြားစိတ်ဖြာ သုံးသပ်ချက် |
| စတုတ္ထ | - | အင်အားနှိုင်းယှဉ်ချက် (အားသာချက်၊ အားနည်းချက်တို့မှ နည်းလမ်းဖော်ထုတ်ချက်) |
| ပဥ္စမ | - | အောင်ပွဲခံမည့် စီမံချက် |

၁၇။ **အကွာအဝေး** အတိုင်းအတာ ဆိုသည်မှာ မြေပြင် အခြေ အနေအပေါ် မူတည်တွက်ဆရသည်။

၁၈။ **လိုအပ်ချက်**အရေအတွက်များမှာ လူသူ၊ ဆင်မြင်း၊ လက်နက်၊ ခဲယမ်း၊ ရိက္ခာ၊ ယာဉ် စသည်**တပ်အင်အား** အပေါ်မူတည်တွက်ချက်ရသည်၊ **အင်အားနှိုင်းယှဉ်ချက်**မှာ ကိန်းဂဏန်းအရေအတွက်ချင်း၊ တူရာတူရာ ယှဉ်ထိုး စဉ်းစား **သုံးသပ်ပြီး** အကောင်းဆုံးနည်းလမ်းကို စစ်သူ ကြီးက ရွေးချယ်ရန် ဖြစ်၏။ အောင်ပွဲသည် နည်းလမ်းနှင့် **စီမံချက်** မှန်ကန်စေ့စပ်ခြင်းမှ ဆင်းသက် ပေါ်ထွက်လာ သည်။

၁၉။ အောင်ပွဲခံမည့် တပ်မတော်၏ **တိုက်စွမ်းအား**သည် ခုခံအား တစ်ကီလိုမျှသာလေးသော ရန်သူ့အပေါ်သို့ တစ်တန်ရှိသော ဖိအားဖြင့် ကြီးမားသော အဟုန်ဖြင့် ထုနှက်ဘိသကဲ့သို့ ရှိရသည်။

၂၀။ **" တပ်ဖြန့်ပုံ အနေအထား ဖွဲ့စည်းပုံ "** ကောင်းမွန်သဖြင့် အောင်ပွဲခံမည့် စစ်သူကြီးသည် မိမိ၏ စစ်သည်များအား ရန်သူကို အဟုန်ပြင်းစွာ တိုက်နိုင်ပြီး အသူတစ်ရာနက်သော ချောက်ကမ်းပါးထဲသို့ ထိုးဆင်းသွားသော ရေတံခွန်နှင့်အတူ ရန်သူများ မျောပါကျဆုံး သွားအောင် ချေမှုန်းနိုင်လေသည်။



# V

# ENERGY

SUN TZU said:

1. Generally, management of many is the same as management of few. It is a matter of organization.

2. And to control many is the same as to control few. This is a matter of formations and signals.

3. That the army is certain to sustain the enemy's attack without suffering defeat is due to operations of the extraordinary and the normal forces.

4. Troops thrown against the enemy as a grindstone against eggs is an example of a solid acting upon a void.

5. Generally, in battle, use the normal force to engage; use the extraordinary to win.

6. Now the resources of those skilled in the use of extraordinary forces are as infinite as the heavens and earth; as inexhaustible as the flow of the great rivers.

7. For they end and recommence; cyclical, as are the movements of the sun and moon. They die away and are reborn; recurrent, as are the passing seasons.

8. The musical notes are only five in number but their melodies are so numerous that one cannot hear them all.

9. The primary colours are only five in number but their combinations are so infinite that one cannot visualize them all.

10. The flavours are only five in number but their blends are so various that one cannot taste them all.

11. In battle there are only the normal and extraordinary forces, but their combinations are limitless; none can comprehend them all.

12. For these two forces are mutually repro-

ductive; their interaction as endless as that of interlocked rings. Who can determine where one ends and the other begins?

13. When torrential water tosses boulders, it is because of its momentum;

14. When the strike of a hawk breaks the body of its prey, it is because of timing.

15. Thus the momentum of one skillled in war is overwhelming, and his attack precisely regulated.

16. His potential is that of a fully drawn crossbow; his timing, the release of the trigger.

17. In the tumult and uproar the battle seems chaotic, but there is no disorder; the troops appear to be milling about in circles but cannot be defeated.

18. Apparent confusion is a product of good order; apparent cowardice, of courage; apparent weakness, of strength.

19. Order or disorder depends on organization; courage or cowardice on circumstances;

strength or weakness on dispositions.

20. Thus, those skilled at making the enemy move do so by creating a situation to which he must conform; they entice him with something he is certain to take, and with lures of ostensible profit they await him in strength.

21. Therefore a skilled commander seeks victory from the situation and does not demand it of his subordinates.

22. He selects his men and they exploit the situation.

24. He who relies on the situation uses his men in fighting as one rolls logs or stones. Now the nature of logs and stones is that on stable ground they are static; on unstable ground, they move. If square, they stop; if round, they roll.

25. Thus, the potential of troops skilfully commanded in battle may be compared to that of round boulders which roll down from mountain heights.

“ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ကျော်က တရုတ်ပြည်တွင် ပညာရှိ သုခမိန်ကြီးနှစ်ဦး ပေါ်ထွန်းခဲ့သည်။ တစ်ဦးသည် စစ်သူကြီး ဆွန်ဇူး **Sun Tzu** ဖြစ်ပြီး ကျန်တစ်ဦးမှာ တွေးခေါ်ရှင်ကြီးကွန်ဖျူးရှပ် **Confucius** ဖြစ်၏။

ဆွန်ဇူးက ‘ သေနင်္ဗျူဟာကျမ်း ’ **The Art of War** ကို ရေးသားခဲ့ပြီး ကွန်ဖျူးရှပ်က ‘ ဩဝါဒကထာများ ’ **The Analects** ကို ရေးသားခဲ့သည်။

ထိုကျမ်းနှစ်ဆူသည် တရုတ်ပြည် စာပေနှင့် ယဉ်ကျေးမှု သမိုင်းတွင် နေတစ်ဆူ၊ လတစ်ဆူ ထင်ရှားသည်။ ထိုကျမ်းများကို နိုင်ငံပေါင်းများစွာတို့က ဘာသာစကားအမျိုးမျိုးဖြင့် ပြန်ဆိုကာ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးလမ်းညွှန် သဘောတရားများအဖြစ် ယနေ့တိုင် ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးလျက် ရှိကြ၏။ ”

မောင်ပေါ်ထွန်း
စီးပွားရေးလုပ်ငန်း ခေါင်းဆောင်တို့၏ လမ်းစဉ်
အမှာ၊ ၂၀၀၀ပြည့်နှစ်။

# သေနင်္ဗျူဟာ အတတ်ပညာ

## အခန်း(၅)

## ဖွဲ့ စည်း ခြင်း

၁။ ကြီးမားသော တပ်တော်ကြီးကို အုပ်ချုပ်ခန့်ခွဲရခြင်းသည် သေးသေးငယ်ငယ် တပ်ဖွဲ့တစ်ခုကို အုပ်ချုပ်စီမံရသည်နှင့် အတူတူပင် ဖြစ်သည်။ ဤသည်မှာ စုဖွဲ့ပုံ၏ အရေးကိစ္စ ဖြစ်၏။

၂။ များပြောင်သော စစ်အင်အားထုကြီးကို ကွပ်ကဲကြီး ကြပ်ရခြင်းသည်လည်း အဖွဲ့ငယ်တစ်ခုကို ကွပ်ကဲကြီးကြပ်ရသည့်အတိုင်းသာ ဖြစ်သည်။ ဤသည်မှာ ဆက်သွယ်ရေး၏ အရေးကိစ္စဖြစ်၏။

၃။ တိုက်ပွဲတစ်ခု ရန်သူထိုးစစ် ပြုလာသော်လည်း တပ်မတော်ကို ကြံ့ကြံ့ခံနိုင်အောင် ရှင်သန်စေနိုင်ရန်မှာ အဓိက အရေးအရာသည် ခြုံခိုတိုက်ခိုက်ခြင်း သို့မဟုတ် တိုက်ရိုက်ရင်ဆိုင်ထိပ်တိုက် တွေ့ဆုံတိုက်ခိုက်မှုကို ခံနိုင်ရည်ရှိခြင်းနှင့် သက်ဆိုင်သည်။

၄။ ရန်သူနှင့် တိုက်ခိုက်ရသည့် အခါ မိမိတပ်သည် ဓားသွေးကျောက်က ကြက်ဥပေါ် ထုချေသကဲ့သို့ တိုက်ခိုက်ပါ။ အမာဆုံးအရာနှင့် အခွံ အကာကို တိုက်သလိုဖြစ်ရမည်။

၅။ တိုက်ပွဲမှာ ရန်သူနှင့် ထိတွေ့ရာ၌ သဘာဝအင်အားကို ထိရောက်စွာ အသုံးချပါ။ အားသာချက်ဖြင့် အားနည်းချက်ကို ထိုးနှက်ပါ။ " အငိုက်ဖမ်းတိုက်ခိုက်နိုင်သူက အခွင့် အရေးသာလိမ့်မည်။ "

၆။ သဘာဝကိုလွှန်သော စွမ်းအားအမျိုးမျိုးသည် ဤမိုး ဤမြေ အကြားတွင် မရေမတွက်နိုင်အောင် ရှိကြသည်။ ကျွမ်းကျင်သော စစ်သူကြီးသည် ထိုအရင်းအမြစ်များကို အပြောင်းအလဲ အမျိုးမျိုးဖြင့် ဉာဏ်ကျက်စားသလောက် အသုံးချနိုင်သည်။ မြစ်ကြီးရော မခန်းနိုင်ဘဲ မနားတမ်း စီးဆင်းနေသကဲ့သို့ အဆက်မပြတ် အသုံးပြုနိုင်သည်။

၇။ စက်ဝန်းလည်သည့်သဖွယ် နေနှင့်လတို့၏ ပေါ်ထွန်းပုံ၊ ပျောက်ကွယ်ပုံ၊ တိုးလာပုံ၊ ဆုတ်သွားပုံ၊ ရာသီများပြောင်းလဲဖြတ်သန်းသွားပုံများမှလည်း နည်းနာရ၏။

၈။ ဂီတသင်္ကေတ အခြေခံသံစဉ်က ၅မျိုးသာလျှင် ရှိသော်လည်း တေးသွားကိုမူကား အမျိုးမျိုး အထွေထွေ စပ်ဆိုတွဲဖက်တီးခတ်နိုင်သည်။ မဆုံးနိုင်၊ မကုန်နိုင်။

၉။ အခြေခံအရောင်က ၅မျိုးထက် မပိုသော်လည်း ယင်းတို့ကို အမျိုးမျိုး အဖုံဖုံ တွဲစပ်ရောယှက်ခြင်းအားဖြင့် အနု၊ အရင့်၊ အမှိန်၊ အလင်း၊ လှပသော သဘာဝ ပန်းချီကားကြီး မျက်စေ့တစ်ဆုံး ရှုလို့မကုန်။

၁၀။ အရသာဆိုသည်မှာ ၅ မျိုးမျှသာ အခြေခံပြောဆိုရသော်လည်း ချို၊ ချဉ်၊ ငန်၊ ခါး၊ အစပ် များကို အမျိုးမျိုး အသွယ်သွယ် ရောနှော ချက်ပြုတ်လိုက်ကြသောအခါ မရေမတွက်နိုင်သော စားသောက်ဖွယ်ရာများ အနံ့အရသာ မတူ ခြားနားပေါ်ထွက်လာသကဲ့သို့ပင်။

၁၁။ တိုက်ပွဲမှာ သဘာဝနှင့် သဘာဝမဟုတ်သော တိုက်ပွဲ (ရင်ဆိုင်နှင့် ခြုံခို) ဟူ၍ နှစ်မျိုးသာ အခြေခံရှိသည်။ သို့သော်လည်း ဉာဏ်ဖြင့် ချဲ့ထွင်၍ ပွားလိုက်လျှင် အဆုံးအစမရှိ များပြားသော စစ်နည်းပရိယာယ်များကို ရမည်။ မည်သူမျှ အလုံးစုံ ခြုံငုံပြီး အဆုံးရောက်အောင် မတတ်မြောက်နိုင်။ အကြံဉာဏ် ရှိသလောက် အစီအမံ လုပ်နိုင်၏။

၁၂။ နှစ်ဘက်ဖြစ်သော စစ်အင်အားနှစ်ခုတွင် အပြန်အလှန်မဆုံးနိုင်အောင် စစ်ကစားကြစဉ် မည်သူက အဆုံးအဖြတ်ပေးမည်နည်း။ ဘယ်နေရာမှာ အဆုံးသတ်မည်နည်း။ အခြားတစ်ဘက်က ဘယ်အချိန်မှာ စတင်မည်နည်း။

၁၃။ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာသော မြစ်ရေသည် ခိုင်မာသော ကျောက်ဆောင်ကမ်းပါးကိုပင် ပြိုကွဲအောင် ဖြိုခွဲ တိုက်စားဖယ်ရှားနိုင်သည်။ ဘာကြောင့်လဲ။ " **အရှိန်အဟုန်၏ စွမ်းအား** " ကိုသုံးခြင်း သဘောပင်။

၁၄။ သိမ်းငှက်သည် သားကောင်ကို တိုက်ခိုက်၍ ၎င်း အစာကို ကိုက်ဖြတ်သတ်နိုင်၏။ ဘာကြောင့်လဲ။ ထိုသိမ်းငှက်၏ " **အချိန်ကိုက် ဆောင်ရွက်နိုင်မှု** " ကြောင့် ဖြစ်၏။

၁၅။ စစ်အတတ်ပညာ ကျွမ်းကျင်သူသည် အရှိန်အဟုန်တည်းဟူသော အတိုင်းအတာ ပမာဏကို အသုံးချလျက် စစ်နယ်အဝှမ်းကို ပျံ့နှံ့လွှမ်းမိုးနိုင်စွမ်း ရှိသည်။ သူ၏ ထိုးစစ်သည် တိကျမှန်ကန်သည်။ စနစ်ကျနလေသည်။

၁၆။ အချိန်တည်းဟူသော အတိုင်းအတာ ပမာဏ၊ မောင်းခလုပ်ကို ဖြုတ်ရာတွင် ချိန်သားမှန်စွာ ချိန်ရွယ်ထားနိုင်ခြင်း၊ ဒူးလေးမှ ဖြောင့်မတ်စွာ ထွက်သော မြှားကဲ့သို့ ပစ်မှတ်ဗဟို သို့ တိကျစွာ ထိဝင်လေသည်။

၁၇။ ဆူညံရှုပ်ထွေး၍ ယောက်ယက်ခတ်နေသော အသွင်သဏ္ဍာန်ဖြင့် စစ်မြေပြင်ကို မြင်ရတွေ့ရသော်လည်း မိမိတပ်များသည် စနစ်တကျ လှုပ်ရှားနိုင်ရမည်။ ဝါးအစည်းမပြေစေဘဲ တိုက်ပွဲဝင်ရမည်။ ထိုသို့ **"ကွပ်ကဲမှု မပျက်"** ရှိလျှင် စစ်မရှုံးနိုင်။

၁၈။ အသွင်သဏ္ဍာန် အပေါ်ယံအားဖြင့် ရှုပ်ထွေးနေဟန်ရှိနေပါစေ။ အနှစ်သာရအားဖြင့် **"တိကျသေသပ်သော စနစ်"** အတွင်းမှ ရှိရမည်။ အပြင်ပန်းမှာ သူရဲဘောကြောင်သလို ထင်ရပါစေ၊ အနှစ်သာရမှာမူ သတ္တိရှိနေရမည်။ အားနည်းချင်ဟန် ဆောင်ထားပြီး စွမ်းအားခိုင်မာတောင့်တင်းရမည်။

၁၉။ စနစ်တကျရှိခြင်းနှင့် ဖရိုဖရဲဖြစ်ခြင်းသည် တပ်စုဖွဲ့မှုအပေါ် မူတည်သည်။ ရဲရင့်ခြင်းနှင့် သွေးကြောင်ခြင်းသည် အခြေအနေပေါ် မူတည်သည်။ စွမ်းအားတောင့်တင်း

ခြင်းနှင့် အားနည်းခြင်းသည် “ **နေရာယူ ဖွဲ့စည်းခြင်း** ” အပေါ်မှာ မူတည်လေသည်။ (အချက်အခြာ မြေပေါ်မှာ နေရာယူထားရလျှင် ကြောက်ရွံ့တတ်သော စစ်သည်များလည်း ရဲဝံ့လာကြသည်။ ပုံသေမဟုတ်။ အခြေအနေ အရ ပြောင်းလဲနေကြသည်ပင် )

၂၀။ ရန်သူကို ရွှေ့လျားအောင် သွေးဆောင်ဖျားယောင်း၍ မိမိ အလိုအကြိုက်နှင့် ကိုက်ညီသော နေရာကို သူယူလာအောင် ဖန်တီးရမည်။

၂၁။ သို့ဖြစ်၍ စစ်အတတ်ပညာကျွမ်းကျင်သော စစ်သူကြီးသည် အခြေအနေရရှိသမျှ အတွင်းမှာ အောင်ပွဲကို ရအောင် ဖန်တီးတတ်သည်။ သူ၏ လက်အောက်ငယ်သားများထံမှ မိမိ လိုချင်သော အခြေအနေရရှိလာအောင် တောင်းဆိုနေလေ့ မရှိပေ။

၂၂။ အခြေအနေ အခါအခွင့်ကို အသုံးချ အမြတ်ထုတ်တတ်သော တပ်မှူးကောင်းများကို သူကရွေးချယ် တာဝန်ပေးတတ်သည်။ (ရဲရင့်သူက တိုက်စစ်တာဝန်၊ သတိရှိသူက ခံစစ်တာဝန်၊ စသည်)

၂၃။ မလုပ်နိုင်စွမ်းသော သူကို တာဝန်ကြီးလေးစွာ မပေးရ။ ကြံရည်ဖန်ရည် မရှိသူထံမှ လုပ်ငန်းပြီးမြောက်မှု မတောင်းဆိုရ။ တော်သူကို တော်သူအလျောက် တာဝန်ပေး၍ ချီးမြှောက်ရမည်။ *

၂၄။ အခြေအနေအတိုင်း ရပ်တည်တတ်သူကို နေရာချလျှင် ကျောက်တုံးကို မြေညီမှာ ချသကဲ့သို့ ရှိမည်။ မညီညာသော မြေပြင်မှာ ချလျှင် ရွေ့လျားလိမ့်မည်။ လေးထောင့်ကျလျှင် ရပ်သွားမည်။ လုံးဝန်းလျှင် သူသည် ဆက်လက်၍ လိမ့်ဆင်းသွားမည်။

၂၅။ ထို့ကြောင့် “ **စွမ်းရည် ဉာဏ်ရည်ရှိသော တပ်မှူးကောင်းများ** ”ကို ကွပ်ကဲမှု တာဝန်ပေးလိုက်ပါက လုံးဝန်းသောကျောက်တုံးသည် ဆင်ခြေလျှောတစ်လျှောက် လိမ့်ဆင်းရွေ့လျားသွားသကဲ့သို့ တိုက်ပွဲတွင် ရန်သူနောက်ကပ်လျက် ထပ်ချပ်မကွာ တိုက်ခိုက်၍ အပြီးတိုင်နှိမ်နှင်းချေမှုန်းလိုက်လေသည်။



---

* SAMUEL B. GRIFFITH ၏ စာအုပ်တွင် စာပိုဒ်အမှတ်(၂၃) မပါရှိပေ။ ထို့ကြောင့် တူမူး TU MU (၈၀၃-၈၅၂) ၏ ရှင်းပြချက်ကို ဖော်ပြလိုက်ပါသည်။

# VI

# WEAKNESSES AND STRENGTHS

Sun Tzu said:

1. Generally, he who occupies the field of battle first and awaits his enemy is at ease; he who comes later to the scene and rushes into the fight is weary.

2. And therefore those skilled in war bring the enemy to the field of battle and are not brought there by him.

3. One able to make the enemy come of his own accord does so by offering him some advantage. And one able to prevent him from coming does so by hurting him.

4. When the enemy is at ease, be able to weary him; when well fed, to starve him; when at rest, to make him move.

5. Appear at places to which he must hasten; move swiftly where he does not expect you.

6. That you may march a thousand *li* without wearying yourself is because you travel where there is no enemy.

7. To be certain to take what you attack is to attack a place the enemy does not protect. To be certain to hold what you defend is to defend a place the enemy does not attack.

8. Therefore, against those skilled in attack, an enemy does not know where to defend; against the experts in defence, the enemy does not know where to attack.

9. Subtle and insubstantial, the expert leaves no trace; divinely mysterious, he is inaudible. Thus he is master of his enemy's fate.

10. He whose advance is irresistible plunges into his enemy's weak positions; he who in withdrawal cannot be pursued moves so swiftly that he cannot be overtaken.

11. When I wish to give battle, my enemy, even though protected by high walls and deep moats, cannot help but engage me, for I attack a position he must succour.

12. When I wish to avoid battle I may defend myself simply by drawing a line on the ground; the enemy will be unable to attack me because I divert him from going where he wishes.

13. If I am able to determine the enemy's dispositions while at the same time I conceal my own then I can concentrate and he must divide. And if I concentrate while he divides, I can use my entire strength to attack a fraction of his. There, I will be numerically superior. Then, if I am able to use many to strike few at the selected point, those I deal with will be in dire straits.

14. The enemy must not know where I intend to give battle. For if he does not know where I intend to give battle he must prepare in a great many places. And when he prepares in a great many places, those I have to fight in any one place will be few.

15. For if he prepares to the front his rear will be weak, and if to the rear, his front will be fragile. If he prepares to the left, his right will be vulnerable and if to the right, there will be few on his left. And when he prepares everywhere he will be weak every where.

16. One who has few must prepare against the enemy; one who has many makes the enemy prepare against him.

17. If one knows where and when a battle will be fought his troops can march a thousand *li* and meet on the field. But if one knows neither the battleground nor the day of battle, the left will be unable to aid the right, or the right, the left; the van to support the rear, or the rear, the van. How much more is this so when separated by several tens of *li*, or indeed, by even a few!

18. Although I estimate the troops of Yüeh as many, of what benefit is this superiority in respect to the outcome?

19. Thus I say that victory can be created. For even if the enemy is numerous, I can prevent him from engaging.

20. Therefore, determine the enemy's plans and you will know which strategy will be successful and which will not;

21. Agitate him and ascertain the pattern of his movement.

22. Determine his dispositions and so ascertain the field of battle.

23. Probe him and learn where his strength is abundant and where deficient.

24. The ultimate in disposing one's troops is to be without ascertainable shape. Then the most penetrating spies cannot pry in nor can the wise lay plans against you.

25. It is according to the shapes that I lay the plans for victory, but the multitude does not comprehend this. Althought everyone can see the outward aspects, none understands the way in which I have created victory.

26. Therefore, when I have won a victory I do not repeat my tactics but respond to circumstances in an infinite variety of ways.

27. Now an army may be likened to water, for just as flowing water avoids the heights and hastens to the lowlands, so an army avoids strength and strikes weakness.

28. And as water shapes its flow in accordance with the ground, so an army manages its victory in accordance with the situation of the enemy.

29. And as water has no constant form, there are in war no constant conditions.

30. Thus, one able to gain the victory by modifying his tactics in accordance with the enemy situation may be said to be divine.

31. Of the five elements, none is always predominant; of the four seasons, none lasts forever; of the days, some are long and some short, and the moon waxes and wanes.



# သေနင်္ဗျူဟာ အတတ်ပညာ

## အခန်း(၆)

## အားသာချက်၊ အားနည်းချက်

၁။ ယေဘုယျအားဖြင့် တိုက်ပွဲဆင်နွဲရာ စစ်မြေပြင်သို့ အရင်ဦးစွာ သိမ်းပိုက်ထားနိုင်သူက သူ့တပ်မတော်ကို သက်သာသော အနေအထားဖြင့် အနားယူအားဖြည့်ကာ တစ်ဘက် ရန်သူအား အသင့်စောင့်နိုင်သော အခွင့်အရေး ရလေသည်။ နောက်ကျပြီး ဝင်ရောက်လာရသူက ကမန်းကတန်း အလျင်စလို ရှိတတ်၏။ ခရီးပန်းခြင်း၊ အားကုန်ခမ်းခြင်းအပြင် အမောတကော အခြေအနေနှင့် တိုက်ပွဲဝင်ရတတ်၏။

၂။ သို့ဖြစ်ရကား စစ်အတတ်ပညာကျွမ်းကျင်သော စစ်သူကြီးတို့သည် **လက်ဦးမှု**ကို ယူသည်။ အခြေအနေဖန်တီးပိုင်ခွင့်ကို အခြားတစ်ဘက်က မရအောင် ရှေးဦးစွာ ဟန့်တားတတ်သည်။

၃။ အချို့က ရန်သူ့တပ်ကို မိမိလိုလားသော စစ်မြေပြင်သို့ ရောက်ရှိလာအောင် သွေးဆောင်မြှူဆွယ်၍ ခေါ်သည်။ အကျိုးရှိမယောင် ထင်မှတ်ပြီး သူ့သဘောဆန္ဒနှင့် ဝင်လာအောင် ဆွဲဆောင်တတ်သည်။ မိမိမရောက်စေလို

သော နေရာကို ရန်သူမချဉ်းကပ်ရဲအောင် ခြိမ်းခြောက်ပြီးကာကွယ်ထားသည်။ (မလာစေလိုသော နေရာကို အမဲလိုက်သလို မောင်းထုတ်ထားတတ်သည်)

၄။ ရန်သူ သက်သက်သာသာရှိနေသောအခါ အလုပ်ပိုများပြီး မောပန်းအောင် လုပ်ဆောင်ပါ။ ကောင်းကောင်းစားနေရလျှင် ငတ်မွတ်အောင် ပိတ်ဆို့ပါ။ အနားယူနေလျှင် အေးအေးဆေးဆေး မနားရအောင် အလုပ်ပေးပါ။ နှိုးဆွပါ။ ရန်စပါ။

၅။ ရန်သူအလျင်စလို အဆောတလျင် ဖြစ်စေမည့်နေရာကဘွားခနဲ ပေါ်ပြလိုက်ပါ။ သင့်ကို ရန်သူက မမျှော်လင့်ထားသောနေရာသို့ လျင်မြန်စွာ ချီတက်လှုပ်ရှားလိုက်ပါ။

၆။ သင်သည် ခရီးမဖင့်မနှေးဘဲ မိုင်ပေါင်းများစွာ မပင်မပန်း ချီတက်နိုင်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သင်၏ လမ်းကြောင်းတစ်လျှောက်၌ ရန်သူမရှိသောကြောင့် ဖြစ်၏။

၇။ ရန်သူကာကွယ်သိမ်းပိုက်မထားသော နေရာကို ဦးစားပေးတိုက်ခိုက်ရယူရန် သေချာစွာ မှတ်သားပါ။ ရန်သူမတိုက်လာလောက်သည့်နေရာမှာ ခံစစ်ဆင်ရန် သိမ်းပိုက်ထားရမည်။

၈။ ထို့ကြောင့် ထိုးစစ်အတတ်ပညာတွင် ကျွမ်းကျင်သူသည် ရန်သူ ဘယ်နေရာက ခံစစ်ဆင်ရမှာမှန်း မသိအောင်

လုပ်တတ်သည်။ ခံစစ်အတတ်ပညာတွင် ကျွမ်းကျင်သူက ရန်သူဘယ်နေရာကို တိုက်ရမည်မှန်း မဝေခွဲတတ်အောင် လုပ်ဆောင်တတ်သည်။

၉။ ခြေရာကောက်လို့ မရအောင်၊ အထောက်အထား ရှာလို့မရအောင် ပါးနပ်သော ပရိယာယ်ဝေဝုစ်တို့ဖြင့် လျှို့ဝှက်ကျစ်လျစ်သည်။ ရန်သူက အဓိပ္ပါယ်စမ်းဝါး၍ မရအောင်ဖြစ်စေသည်။ သို့ဖြစ်၍ ရန်သူက မတွက်ဆနိုင်။ သို့ဖြစ်၍ စစ်သေနင်္ဗျူဟာ ကျွမ်းကျင်သူသည် ရန်သူ၏ ကံကြမ္မာကို ကိုင်တွယ် ခြယ်လှယ်နိုင်သည်။ သာလွန်သော အင်အားကို စုရုံး၍ ရန်သူအားနည်းရာကို မိမိရွေးချယ်သော အချိန်နှင့် နေရာမှာ တိုက်ပွဲဆင်နွှဲ၍ အောင်ပွဲယူတတ်လေသည်။

၁၀။ ရန်သူအားနည်းသော နေရာမှာ မခုခံနိုင်အောင် ထိုးဖောက်နိုင်သည်။ ဆုတ်ခွာသည့်အခါ ရန်သူလိုက်လို့ မမီအောင် လျင်မြန်စွာ ရွေ့လျားနိုင်သည်။ လေ၏ အသွင်လျင်မြန်စွာ လာတတ်ရသည်။ အလင်းရောင်လျှပ်ပျက်သည့်ပမာ အမြန်ဆုံး ဆုတ်ခွာတတ်ရသည်။

၁၁။ ရန်သူသည် မြင့်မားသော နံရံတံတိုင်းများ၊ မြို့ရိုးခံတပ်များ၊ ကျုံးများဖြင့် မည်သို့ပင်ကာကွယ် ခုခံပါစေ၊ မိမိထိုးစစ်ဆင်လိုက်သည့်အခါ အချည်းနှီးသာ ဖြစ်စေရမည်။

၁၂။ တိုက်ပွဲကို မိမိရှောင်လွှဲလိုသောအခါ ရန်သူသည် မိမိကို မတိုက်ရဲအောင် လုပ်ဆောင်နိုင်ရမည်။ ရန်သူရောက်ချင်သောနေရာသို့ မရောက်ဘဲ သွေဖီသွားစေအောင် လုပ်ဆောင်နိုင်ရမည်။

၁၃။ မိမိတပ်အင်အား မည်မျှရှိသည်၊ ဘယ်မှာရှိသည် တို့ကို ရန်သူမသိအောင် ဖုံးကွယ်ထားပြီး ရန်သူ၏ အနေအထားကို ကောင်းစွာသိအောင် ရယူလျက် ရန်သူပြိုကွဲအောင် စုးစုးစိုက်စိုက် အင်အားစုပြုပြီး တိုက်နိုင်ရမည်။ မိမိတပ်က တစ်စုတစ်စည်းတည်း အင်အားထုထည်ကြီးမားပြီး ရန်သူက ပြိုကွဲသွားသောအခါ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားအောင် ချေမှုန်းရမည်။ သာလွန်သော အင်အားဖြင့် စွမ်းအားကုန်တိုက်ခိုက်လျက် ရန်သူကို ကြောက်ဖွယ်လိလိ ဒုက္ခအကျဉ်းအကျပ်တွေ့ကာ အရှုံးပေးစေရမည်။

၁၄။ ရန်သူက မိမိမည်သည့် စစ်မျက်နှာဘက်က ထိုးဖောက်မည်ကို မသိစေရ။ ထိုသို့ မိမိ၏ ကြံရွယ်ချက်ကို ရန်သူကမသိရှိသောအခါ ရန်သူအဖို့ နေရာများစွာ၌ စစ်မျက်နှာဖြန့်ခွဲ၍ အသင့်ဖြစ်အောင် ပြင်ဆင်လုပ်ဆောင်ရမည်ဖြစ်၏။ ရန်သူအနေနှင့် ထိုသို့ပြင်ဆင်ရသောကြောင့် မိမိအတွက် စိတ်ကြိုက်နေရာကို သေချာစွာရွေး၍ တိုက်သောအခါ ရန်သူ့အင်အား အနည်းငယ်ကိုသာ မိမိပိုင်နိုင်စွာ တိုက်ခိုက်နိုင်မည့် အခွင့်အရေးရ၏။

၁၅။ ရှေ့တန်းကို ရန်သူအင်အားဖြည့်ထားလျှင် သူ၏နောက်ပိုင်းသည် အားနည်းမည်။ နောက်ပိုင်းကို အင်အားကောင်းအောင် ပြင်ဆင်ထားရလျှင် ရှေ့ပိုင်းသည် ကျိုးပေါက်လွယ်မည်ဖြစ်၏။ ဘယ်ဘက်စစ်မျက်နှာကို ရန်သူအသင့်ပြင်ဆင်ထားလျှင် ညာဘက်သည် ပြိုကွဲလွယ်မည့်အနေအထားရှိ၏။ ညာဘက်ကို အားတောင့်အောင် စုဖွဲ့ပြင်ဆင်ခဲ့သော် ဘယ်ဘက်တောင်ပံသည် အားနည်းနေလိမ့်မည်ဖြစ်၏။ ထို့အတူ ဘက်ပေါင်းစုံနေရာတိုင်းနေရာတိုင်းမှာ အသင့်ဖြစ်အောင် ပြင်ဆင်ထားလျှင် အမှန်ပင် နေရာတိုင်းမှာ အားနည်းချက် ဟာကွက်များရှိရပေတော့မည်။

၁၆။ မိမိမှာ အင်အားနည်းသော် ရန်သူကို ရင်ဆိုင်နိုင်အောင် အသင့်ပြင်ရမည်။ မိမိက အင်အားများပြားလျှင် ရန်သူက အသင့်ပြင်ဆင်စုဖွဲ့မှု ပြန့်ကျဲဖြန့်ခွဲကာ ပြင်ဆင်စေအောင် လုပ်ဆောင်ရမည်။

၁၇။ ဘယ်အချိန်မှာ၊ ဘယ်နေရာမှာ၊ စစ်ပွဲတိုက်ခိုက်ရမည်ကို သိလျှင် မိုင်ပေါင်းမည်မျှပင် ခရီးဝေးပါစေ၊ စစ်မြေပြင်သို့ ချီတက်ပေလော့။ စစ်ပွဲနေရာကိုလည်း မသိ၊ တိုက်ပွဲနေ့ရက်ကိုလည်း မသိ၊ ဖြစ်နေခဲ့သော် ဘယ်ဘက်က ညာဘက်ကို မကူနိုင်။ ညာဘက်က ဘယ်ဘက်ကို မကယ်နိုင် ဖြစ်ရတတ်၏။ တိုက်ပွဲဆင်နွှဲမည့်နေရာနှင့် အချိန်ကို ရွေးချယ်တတ်သူသည် သေနင်္ဗျူဟာ စစ်အတတ်ပညာ ကျွမ်းကျင်သူဖြစ်၏။

၁၈။ ယွေ့တပ်တော်သည် အင်အားများနိုင်သမျှ များလှုပြီဟု (ဆွန်ဇုက) ခန့်မှန်းသုံးသပ်သော်ငြားလည်း အကျိုးရလဒ်နှင့် စပ်လျဉ်း၍ အမြတ်ထုတ်နိုင်အောင် ဒေသအလိုက် ရန်သူထက် အင်အားပိုမိုသာလွန် စုစည်းနိုင်လျှင် တော်လောက်ပြီ။

၁၉။ ထို့ကြောင့် အောင်ပွဲသည် ဖန်တီးရယူနိုင်သည်ဟု ဆိုရမည်။ ရန်သူက အင်အားများမြောင်သည်ဖြစ်စေ ရင်ဆိုင်ပြီး ရန်သူကို တားဆီးနိုင်ရ၏။

၂၀။ သို့ဖြစ်၍ ရန်သူ၏ စီမံချက်ကို မိမိက သိရှိရမည်။ မည်သည့် စစ်မဟာဗျူဟာသည် အောင်မြင်စေနိုင်လိမ့်မည်ဟု ရွေးချယ်တတ်ရမည်။

၂၁။ ရန်သူကို နှိုးဆွ၊ သွေးတိုးစမ်းလျက် သူ၏ ရွေ့လျားမှုအဆင်၊ အသွင်အပြင်ကို လေ့လာဆုံးဖြတ်နိုင်ရမည်။

၂၂။ သူ၏ တပ်အခင်းအကျင်း စုဖွဲ့ထားပုံကို နားလည်ရမည်။ သေရေးရှင်ရေး အဆုံးအဖြတ်ပေးမည့် (မိမိက အလေးသာမည့်) တိုက်ပွဲစစ်မြေပြင်ကို ရွေးချယ်ဆုံးဖြတ်ရမည်။

၂၃။ ရန်သူကို အကဲစမ်းရမည်။ ဘယ်နေရာတွင် သူ၏ တပ်ထု အင်အားများသနည်း။ ဘယ်နေရာမှာ တပ်အင်အား နည်းပါးသနည်း။ စူးတံကလောင်နှင့် ထိုး၍ နမူနာကြည့်ရှုသကဲ့သို့ သိအောင် ထောက်လှမ်းရမည်။

၂၄။ ရန်သူ၏ အသွင်သဏ္ဌာန်ကို သေချာအောင် စုံစမ်းခြင်း မရှိဘဲ မိမိတပ်ကို ဖြန့်ခွဲနေရာချခြင်း မပြုရ။ မိမိနေရာယူ စီမံပုံကို ရန်သူ၏ အတွင်းနက်အောင် ထိုးဖောက်နိုင်သည့် သူလျှိုတို့ပင် မစပ်စုနိုင်စေရ။ မိမိတပ်ဖြန့်ပုံကို ရန်သူ မသိသမျှ စီမံချက် မဆွဲနိုင်ဘဲ ရှိစေရမည်။

၂၅။ အောင်ပွဲရယူရန် မိမိစီမံပုံကို ပုံဖော်နေသော်လည်း လူအများက နားမလည်စေရ။ မခန့်မှန်းတတ်စေရ။ အပြင်ပန်း အမြင်မှာ ဘာမှန်းမသိရအောင် ဖုံးကွယ်လျှို့ဝှက်ရမည်။ အောင်ပွဲကို ဘယ်လို ဖန်တီးမှာလဲ မည်သူမှ မရိပ်မိစေရ။

၂၆။ ထို့ကြောင့် အောင်ပွဲတစ်ခု ဆွတ်ခူးရရှိပြီးပါက နောက်တစ်ကြိမ်ထပ်မံ၍ အလားတူနည်းကို အသုံးမပြုရ။ အခြေအနေနှင့် ဆီလျော်လိုက်လျောမည့် အခြားသော မရေမတွက်နိုင်သည့် နည်းလမ်းများထဲမှာ ရွေးချယ်တုံ့ပြန်ရမည်။

၂၇။ **“ စစ်ရေးနည်းဗျူဟာ အခြေခံမူသည် ရေနှင့်တူသည်။”** စီးဆင်းနေသော ရေအလျဉ်သည် မြင့်ရာကို ရှောင်ကွင်း၍ နိမ့်ရာသို့ လျင်မြန်စွာ စီးဆင်းသွားလေ့ ရှိသကဲ့သို့ စစ်တပ် တစ်တပ်သည်လည်း စစ်တိုက်သောအခါ အင်အားကြီးမားသော နေရာကို ရှောင်ရှားကာ အင်အားချည့်နဲ့သော နေရာကိုရွေး၍ ထိုးနှက်တိုက်ခိုက်ရာ၏။ အမာကိုရှောင် အမွကို တိုက်ရမည်။

၂၈။ ရေသည် မြေပြင်၏ အနေအထား ပုံသဏ္ဍာန်နှင့် လျော်ညီစွာ ယင်း၏ ပုံသဏ္ဍာန်ကို ဆောင်ယူလေ့ရှိသကဲ့သို့ တပ်မတော်တစ်ခုသည်လည်း ရန်သူ၏ အခြေအနေနှင့် လျော်ညီစွာ မိမိ၏ အောင်မြင်မှုကို ဖန်တီးယူရမည်။

၂၉။ **" ရေသည် တိကျသော ပုံသဏ္ဍာန် အမြဲတစေမရှိ။ အလားတူ စစ်ရေးစစ်ရာတွင်လည်း ပုံသေချမှတ်ထားသော အခြေအနေဟူ၍ မရှိ။ တရားသေ မဆုပ်ကိုင်ရ။ "**

၃၀။ သေနင်ဗျူဟာ စစ်အတတ်ပညာတွင် စိတ်ဓာတ်ရေးရာ လွှမ်းမိုးမှု၊ ရာသီဥတု၊ မြေအခြေအနေ၊ ခေါင်းဆောင်ကွပ်ကဲမှု၊ သွန်သင်ခြင်း(ဩဝါဒ)ဟူသော အခြေခံ ၅ချက် မှလွဲ၍ အခြားမည်သည့် အရာကမှ အမြဲတစေ မသာလွန်။ ရာသီဥတုလေးမျိုး*မှအပ ဘယ်သောအခါမှ ရာသီအသစ် မလာနိုင်။ နေ့တာသည် တိုသည့်အခါ တိုမည်။ ရှည်သည့်အခါ ရှည်မည်။ လသည် ဆန်းသည့်အခါ ဆန်းမည်။ လပြည့်ကျော်ကာ ဆုတ်သည့်အခါ ဆုတ်မည်။ (အခြေခံ ၅ မျိုးကို ဖွင့်ဆိုရာ၌ အချို့စာအုပ်က သတ္တု၊ သစ်သား၊ ရေ၊ မီး၊ မြေကြီးဟု ဖော်ပြပုံ တစ်နည်း တွေ့ရ၏။)

---

* ရာသီဥတုလေးမျိုး = တရုတ်ပြည်တွင် နွေ၊ မိုး၊ဆောင်းနှင့် နွေဦးပေါက် ရာသီဟု ၄ ရာသီ ရှိသည်။ မြန်မာပြည်တွင် ဥတုသုံးလီသာ ရှိသည်။

# VII

# MANOEUVRE

SUN TZU said:

1. Normally, when the army is employed, the general first receives his commands from the sovereign. He assembles the troops and mobilizes the people. He blends the army into a harmonious entity and encamps it.

2. Nothing is more difficult than the art of manoeuvre. What is difficult about manoeuvre is to make the devious route the most direct and to turn misfortune to advantage.

3. Thus, march by an indirect route and divert the enemy by enticing him with a bait. So doing, you may set out after he does and arrive before him. One able to do this understands the strategy of the direct and the indirect.

4. Now both advantage and danger are inherent in manoeuvre.

5. One who sets the entire army in motion to chase an advantage will not attain it.

6. If he abandons the camp to contend for advantage the stores will be lost.

7. It follows that when one rolls up the armour and sets out speedily, stopping neither day nor night and marching at double time for a hundred *li*, the three commanders will be captured. For the vigorous troops will arrive first and the feeble straggle along behind, so that if this method is used only one-tenth of the army will arrive.

8. In a forced march of fifty *li* the commander of the van will fall, and using this method but half the army will arrive. In a forced march of thirty *li*, but two-thirds will arrive.

9. It follows that an army which lacks heavy equipment, fodder, food and stores will be lost.

10. Those who do not know the conditions of mountains and forests, hazardous defiles, marshes and swamps, cannot conduct the march of an army;

11. Those who do not use local guides are unable to obtain the advantages of the ground.

12. Now war is based on deception. Move when it is advantageous and crate changes in the situation by dispersal and concentration of forces.

13. When campaigning, be swift as the wind; in leisurely march, majestic as the forest; in raiding and plundering, like fire; in standing, firm as the mountains. As unfathomable as the clouds, move like a thunderbolt.

14. When you plunder the countryside, divide your forces. When you conquer territory, divide the profits.

15. Weigh the situation, then move.

16. He who knows the art of the direct and the indirect approach will be victorious. Such is the art of manoeuvring.

17. The Book of Military Administration says: 'As the voice cannot be heard in battle, drums and bells are used. As troops cannot see

each other clearly in battle, flags and banners are used'.

18. Now gongs and drums, banners and flags are used to focus the attention of the troops. When the troops can be thus united, the brave cannot advance alone, nor can the cowardly withdraw. This is the art of employing a host.

19. In night fighting use many torches and drums, in day fighting many banners and flags in order to influence the sight and hearing of our troops.

20. Now an army may be robbed of its spirit and its commander deprived of his courage.

21. During the early morning spirits are keen, during the day they flag, and in the evening thoughts turn toward home.

22. And therefore those skilled in war avoid the enemy when his spirit is keen and attack him when it is sluggish and his soldiers homesick. This is control of the moral factor.

23. In good order they await a disorderly enemy; in serenity, a clamorous one. This is control of the mental factor.

24. Close to the field of battle, they await an enemy coming from afar; at rest, an exhausted enemy; with well-fed troops, hungry ones. This is control of the physical factor.

25. They do not engage an enemy advancing with well-ordered banners nor one whose formations are in impressive array. This is control of the factor of changing circumstances.

26. Therefore, the art of employing troops is that when the enemy occupies high ground, do not confront him; with his back resting on hills, do no oppose him.

27. When he pretends to flee, do not pursue.

28. Do not attack his *élite* troops.

29. Do not gobble proferred baits.

30. Do not thwart an enemy returning homewards.

31. To a surrounded enemy you must leave a way of escape.

32. Do not press an enemy at bay.

33. This is the method of employing troops.



# သေနင်္ဗျူဟာ အတတ်ပညာ

## အခန်း(၇)

## စစ် က စား ခြင်း

၁။ ပုံမှန်သဘောအားဖြင့် တပ်မတော်တစ်ခုကို တာဝန်တစ်ရပ်ပေးအပ်မည်ဆိုလျှင် အုပ်စိုးသူ ဘုရင်မင်းသို့မဟုတ် သမ္မတက စစ်သူကြီးကို တာဝန်လွှဲအပ်လိုက်ခြင်းပင်ဖြစ်၏။ စစ်သူကြီးက တပ်တောင်တာဗိုလ်ထုကို စုဝေးလိုက်သည်။ ပြည်သူလူထုကို လိုအပ်သလို စစ်စည်းရုံးမှုကို ပြုသည်။ သူသည် တပ်မတော်ကို အမှန်စင်စစ် တည်ရှိသော ပကတိအခြေအနေနှင့် ဆီလျော်စွာ ရောနှောဆက်စပ်၍ တပ်စွဲရလေသည်။

၂။ စစ်ကစားခြင်းအတတ်ပညာထက် မည်သည့်အရာကမှ သာလွန်ခက်ခဲခြင်းမရှိ။ စစ်ကစားခြင်းအရာမှာ ဘာကခက်ခဲသနည်းဆိုလျှင် တိမ်းစောင်းကွေ့ကောက်သော လမ်းကြောင်းကို တိုက်ရိုက်ဖြောင့်အောင် ဖောက်ရပါမည်။ ကံဆိုးမိုးမှောင်များကို ကောင်းကျိုးရလဒ်ဖြစ်အောင် ပြောင်းလဲရမည်။ ထိုတာဝန်များဖြစ်၏။

၃။ ထို့ကြောင့် သွယ်ဝိုက်သော လမ်းကြောင်းကို အသုံးပြုချီတက်စေရမည်။ ရန်သူကို ငါးစာချသွေးဆောင်ဖျား

ယောင်းလျက် သူ၏ မူလလမ်းကြောင်းမှ သွေဖီစေရမည်။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် တိုက်ပွဲစစ်မြေပြင်သို့ မိမိက သူ့အရင်ဦးစွာ နေရာယူထားနိုင်ရမည်။ မိမိကမူ အစော ဆုံးအမြန်ဆုံးရောက်အောင် ချီတက်နိုင်ရမည်။ အတိုဆုံး လမ်းကို သုံးသင့်လျှင် သုံးပါ။ ဤအချက်ကို လက်တွေ့ အသုံးချတတ်လျှင် တိုက်ရိုက်နှင့် သွယ်ဝိုက်စစ်မဟာဗျူ ဟာကို နားလည်ကျွမ်းကျင်သူ ဖြစ်မည်။

၄။ စစ်ကစားရာတွင် အကျိုးနှင့် အန္တရာယ် (အကောင်းရော အဆိုးပါ)သည် ဒွန်တွဲလျက် ပါရှိတတ်သည်။

၅။ သင်သည် ထောက်ပံ့ရေးတပ်၊ ခဲယမ်းတပ်များအပါအဝင် တပ်တော်စုဝင်အားလုံးကို တစ်စုတစ်စည်းတည်း ချီတက် ရွေ့လျားမည်ဆိုလျှင် မမြန်ဆန်နိုင်။ နှေးမည်။ ခရီး မတွင်။ နောက်ကျမည်။ အမြတ်မရနိုင်။

၆။ လေးလံနှေးကွေးသော တပ်ရင်းတပ်ဖွဲ့များကို ချန်ထားပြီး လျင်မြန်ပေါ့ပါးသော တပ်များချည်း စစ်မြေပြင်သို့ အမြန် ရောက်အောင် ချီတက်မည်ဆိုပါစို့။ ရန်သူထက်တော့ စောပြီး လက်ဦးစွာ ရောက်မည်မှန်၏။ အရေးကြုံခဲ့သော် ရိက္ခာ၊ ခဲယမ်းထောက်ပံ့မှုနှင့် အလှမ်းကွာဝေး အဆက် ပြတ်သဖြင့် အန္တရာယ်။ အခက်တွေ့ဖွယ်။

၇။ ကြံ့ခိုင်သန်မာသောတပ်များ ရှေ့ကရောက်နိုင်သလောက် သွား။ နောက်က အမြောက်တပ်၊ ဝန်တင်တပ်များ၊ နား

နားနေနေ စခန်းတစ်ထောက်ပြီး တစ်ထောက် လိုက်ပါခဲ့ကြ၊ ဆိုပါကလည်း ဤနည်းလမ်းတွင် ခရီးရှည်သည်နှင့် အမျှ စစ်မြေပြင်သို့ ဆယ်ပုံတစ်ပုံလောက်သာ တပ်အချိန်မီ(မိမိလိုချင်သောအချိန်)ရောက်ပေမည်။

၈။ လီငါးဆယ်ခရီးအကွာအဝေးမျိုးကို ခရီးပြင်းချီတက်မည်ဆိုပါစို့။ တပ်မှူးကွပ်ကဲသူနှင့် တပ်ဦးသည် မိမိတပ်အင်အားတစ်ဝက်လောက်သာ ပါလိမ့်မည်။ လီသုံးဆယ်အကွာအဝေးကို ထိုသို့ အမြန်ခရီးပြင်း ချီတက်သည်ဖြစ်အံ့။ သုံးပုံနှစ်ပုံသော တပ်အင်အားသာလျှင် အအုပ်အစီးမပျက် အတူတကွ ရောက်နိုင်ကြလိမ့်မည်။

၉။ အကယ်၍ တပ်မတော်တစ်ခုသည် လေးလံသော စစ်ပစ္စည်းများ ရိက္ခာ၊ ဝန်စည်စလွယ်များမပါဘဲ ချန်ထားရစ်မည်ဆိုလျှင် အစားအစာနှင့် အရံပစ္စည်းများ ဆုံးရှုံးနိုင်လေသည်။

၁၀။ တောင်များအကြောင်း၊ တောများအကြောင်း၊ ခက်ခဲသောလွင်ပြင်များ၊ ရွှံ့နွံများ၊ နုံးမြေစိမ့်မြေနှင့်အင်းအိုင်များအကြောင်းတို့ကို ကောင်းစွာမသိသော သူသည် တပ်မတော်တစ်ခုချီတက်မှုကို အောင်မြင်စွာ မကွပ်ကဲမစီမံနိုင်။မြေပြင်အခြေအနေနှင့် ပထဝီဝင်ကို ကျွမ်းကျင်ရမည်။

၁၁။ ဒေသခံလမ်းပြကို အသုံးမချလျှင် သဘာဝမြေအနေအထားကို အကျိုးရှိစွာ အသုံးမချနိုင်။ (ဒေသန္တရ ဗဟုသုတကို ဆည်းပူးမေးမြန်းအပ်သည်။)

၁၂။ **အမှန်စင်စစ် စစ်ဟူသည် လှည့်စားမှုအပေါ်တွင် အခြေခံသည်။** ပြောင်းလွယ်ပြင်လွယ်သော အခြေအနေကိုလိုက်၍ အမြတ်ထုတ်လှုပ်ရှားနိုင်ရမည်။ တပ်ကို အမြန်ဖြန့်ခွဲနိုင်ရမည်။ တပ်ကို အမြန် စုစည်းနိုင်ရမည်။ (ထိုသို့စစ်ကစားနိုင်စေရန် ဆက်သွယ်မှု၊ ကွပ်ကဲမှု၊ ပါးနပ်လိမ္မာမှု၊ အပင်ပန်းခံနိုင်မှု စသည်တို့ ပြည့်စုံစေရမည်။)

၁၃။ စစ်မြေပြင်တွင် စစ်ဆင်ရာ၌ လျင်မြန်ရမည်။ လေကဲ့သို့ပင် လျင်မြန်ပါစေ။ အနှေးချီတက်ရာတွင် တောအုပ်ကဲ့သို့ တည်ကြည်ငြိမ်သက်ပါစေ။ ချေမှုန်းသုတ်သင်စီးနင်းရာတွင် မီးကဲ့သို့ကြောက်မက်ဖွယ်ရာ လောင်ကျွမ်းလော့။ ခုခံရာ၌ မယိမ်းမယိုင် ကျောက်တောင်ကျောက်ဆောင်ကြီးကဲ့သို့ ခိုင်မတ်လော့။ ပုန်းကွယ်ရာ၌ မမြင်နိုင်အောင် ညဥ့်အမှောင်ပမာ မည်းမှောင်စွာ ဖုံးကွယ်လော့။ အငိုက်ဖမ်းတိုက်ခိုက်ရာတွင် မိုးချုန်းသံကဲ့သို့ တုန်လှုပ်ချောက်ချားစေလော့။

၁၄။ နယ်စွန်နယ်ဖျားများကို လုယက်လျှင် သင်၏တပ်ကို ခွဲဝေပေးလော့။ နယ်မြေတစ်နေရာရာကို သိမ်းပိုက်အောင်နိုင်ခဲ့သော် အကျိုးအမြတ်တို့ကို မျှဝေပေးလော့။ (စစ်သည်တော်တို့ကို ပျော်ရွှင်တက်ကြွအောင် ချီးမြှင့်ပေးကမ်းရမည်)

၁၅။ အခြေအနေကို စေ့စပ်သေချာစွာ ချိန်ဆပါ။ ထို့နောက်မှ တပ်ကို ရွှေ့လျားပါ။ (မချီတက်မီ သတင်းစုံစွာ ထောက်လှမ်းသုံးသပ်ရမည်)

၁၆။ တိုက်ရိုက်နည်းနှင့် သွယ်ဝိုက်ချဉ်းကပ်နည်း အတတ်ပညာကို နားလည်သိမြင်သူသည် အောင်ပွဲခံမည်ဖြစ်၏။ ယင်း အချက်သည် စစ်ကစားခြင်း အတတ်ပညာ၏ အညွှာပင်ဖြစ်၏။

၁၇။ စစ်ဘက်အုပ်ချုပ်ရေး ကျမ်းတို့မှာ ဆိုသည်ကား တိုက်ပွဲကြားတွင် အော်သံ၊ ခေါ်သံ၊ အမိန့်သံတို့ကို မကြားနိုင်။ စစ်စည်စစ်မောင်း၊ ခေါင်းလောင်း၊ ခရာသံတို့ကို အသုံးပြုလော့။ တိုက်ပွဲ ရုတ်ရုတ်သဲသဲကြားတွင် တစ်တပ်နှင့် တစ်တပ် မခွဲခြားနိုင်။ သို့ဖြစ်၍ အလံများ၊ တံခွန်များကို အသုံးပြုကြလော့။

၁၈။ ဤကဲ့သို့ စစ်စည်၊ စစ်မောင်း၊ စစ်ခရာ၊ အလံ၊ တံခွန်တို့ကို စစ်မြေပြင်မှာ သုံးစွဲခြင်းဖြင့် တပ်ဖွဲ့တို့သည် အချင်းချင်း စည်းလုံးညီညွတ်၏။ ရဲရင့်၏။ တပ်မကျွံစေရ။ တစ်ဖွဲ့တစ်ယောက်တည်း သူရဲဘောကြောင်စွာ မစွန့်ခွာစေရ။ ဤသည်ကား စနစ်တကျ တာဝန်ပေး ကွပ်ကဲကြီးကြပ်သော နည်းပင်ဖြစ်၏။

၁၉။ ညတိုက်ပွဲတွင် မီးတုတ်၊ မီးတိုင်၊ မီးမောင်းနှင့် စစ်စည် စစ်မောင်းတို့ကို သုံးလော့။ နေ့တိုက်ပွဲတွင် များစွာသော

အလံ၊ တံခွန်များကို သုံးလော့။ မိမိတပ်များသည် အမြင်အားဖြင့် အကြားအားဖြင့် စိတ်ဓာတ်နိုးကြားတက်ကြွ လွှမ်းမိုးစေရမည်။

၂၀။ တပ်မတော်တစ်ခုသည် စိတ်ဓာတ်ရေးရာ မြဲမြံခိုင်မာနေရမည်။ ယင်းအချက်သည် သူတို့ စစ်သူကြီး၏ ရဲရင့်သတ္တိ ပြည့်စုံမှုထံမှ စီးဆင်းကူးစက်ရသည်။

၂၁။ နံနက်ခင်းစောစောဆိုလျှင် စစ်သည်တော်တို့က တက်ကြွနေသည်။ နေ့လည်ခင်းတွင် ညွှတ်ကျချင်ပြီ။ ညနေခင်းဆိုလျှင် စိတ်က အိမ်ပြန်ဖို့ရာ စောနေကြလေပြီ။

၂၂။ ထို့ကြောင့် စစ်အတတ်ပညာသေချာစွာ တတ်ကျွမ်းသည့် ခေါင်းဆောင်သည် ရန်သူ၏တပ် ထက်မြက်တက်ကြွနေချိန်ကို မတိုက်။ ရှောင်၏။ ရန်သူပင်ပန်းနွမ်းလျမည့် အချိန်မျိုး စိတ်ဓာတ်ကျ၍ ညိုးရော်နေတတ်သော အချိန်မျိုးကို ရွေး၍ တိုက်တတ်၏။ ဤအချက်သည် စိတ်ဓာတ်ရေးရာကို အသုံးချ နည်း နမူနာတစ်ရပ်ဖြစ်သည်။

၂၃။ အချိန်အခါကို ရွေးရမည်။ ရန်သူယိုယွင်းပျက်ပြား အအုပ်အစည်းမဲ့ဖြစ်နေချိန်ကို ရွေး၍ချေမှုန်း တိုက်ခိုက်ရမည်။ စိတ်တည်ကြည်နေချိန်သွားတိုက်သော် ကြံ့ကြံ့ခံ ခုခံနိုင်နေမည် ဖြစ်၏။ ဤအချက်က စိတ်ပိုင်းဆိုင်ရာကို အသုံးချရန် တစ်ချက် ဖြစ်၏။

၂၄။ ရန်သူက အဝေးမှ အပြေးအလွှား ချီတက်လာရချိန်တွင် မိမိတပ်သည် ရည်မှန်းချက်နေရာမှာ အနီးလေးသာ ရှိစေရမည်။ နီးအောင် ကပ်ထားရမည်။ မောပန်းနွမ်းနယ်လာသော ရန်သူကို မိမိက အနားယူလျက် လန်းလန်းဆန်းဆန်း တက်တက်ကြွကြွနှင့် ရင်ဆိုင်ရမည်။ ရန်သူကို ငတ်မွတ်ခေါင်းပါးစေလော့။ မိမိတပ်ကို အစာရေစာပြည့်စုံဝလင်အောင် ကျွေးလော့။ ဤသည်ကား ကာယနှင့်ရုပ်ပိုင်းဆိုင်ရာ ထိန်းချုပ်နည်းတစ်ရပ်ပေတည်း။

၂၅။ အလံတံခွန်တလူလူနှင့် ဖွဲ့စည်းပုံမပျက် ချီတက်နေသော ရန်သူ့တပ်ကို ကြားဖြတ်မတိုက်နှင့်။ နေရာယူ စုဖွဲ့တပ်ချပုံကောင်းမွန်သောတပ်ကို ရင်ဆိုင်မတိုက်နှင့်။ ဤသည်ကား ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ကို သုံးသပ်၍ ဆုံးဖြတ်နည်း တစ်ရပ်ပေတည်း။

၂၆။ ရန်သူက ကုန်းမြင့်မှာ အခြေပြုသိမ်းပိုက်တပ်စွဲထားလျှင် မော့လှန်ပြီး မတိုက်လေနှင့်။ တောင်ကုန်းမှ ဆင်းလာတိုက်သည့် ရန်သူကိုလည်း ရှေ့တည့်တည့်(အနိမ့်မှ) မခံတိုက်လေနှင့်။

၂၇။ ထွက်ပြေးဟန် ပရိယာယ်ဆင်သော ရန်သူ၏ နောက်သို့ အလောတကြီး ထပ်ချပ်လိုက်စစ် မဆင်နှင့်။

၂၈။ ပေါ့ပါး သွက်လက်ထက်မြက်သော ရန်သူ့တပ်ကို မတိုက်ခိုက်လေနှင့်။

၂၉။ မျှားထားသော ငါးစာကို မဟပ်မိစေနှင့်။

၃၀။ သူ့တိုင်းပြည်(သို့)နေရပ်ဆီသို့ ဆုတ်ခွာနေသော တပ်ကို ထပ်ကျော့လာအောင် သွားမတိုက်လေနှင့်။

၃၁။ ရန်သူကို ဝိုင်းပတ်ပိတ်ဆို့တိုက်သောအခါ ဂယ်ပေါက် ထွက်ပေါက် တစ်ခုခုတော့ ပေးထားရမည်။

၃၂။ ရန်သူကို ရင်ဆိုင်ရာ၌ ပင်လယ်အော်ကို ကျောထားပိတ် ဆို့မတိုက်ရ။ (ရန်သူဆုတ်လမ်းမရှိတော့သဖြင့် သူက ဆင်ကန်းတောတိုးသဖွယ် တိုက်ခိုက်လာလျှင် မိမိတပ် အထိနာတတ်သည်)

၃၃။ ဤသည်ကား တပ်များကို စစ်ကစားပုံ နည်းနာနိဿယ တစ်ရပ်ပေတည်း။



---

အခန်း(၇)၊ အပိုဒ် ၁၁ တွင် အခြားစာအုပ်များ၌ပါဝင်သော **"အိမ်နီးနားချင်းတိုင်းပြည်၏ သဘောထား၊ ရည်ရွယ်ချက်ကို သေချာစွာ ခွဲခြားနားမလည်ဘဲ မဟာမိတ် မဖွဲ့အပ်"** အဆို သည် SAMUEL B. GRIFFITH ၏ ကျမ်းစာ၌ မတွေ့ ရပေ။

# VIII

# THE NINE VARIABLES

SUN TZU said:

1. In general, the system of employing troops is that the commander receives his mandate from the sovereign to mobilize the people and assemble the army.

2. You should not encamp in low-lying ground.

3. In communicating ground, unite with your allies.

4. You should not linger in desolate ground.

5. In enclosed ground, resourcefulness is required.

6. In death ground, fight.

7. There are some roads not to follow; some troops not to strike; some cities not to

assault; and some ground which should not be contested.

8. There are occasions when the commands of the sovereign need not be obeyed.

9. A general thoroughly versed in the advantages of the nine variable factors knows how to employ troops.

10. The general who does not understand the advantages of the nine variable factors will not be able to use the ground to his advantage even though familiar with it.

11. In the direction of military operations one who does not understand the tactics suitable to the nine variable situations will be unable to use his troops effectively, even if he understands the 'five advantages'.

12. And for this reason, the wise general in his deliberations must consider both favourable and unfavourable factors.

13. By taking into account the favourable factors, he makes his plan feasible; by taking

into account the unfavourable, he may resolve the difficulties.

14. He who intimidates his neighbours does so by inflicting injury upon them.

15. He wearies them by keeping them constantly occupied, and makes them rush about by offering them ostensible advantages.

16. It is a doctrine of war not to assume the enemy will not come, but rather to rely on one's readiness to meet him; not to presume that he will not attack, but rather to make one's self invincible.

17. There are five qualities which are dangerous in the character of a general.

18. If reckless, he can be killed;

19. If cowardly, captured;

20. If quick-tempered you can make a fool of him;

21. If he has too delicate a sense of honour you can calumniate him;
22. If he is of a compassionate nature you can harass him.

23. Now these five traits of character are serious faults in a general and in military operations are calamitous.

24. The ruin of the army and the death of the general are inevitable results of these shortcomings. They must be deeply pondered.

"စစ်သူကြီးဆွန်ဇူးသည် စစ်တိုက်ခြင်းနှင့်ပြိုင်ဆိုင်ခြင်း ဆိုင်ရာအောင်မြင်ရေး အခြေခံသဘောတရားများကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ခန့်မှစ၍သူ၏ 'သေနင်္ဂဗျူဟာ 'ကျမ်းတွင် ရေးသားထားသည်။ ဆွန်ဇူး၏ ဂန္ထဝင်ကျမ်းသည် တိုက်ပွဲအောင်မြင်ရေးအတွက် ယနေ့တိုင်ခေတ်မီအသုံးဝင်နေသောသည့် သေနင်္ဂဗျူဟာကျမ်း ဖြစ်၏"

ဒေါ်နယ်၊ ဂျီ၊ ကရောက့်စ်
(Donald G.Krause)
THE WAY OF THE LEADER

# သေနင်္ဂဗျူဟာ အတတ်ပညာ

## အခန်း(၈)

## ကိန်း ရှင် ကိုး ခု

၁။ စစ်သူကြီးသည် နိုင်ငံတော်အကြီးအကဲထံမှ အမိန့်ကို ရရှိသောအခါ စစ်အင်အား စုစည်းရမည်။ ပြည်သူလူထုကို စစ်စည်းရုံးမှု ပြုရသည်။ တပ်မတော်ကို ကြီးကြပ် ဖွဲ့စည်းရသည်။

၂။ **နိမ့်သော ပြန့်သော အန္တရာယ်များသော နေရာ၌** [၁] တပ် စခန်း မချရ။

၃။ မဟာမိတ်တပ်များနှင့် **လမ်းဆုံလမ်းခွ** [၂] မြို့ပြနေရာမျိုး၌ စုစည်းပေါင်းဆုံပါ။

၄။ တစ်သီးတစ်ခြားဖြစ်နေသော (သို့) **လှုပ်ရှားရခက်ခဲသော မြေ** [၃]အနေအထားမျိုးတွင် တပ်ချရပ်နားခြင်း မပြုရ။

၅။ **ချောင်ပိတ်မိပြီး အရှုံးခံရမည့် မြေ**[၄] မျိုးတွင် မိမိက ရောက်ရှိနေလျှင် ပရိယာယ်သုံးပါ။

---

* **ကိန်းရှင် ကိုးခု (၁ ၊၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉)**

၆။ **အသေခံရတော့မည့် အခြေအနေမျိုး**[၅] တွင် အစွမ်းကုန် တိုက်ခိုက်ဖောက်ထွက်ပါ။

၇။ **မလိုက်အပ်သည့်လမ်း**[၆] အချို့ ရှိသည်ကို သိရမည်။ **မတိုက်ရမည့် တပ်**[၇] အချို့ ရှိတတ်သည်။ **မချေမှုန်းရမည့် မြို့တော်**[၈] အချို့ ရှိတတ်သည်။ **မယှဉ်မပြိုင်အပ်သော မြေအနေ**[၉] အထား အချို့ရှိတတ်သည်။

၈။ ဘုရင်မင်းသမ္မတ၏ အမိန့်ပင် မှန်ပါစေ အခြေအနေ တစ်ရပ်ရပ်တွင် မလိုက်နာနိုင်သည့်အခါမျိုးလည်း ရှိတတ်ပေသည်။ (**လိုက်နာစရာမလိုသော အခြေအနေ**ကို ခွဲခြားနားလည် သိရှိရမည်)

၉။ အကျုံးဝင်သော အချက်များအနက်မှ မိမိအတွက် အကျိုးအမြတ်ရမည့် အချက်တို့ကို ဖော်ထုတ်တတ်သူသည် တပ်ကို မည်ကဲ့သို့ စုဖွဲ့ရမည်ကို ကောင်းစွာ နားလည်သည်။

၁၀။ အထက်ပါအချက်များကို သုံးသပ်ဖော်ထုတ်နိုင်စွမ်း မရှိသူသည် မိမိကျွမ်းဝင်ခဲ့သော မြေအနေအထားပင်ဖြစ်စေ အကျိုးရှိအောင် သုံးတတ်မည်မဟုတ်။

---

* **ကိန်းရှင် ကိုးခု (၁၊၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉)**

၁၁။ အခြေအနေ ကိုးချက်ကို တွက်ဆ၍ အခြေအနေနှင့် ဆီလျော်စွာ ဆက်စပ်မည့် နည်းဗျူဟာကို မကျင့်သုံး တတ်သူသည် တပ်ကို အကျိုးရှိအောင် အသုံးမချတတ်။

၁၂။ ဤအကြောင်းကြောင့် ပညာရှိသော စစ်သူကြီးသည် သူ၏ တပ်များကို ပေါင်းစပ်စုစည်း တိုက်ခိုက်ရာတွင် အခြေ အနေ အခွင့်သာမှုများ၊ အခွင့်အလမ်း မသာမှုများကို သေချာစွာ စေ့စပ်စွာ ဆင်ခြင်သုံးသပ်ရမည်။

၁၃။ အခွင့်အရေးသာကြောင်း တွက်ဆလျှင် အသုံးချမည့် စီမံချက်ကို ရေးဆွဲရမည်။ အခွင့်မသာသေးကြောင်း တွေ့ရလျှင် အခက်အခဲများကို ခွဲခြမ်းစိတ်ဖြာရမည်။

၁၄။ မိမိအား ရန်လိုသော အိမ်နီးနားချင်းမျိုးကို သူ့ အထိုက် အလျောက် အပြစ်ဒဏ်ခတ်ရမည်။ နည်းမျိုးစုံဖြင့် ပျက် စီးစေအောင် လုပ်နိုင်ရမည်။

၁၅။ သူတို့ကို အစဉ်ဒုက္ခပေးထားခြင်းဖြင့် အလုပ်ပိုတွေ များနေ အောင် ဖန်တီးလော့။ မိမိဖွင့်ပေးသောခွင်ထဲ ငန်းငန်း တက် ဝင်လာအောင် မက်လုံးပေးလော့။

၁၆။ ရန်သူလာလိမ့်မည်မဟုတ်ဟူသော ယူဆချက်ဖြင့် နေခြင်း ထက် ရန်သူနှင့် ရင်ဆိုင်ရလိမ့်မည်၊ အသင့်ရှိရမည် ဟူသော သဘောထားပေါ်တွင် ရပ်တည်ရမည်ဟု စစ် ဥပဒေက ပြဋ္ဌာန်းသည်။ ရန်သူက တိုက်လိမ့်မည်

မဟုတ်ဟု ယူဆချက်ပေါ် မူမတည်ရ။ တိုက်ခိုက်လာက အောင်မြင်စွာ ကာကွယ်နိုင်အောင် ပြင်ဆင်မည်ဟု ကြိုတင်မှတ်ယူရမည်။

၁၇။ စစ်သူကြီးကို ဆိုးကျိုးအန္တရာယ်ပြုနိုင်သော စရိုက် အရည်အသွေးငါးခုရှိလေသည်-

၁၈။ အမူမဲ့ အမှတ်မဲ့ ပေါ့ဆလျှင် အသက်ဆုံးရှုံးတတ်၏။

၁၉။ သူရဲဘောကြောင်လျှင် ရန်သူ့လက်တွင်း ကျတတ်၏။

၂၀။ စိတ်မြန်ကိုယ်မြန် ဆုံးဖြတ်တတ်လျှင် အလွဲလွဲ အမှားမှားဖြင့် ရန်သူ့လှည့်စားဖျားယောင်းမှုကို ခံရတတ်၏။

၂၁။ ဂုဏ်ပကာသန မက်မောမိလျှင် စော်ကားမော်ကားပြုခြင်း ခံရတတ်၏။

၂၂။ အသနား အကြင်နာ လွန်ကဲလျှင် မကြာခဏ စိတ်ညစ်ညူး ရတတ်၏။ (နောက်တစ်နည်း။ တစ်ခါတရံ မိမိလုပ်ရပ်မှန်သည့်တိုင် စေတနာ မလွန်ရန် ထိန်းချုပ်သင့်၏။ ဥပမာ . . . မိမိက အကြီးအကဲတစ်ဦးအနေဖြင့် လက်အောက်ငယ်သားများ၏ လုပ်ငန်းခွင်သို့ ကိုယ်တိုင် ကွင်းဆင်းပြီး ကြီးကြပ်အုပ်ချုပ်သူများအား အပေါ်စီးဖြင့် အမိန့်ပေးခြင်း၊ အာဏာပြခြင်းမျိုး မလုပ်သင့်၊ မိမိက တာဝန်လွှဲအပ်ထားသော ကြီးကြပ်အုပ်ချုပ်သူများ၏ လုပ်ပိုင်ခွင့်ကို လုယူရာရောက်တတ်၏။)

၂၃။ဤသည်ကား သတိထားဖွယ် အပြစ်ငါးမျိုးတည်း။ စစ်သူကြီး၏ ထိုချို့ယွင်းမှုကြောင့် စစ်ဆင်ရေး အစီအမံပျက်စီးရတတ်၏။

၂၄။တပ်တစ်တပ် ပျက်ပြီး စစ်သူကြီး ကျဆုံးအံ့။ ထိုသူသည် အထက်ပါ အမှားတစ်ခုခုကို လွန်ကဲစွာ ကျူးလွန်မိခဲ့သောကြောင့် ဖြစ်လိမ့်မည်။ သို့ဖြစ်၍ အထက်ပါ သင်ခန်းစာကို အလေးအနက် စဉ်းစားဆင်ခြင်အပ်၏။



# IX

# MARCHES

SUN TZU said:

1. Generally when taking up a position and confronting the enemy, having crossed the mountains, stay close to valleys. Encamp on high ground facing the sunny side.

2. Fight downhill; do not ascend to attack.

3. So much for taking position in mountains.

4. After crossing a river you must move some distance away from it.

5. When an advancing enemy crosses water do not meet him at the water's edge. It is advantageous to allow half his force to cross and then strike.

6. If you wish to give battle, do not confront your enemy close to the water. Take position on high ground facing the sunlight. Do not take position downstream.

7. This relates to taking up positions near a river.

8. Cross salt marshes speedily. Do not linger in them. If you encounter the enemy in the middle of a salt marsh you must take position close to grass and water with trees to your rear.

9. This has to do with taking up position in salt marshes.

10. In level ground occupy a position which facilitates your action. With heights to your rear and right, the field of battle is to the front and the rear is safe.

11. This is how to take up position in level ground.

12. Generally, these are advantageous for encamping in the four situations named. By using them the Yellow Emperor conquered four sovereigns.

13. An army prefers high ground to low; esteems sunlight and dislikes shade. Thus, while nourishing its health, the army occupies a firm position. An army that does not suffer from countless diseases is said to be certain of victory.

14. When near mounds, foothills, dikes or embankments, you must take position on the sunny side and rest your right and rear on them.

15. These methods are all advantageous for the army, and gain the help the ground affords.

16. Where there are precipitous torrents, 'Heavenly Wells', 'Heavenly Prisons', 'Heavenly Nets', 'Heavenly Traps', and 'Heavenly Cracks', you must march speedily away from them. Do not approach them.

17. I keep a distance from these and draw the enemy toward them. I face them and cause him to put his back to them.

18. When on the flanks of the army there are dangerous defiles or ponds covered with aquatic grasses where reeds and rushes grow, or forested mountains with dense tangled undergrowth you must carefully search them out, for these are places where ambushes are laid and spies are hidden.

19. When the enemy is near by but lying low he is depending on a favourable position. When he challenges to battle from afar he wishes to lure you to advance, for when he is in easy ground he is in an advantageous position.

20. When the trees are seen to move the enemy is advancing.

21. When many obstacles have been placed in the undergrowth, it is for the purpose of deception.

22. Birds rising in flight is a sign that the enemy is lying in ambush; when the wild animals are startled and flee he is trying to take you unaware.

23. Dust spurting upward in high straight columns indicates the approach of chariots. When it hangs low and is widespread infantry is approaching.

24. When dust rises in scattered areas the enemy is bringing in firewood; when there are numerous small patches which seem to come and go he is encamping the army.

25. When the enemy's envoys speak in humble terms, but he continues his preparations, he will advance.

26. When their language is deceptive but the enemy pretentiously advances, he will retreat.

27. When the envoys speak in apologetic terms, he wishes a respite.

28. When without a previous understanding the enemy asks for a truce, he is plotting.

29. When light chariots first go out and take position on the flanks the enemy is forming for battle.

30. When his troops march speedily and he parades his battle chariots he is expecting to rendezvous with reinforcements.

31. When half his force advances and half withdraws he is attempting to decoy you.

32. When his troops lean on their weapons, they are famished.

33. When drawers of water drink before carrying it to camp, his troops are suffering from thirst.

34. When the enemy sees an advantage but does not advance to seize it, he is fatigued.

35. When birds gather above his camp sites, they are empty.

36. When at night the enemy's camp is clamorous, he is fearful.

37. When his troops are disorderly, the general has no prestige.

38. When his flags and banners move about constantly he is in disarray.

39. If the officers are short-tempered they are exhausted.

40. When the enemy feeds grain to the horses and his men meat and when his troops neither hang up their cooking pots nor return to their shelters, the enemy is desperate.

41. When the troops continually gather in small groups and whisper together the general has lost the confidence of the army.

42. Too frequent rewards indicate that the general is at the end of his resources; too frequent punishments that he is in acute distress.

43. If the officers at first treat the men violently and later are fearful of them, the limit of indiscipline has been reached.

44. When the enemy troops are in high spirits, and, although facing you, do not join battle for a long time, nor leave, you must thoroughly investigate the situation.

45. In war, numbers alone confer no advantage. Do not advance relying on sheer military power.

46. It is sufficient to estimate the enemy situation correctly and to concentrate your strength to capture him. There is no more to it than this. He who lacks foresight and under-estimates his enemy will surely be captured by him.

47. If troops are punished before their loyalty is secured they will be disobedient. If not obedient, it is difficult to employ them. If troops are loyal, but punishments are not enforced, you cannot employ them.

48. Thus, command them with civility and imbue them uniformly with martial ardour and it may be said that victory is certain.

49. If orders which are consistently effective are used in instructing the troops, they will be obedient. If orders which are not consistently effective are used in instructing them, they will be disobedient.

50. When orders are consistently trustworthy and observed, the relationship of a commander with his troops is satisfactory.



" ဆွန်ဇုကွယ်လွန်ပြီး ဖြစ်ပျက်ခဲ့သမျှသော စစ်ပွဲများ အားလုံး၏ အောင်မြင်မှု၊ ဆုံးရှုံးမှုများကို စစ်ဆေး သုံးသပ်ကြည့်သောအခါ ဆွန်ဇု၏ စစ်ပညာကျမ်းပါ အဆိုအမိန့်များကို ထူးခြားစွာ ထောက်ခံနေကြ ပါသည်။ ထိုသဘောတရားများအတိုင်း တစ်သွေ မတိမ်း ဖြစ်ပျက်နေကြောင်း တွေ့ကြရပေသည်။ "

တူမူး (၈၀၃-၈၅၂)
**TU MU**

# သေနင်္ဂဗျူဟာ အတတ်ပညာ

## အခန်း(၉)

## စစ် အင် အား စု ရုံး ခြင်း

၁။ ရန်သူနှင့် ရင်ဆိုင်ရန်သွားလျှင် တောင်များကို ရှောင်ကွင်း ချီတက်၍ တောင်ကြားအတိုင်း ချီခဲ့ပါ။ ကုန်းမြင့်ပေါ်မှာ စခန်းချ တပ်စွဲပါ။ နေရောင်ရသော ဘက်မှာ အခြေပြုပါ။

၂။ တောင်စောင်းအဆင်းအတိုင်း ရန်သူကို အပေါ်စီးမှ တိုက်ခိုက်ပါ။ ရန်သူကို မော့တက်ပြီး မတိုက်ရစေနှင့်။

၃။ တောင်ပေါ်တိုက်ပွဲမှာ မြေပြင် အခြေအနေကို သေချာစွာ ရွေးချယ်၍ အခွင့်သာအောင် အသုံးချရမည်။

၄။ မြစ်တစ်ခုကို ဖြတ်ကျော်ပြီးလျှင် ကမ်းနှင့်နီးနီးနေရာ၌ စခန်းမချနှင့်။

၅။ မြစ်ကို ဖြတ်ကူးချီတက်လာနေသော ရန်သူအား မြစ်ထဲ မိမိတပ်က ဆင်းပြီး မတိုက်ခိုက်ပါနှင့်။ ရန်သူ့တပ် တစ်ဝက် ကုန်းပေါ်တက်ပြီးမှ တိုက်ခိုက်ခြင်းက ပိုမိုအကျိုး အမြတ်ရသည်။

၆။ ရန်သူမိမိဘက် ကူးလာသည်ကို မလိုလားသဖြင့် တိုက်လို ခိုက်လိုစိတ် ထက်သန်ကာ မြစ်ကမ်းမှာ ရင်ဆိုင်မတိုက်

လေနှင့်။ နေရောင်ရှိသော ကုန်းမြင့် မြစ်ညာမှာ နေရာယူပါ။ မြစ်အကြောဘက်မှာ နေရာမယူရ။

၇။ မြစ်နားတစ်ဝိုက် မြေမြင့်ရာမှ နေရာယူပြီး တိုက်ရမည်။

၈။ မြစ်ကို ဖြတ်ကူးရာတွင် မိမိတပ်များ လျင်မြန်စွာ ဖြတ်ရမည်။ အချိန်မကြာရှည် မနှောင့်နှေးစေရ။ မိမိ၏ လှေလောင်းတို့ကို ရန်သူ၏ မြစ်ညာဘက်မှာ နေရာယူရမည်။ ရွှံ့ညွံ့ထူသော မြေမျိုးတွင် မြက်ရှိသော မြေ၊ သစ်ပင်များ နောက်မှာ ရှိသောနေရာမျိုးမှာ တပ်ကိုနေရာယူပါ။

၉။ **တတ်နိုင်သမျှ မြေအနေအထား မြင့်သောနေရာမှာ တပ်ကို ထားရမည်။**

၁၀။ မြေပြန့်မြေအနေအထားတွင် တိုက်ပွဲဆင်ရလျှင် မိမိစစ်ကစားရန် အရေးသာသော နေရာတွင် နေရာယူပါ။ ညာဘက်နှင့်နောက်ဘက်တွင် ကုန်းမြင့်ခင်တန်း ရှိပါစေ။ အန္တရာယ်က ရှေ့မှာရှိပြီး နောက်ပိုင်းလုံခြုံမှု ရမည်။

၁၁။ ဤသည်ကား ညီညာပြန့်ပြူးသော ဒေသတွင် တပ်အနေအထား စုဖွဲ့နည်း ဖြစ်ပေသည်။

၁၂။ ဤနည်း ပရိယာယ်များသည် ရှေးတရုတ်ဧကရာဇ်များ စစ်နိုင်ခဲ့ကြသော မြေအနေအထားပေါ် မူတည်၍ လှုပ်ရှားစစ်ကစားနည်းများ ဖြစ်ကြ၏။ (တောင်ပေါ်တိုက်ပွဲ၊ မြစ်တွင်းတိုက်ပွဲ၊ ညွှံတောတိုက်ပွဲ၊ မြေပြန့်တိုက်ပွဲ)

၁၃။ တောင်ပေါ်တိုက်ပွဲ ဆင်နွှဲလျှင် မြေနိမ့်ထက် ကုန်းမြင့်ကိုလည်းကောင်း၊ အရိပ်ကျသော နေရာထက် နေရောင်ရသော မြေကိုလည်းကောင်း ရွေးချယ်ပါ။ သို့မှသာ သင်၏တပ်သည် ကျန်းမာရေး ပိုမိုကောင်းစေလိမ့်မည်။ သင်၏တပ်သည် ခိုင်မာစွာ တပ်စခန်းချနိုင်လိမ့်မည်။ မရေမတွက်နိုင်သော ရောဂါဘယဘေးများမှလည်း ကင်းဝေးစေလိမ့်မည်။ ယင်းသည်အောင်ပွဲခံရဖို့ သေချာစေသောအချက်တစ်ရပ်ပင် ဖြစ်၏။

၁၄။ အကယ်၍ ကုန်းကမူ၊ တောင်ပူစာ၊ ရေမြောင်း၊ တာတမံစသည်တို့နှင့် နီးသောနေရာတွင်ဆိုလျှင် နေရောင်ရသောဘက်ကို ရွေးချယ်ပါ။ ရန်သူ့မြစ်ညာဘက်တွင် နေရာယူပါ။ ရန်သူသည် မိမိ၏အောက်ဘက်မှာ ရှိပါစေ။

၁၅။ ဤနည်းသည် တပ်မတော်အတွက် အကျိုးရှိစေသည်။ မြေအနေအထား၏ အကူအညီကို ရယူခြင်းဖြစ်သည်။

၁၆။ ရေစီးသန်သောမြစ်ချောင်းများ၊ နက်ရှိုင်းသောစမ်း၊ မတ်စောက်သော အကျဉ်းအကျပ်၊ နက်ရှိုင်းသော လျှိုမြောင်ချိုင့်ဝှမ်း၊ သွားလာရ ခက်ခဲသော နေရာများ၊ ထောင်ချောက်သဖွယ် နေရာများ၊ ပိုက်ကွန်သဖွယ်နေရာများစသည့်**အတားအဆီး အခက်အခဲတို့ကို ဖြတ်သန်းရစဉ်တွင် လျင်မြန်နိုင်သမျှ လျင်မြန်စွာ ချီတက်ရွေ့လျားလော့။** ဝေးနိုင်သမျှ ဝေးအောင်ခွာလော့။

၁၇။ မိမိက ဝေးစွာရှောင်ခွာပါ။ ရန်သူကို ထိုဒေသထဲသို့ ဆွဲချလော့။

၁၈။ တပ်ချရာနေရာ လက်တစ်ကမ်းအကွာတွင် အန္တရာယ်ရှိသော ကန်၊ အင်း၊ အိုင်၊ ရေစပ်စပ်၌ မြက်ပင်ကြီးများ မြက်ရိုင်းတောများ ထူထပ်စွာဖုံးသည့် ရွှံ့ညွံ့တောဒေသ အနေအထားမျိုး၊ သစ်တောဖုံးသော တောင်ကြောမျိုး၊ အကယ်၍ရှိနေလျှင် သတိဖြင့် ရှင်းလင်းရန် လိုအပ်သည်။ ထိုနေရာမျိုးမှ ရန်သူ ခြုံခိုတိုက်ခိုက်တတ်၏။ သူလျှိုများ ပုန်းခိုနေတတ်၏။ စေ့စပ်စွာ တိုက်ကင်းများလှည့်ကာ ရှာဖွေရှင်းလင်း အပ်၏။

၁၉။ ရန်သူက သင့်အနီးသို့ ကပ်နေပြီ ဖြစ်သော်လည်း ငြိမ်သက်စွာ အောင်းနေလျှင် သူတို့မှ မြေအနေအထားကောင်းကောင်း တစ်ခုခုကို ရရှိနေလိမ့်မည်။ ရန်သူသည် အဝေးတစ်နေရာမှ တိုက်ပွဲကို စိန်ခေါ်နေလျှင် သင့်ကို ချီစစ်ဆင်လာအောင် သွေးဆောင်မြှူဆွယ်နေခြင်းပင်။ မြေပြန့်လွင်ပြင်တွင် ရန်သူတပ်ချပြီး ဟန်ပြနေလျှင် သင့်ကိုကျုံးသွင်းတိုက်ရန် ငါးစာချနေခြင်းပင်။ ရန်သူကအရေးသာမည့် မြေအနေအထား၌ ဖုံးကွယ်၍ တပ်ဖြန့်ထားပြီ။

၂၀။ တောအုပ်ထဲတွင် သစ်ပင်များ လှုပ်နေလျှင် ရန်သူသည် ချီတက်ရွေ့လျားနေသည်။

၂၁။ တောတွင်း၌ အတားအဆီးများစွာ ချထားသည်ကို တွေ့ရှိရသည်ရှိသော် လှည့်စားမှု ရည်ရွယ်ချက် တစ်စုံတစ်ရာရှိရမည်။

၂၂။ ငှက်များ ရုတ်တရက် လန့်ဖြန့် ပျံသန်းသည်ရှိသော် ရန်သူက ချောင်းမြောင်း တိုက်ခိုက်တော့မည်ကို ကြိုတင်သိရှိ လော့။

၂၃။ တောတိရစ္ဆာန်များ လန့်ဖြန့်ပြေးလွှားသည်ရှိသော် ရန်သူ က ရုတ်တရက်တိုက်ခိုက်တော့မည်ဟု သတိရှိလော့။

၂၄။ အဝေးလွင်ပြင်တွင် ဖုန်လုံးများ တလိပ်လိပ် လွင့်တက်လာ သည်ရှိသော် ရန်သူ့စစ်ရထားတပ်တို့ ချီတက်လာနေပြီဟု သိရမည်။ ဖုန်မှုန့်များ မြင့်မားစွာ မတက်ဘဲ နိမ့်ပြီး ပြန့် ကားနေပါက ရန်သူ့ခြေလျင်တပ်များ ချဉ်းကပ်ချီတက် လာပြီဟု သိရမည်။ ဖုန်ထခြင်း ဟိုတစ်ကွက် ဒီတစ်ကွက် တွေ့ရသော် ရန်သူတပ်ဖြန့်ခွဲပြီဟုမှတ်။ များလှစွာသော ဖုန်ထခြင်းများ ဟိုဟိုသည်သည် ရွေ့လျားနေသည်ရှိသော် ရန်သူစခန်းချရပ်နားနေသည်ဟုမှတ်။ (တောင်ပေါ် သို့မဟုတ် မျှော်စင်ပေါ်မှာ ကြည့်ကင်း၏အနက်ကောက် ရန်အချက်များဖြစ်သည်)

၂၅။ ရန်သူ့ သံတမန်က နှိမ့်ချကျိုးနွံစွာ ဆက်ဆံလာအံ့။ သို့သော် စစ်ပြင်နေခြင်းကို ဆက်လက်လုပ်ဆောင်နေအံ့။ ရန်သူသည် နောက်ထပ် ချီစစ်ဆင်လိမ့်ဦးမည်။

၂၆။ ရန်သူ၏ သံတမန်တို့က ခက်ထန်မောက်မာဟန် ပြသော် လည်း ရန်သူ့တပ်သည် လှုပ်ရှားပုံ ပြာလောင်ခတ်သော် သူတို့သည် မကြာမီ ဆုတ်ခွာတော့မည်။

၂၇။ ရန်သူ့ သံတမန်တို့ ချိုသာပျူငှာ ပြောဆိုလာကြသော် အပစ်အခတ် ရပ်စဲရန် သူတို့လိုလားသည်။

၂၈။ ကြိုတင်နားလည်မှု ယူမထားဘဲ ခေတ္တ အတိုက်အခိုက်

ရပ်စဲရန် ကမ်းလှမ်းလာခဲ့သော် ကောက်ကျစ်သော အကြံ အစည် တစ်ခုရှိမည်။

၂၉။ ရှေးဦးစွာ စစ်ရထားများ တောင်ပံဖြန့်၍ နေရာယူလာပြီ ဆိုလျှင် တိုက်ပွဲအတွက် ရင်ဆိုင်ရန် ရန်သူသည် တပ်ကို ဖြန့်လေပြီဟု ကြိုသိလော့။

၃၀။ တပ်ဖွဲ့များ လျင်မြန်စွာ ချီတက်နေသည်။ စစ်ရထားများ တန်းစီထားပြီ။ ဤအချက်သည် တပ်ကို မျက်နှာစာ ကျယ် ကျယ်ဖြန့်လျက် ရင်ဆိုင်တိုက်ခိုက်တော့မည့် လက္ခဏာ ဖြစ်သည်။

၃၁။ ရန်သူ အချို့အဝက် ရှေ့တက်လာပြီး အချို့အဝက် နောက်သို့ဆုတ်သော် မိမိကို ဖျားယောင်းနေသည်ဟုမှတ်။

၃၂။ ရန်သူ့စစ်သည်တို့ လှံကိုထောက်ပြီး မီနေကြသည်ဆိုလျှင် ရန်သူ့တပ်မှာ ရိက္ခာပြတ်ပြီ။

၃၃။ ရေရှာသွားသော စစ်သည်များ ရေကိုတွေ့သည်နှင့် ရေ အရင်သောက်ပြီးမှ ရေခပ်ကြသည်ကို ထောက်သော် ရန်သူ့တပ်မှာ ရေပြတ်လပ်လျက် ရှိပြီမှတ်။

၃၄။ ရန်သူသည် အမြတ်ရမည့် တိုက်ကွက်တစ်ခုကို အခွင့် အရေး ရသော်လည်း မယူလိုက်နိုင်သော် အားအင် ကုန်ခမ်း နွမ်းနယ်နေပြီဟုမှတ်။ (တိုက်စိတ်ခိုက်စိတ် ကျဆင်းနေခြင်းကြောင့်)

၃၅။ ငှက်များ ရန်သူ့စခန်းအထက်နှင့် ဝန်းကျင်၌ စုပြုံနားနေကြပါက စစ်သည်များ မရှိ။ စခန်းထဲမှာ လူမရှိကြ။

၃၆။ ညအချိန်တွင် ယောင်ယမ်း၍ ထိတ်လန့်အော်ဟစ်သံများ ကြားရပါက ထိုရန်သူ စိတ်ချောက်ချားနေကြောင်း သိရမည်။

၃၇။ ရန်သူ့တပ်ဖွဲ့များ ဖရိုဖရဲ ဖြစ်နေလျှင် တပ်မှူး၏ အာဏာကို မလေးစားကြတော့ဟုမှတ်။

၃၈။ အလံတံခွန်များ ဟိုဟိုသည်သည် ရွေ့လျားနေကြလျှင် ပုန်ကန်ရန် ကြံစည်နေကြောင်းကို ပြသည်။

၃၉။ အရာရှိများ စိတ်တို၊ စိတ်ဆိုးနေတတ်လျှင် ထိုရန်သူ့တပ်၏ စစ်သည်တို့ စစ်ပန်းနေကြကြောင်းကို ပြသည်။

၄၀။ ရန်သူသည် စစ်မြင်းတို့ကို ကောက်ပဲသီးနှံတွေ ကျွေးနေပြီ။ စစ်သည်တို့က ကျွဲ၊ နွား၊ ဝက်တို့ကို သတ်ပြီး ပေါ်စားနေကြပြီ။ စားအိုး၊ စားခွက်တို့ကို မီးဖိုတွင် မချိတ်တော့ပြီ။ စခန်းသို့ ပြန်လာရန် ရည်ရွယ်ချက် မရှိတော့။ စိတ်ပျက်အားလျော့၍ ထင်ရာစိုင်းတော့မည်။ (အသေခံပြီး တိုက်မည်) ဟုသိရ၏။ အဆုံးအဖြတ် တိုက်ပွဲကို ရန်သူတိုက်တော့မည်။ ( ဘုရင့်နောင် ဖောင်ဖျက်ကိန်းဟု ဆိုရမည်)

၄၁။ တပ်တွင်းမှာ အစုငယ်၊ အဖွဲ့ငယ်များ တီးတိုးတီးတိုး ပြောဆိုနေကြသည်ကို တွေ့ရလျှင် ခေါင်းဆောင်အပေါ် ယုံကြည်မှု ပျက်ယွင်းနေပြီဟု ယေဘုယျမှတ်ယူရမည်။

၄၂။ ရန်သူ့တပ်အတွင်း၌ မကြာခဏ ဆူပေးခြင်းတွေ ပြုနေပါက တပ်မှူးမှာ အကြံကုန်နေပြီ။ ပြစ်ဒဏ်ပေးမှုတွေ များလွန်းနေပါက စစ်စည်းကမ်းရှိသေမှု ပျက်ပြားနေပြီဟု မှတ်ယူအပ်သည်။

၄၃။ အရာရှိသည် ငယ်သားများအား ပထမတွင် မာမာတင်းတင်း ဖိနှိပ်ပြီး နောက်ပိုင်းကြောက်ရွံ့ နောက်တွန့်သွားပါက စည်းကမ်းကိုင်၍ မရတော့ဟု သိမှတ်ရမည်။

၄၄။ ရန်သူက သင်နှင့် ရင်ဆိုင်ရာတွင် စိတ်ဓာတ်မြင့်မားနေဆဲဖြစ်အံ့။ အချိန်ဆွဲပြီး တိုက်မနေနှင့်။ အချိန်ရှည်ဆွဲပြီးလည်း မဆုတ်ခွာသင့်။ အခြေအနေကို ကြိုတင်၍ ပြည့်စုံစွာ သတင်းထောက်လှမ်း ရယူသင့်လေသည်။

၄၅။ စစ်တွင် အရေအတွက် တစ်ခုတည်းဖြင့် အကျိုးရှိနိုင်သည်ဟု မသတ်မှတ်နိုင်။ ကြီးမားသော စစ်အင်အားကို အားကိုးအားထားပြုလျက် မချီတက်လေနှင့်။ (အရေအတွက်များတိုင်း စစ်၏သဘောတွင် စွမ်းအားမဟုတ်)

၄၆။ ရန်သူ၏ အခြေအနေ၊ အင်အား၊ စွမ်းရည်၊ ရည်ရွယ်ချက်၊ လက်နက် စသည်တို့ကို မှန်ကန်တိကျစွာ ထောက်လှမ်းသိရှိပြီး သတင်းလုံလောက်စွာ ရသင့်သည်။ ထို့နောက် မိမိတပ်အင်အားကို တစုတစည်း ဖွဲ့စည်းလျက် ရန်သူကို ချေမှုန်းရမည်။ ဤသို့ တိုက်ခိုက်နည်းမှအပ အခြားမရှိ။ ရန်သူ့သတင်း ပြည့်စုံစွာမရဘဲ ရန်သူကို အထင်သေးစွာ

တိုက်ခိုက်ပါက ရန်သူ၏ ချေမှုန်းခြင်းကို ခံရတတ်၏။

၄၇။ တပ်ဖွဲ့ဝင်များ၏ လေးစားယုံကြည်မှုကို မရသေးမီ အပြစ်ဒဏ် ပေးခဲ့သည်ရှိသော် မနာခံတတ်။ အမိန့်မနာယူသော် တာဝန်ပေးရန် မဖြစ်တော့။ တပ်ဖွဲ့ဝင်များက မိမိအပေါ် ယုံကြည်သစ္စာရှိသော်လည်း အပြစ်ကိုထိရောက်စွာ မပေးတတ်လျှင် ထိုသူများသည် တာဝန်ကို ကြိုးပမ်းကျေပွန်စွာ ထမ်းဆောင်စေရန် မဖြစ်ပြန်။ ပေ့ါဆကြ၏။

၄၈။ သို့ဖြစ်၍ စစ်သည်တို့ကို ခင်မင်ရင်းနှီးအောင် ထိတွေ့သိမ်းသွင်းပြီး တိတိကျကျ ကွပ်ကဲရသည်။ စည်းကမ်းအရာ ညီညီမျှမျှ ကွပ်ညပ် ဆုံးမရသည်။ ရုပ်ဝတ္ထုပစ္စည်းအားဖြင့် ထက်မြက်တက်ကြွစေရသည်။ ထိုကဲ့သို့ အပြန်အလှန် ယုံကြည်လေးစားမှုကို တည်ဆောက်နိုင်မှသာ အောင်ပွဲခံရန် သေချာလေသည်။

၄၉။ အမိန့်နှင့် ညွှန်ကြားချက်များသည် တစ်သမတ်တည်း ရှေ့နောက် ညီညွတ်ပါက အကျိုးထိရောက်၏။ အမိန့်နာခံမှု ကောင်းမွန်၏။ လေ့ကျင့်ရာတွင် အမိန့်များသည် ရှေ့နောက်မညီခဲ့သော် အမိန့်နာခံလေးစားမှုကို မရ။

၅၀။ အမိန့်ကို အစဉ်တစိုက် လေးစားနာခံကြပြီး အကြီးအကဲနှင့် လက်အောက်ငယ်သား အပြန်အလှန် ယုံကြည်စွာ ဆက်ဆံဆက်နွယ်မှု ရှိနေလျှင် ကျေနပ်အားရဖွယ် ဖြစ်ပေသည်။

# X

# TERRAIN

Sun Tzu said:

1. Ground may be classified according to its nature as accessible, entrapping, indecisive, constricted, precipitous, and distant.

2. Ground which both we and the enemy can traverse with equal ease is called accessible. In such ground, he who first takes high sunny positions convenients to his supply routes can fight advantageously.

3. Ground easy to get out of but difficult to return to is entrapping. The nature of this ground is such that if the enemy is unprepared and you sally out you may defeat him. If the enemy is prepared and you go out and engage, but do not win, it is difficult to return. This is unprofitable.

4. Ground equally disadvantageous for both the enemy and ourselves to enter is

indecisive. The nature of this ground is such that although the enemy holds out a bait I do not go forth but entice him by marching off. When I have drawn out half his force, I can strike him advantageously.

5. If I first occupy constricted ground I must block the passes and await the enemy. If the enemy first occupies such ground and blocks the defiles I should not follow him; if he does not block them completely I may do so.

6. In precipitous ground I must take position on the sunny heights and await the enemy. If he first occupies such ground I lure him by marching off; I do not follow him.

7. When at a distance from an enemy of equal strength it is difficult to provoke battle and unprofitable to engage him in his chosen position.

8. These are the principles relating to six different types of ground. It is the highest responsibility of the general to inquire into them with the utmost care.

9. Now when troops flee, are insubordinate, distressed, collapse in disorder or are routed, it is the fault of the general. None of these disasters can be attributed to natural causes.

10. Other conditions being equal, if a force attacks one ten times its size, the result is flight.

11. When troops are strong and officers weak the army is insubordinate.

12. When the officers are valiant and the troops ineffective the army is in distress.

13. When senior officers are angry and insubordinate, an on encountering the enemy rush into battle with no understanding of the feasibility of engaging and without awaiting orders from the commander, the army is in a state of collapse.

14. When the general is morally weak and his discipline not strict, when his instructions and guidance are not enlightened, when there are no consistent rules to guide the officers and men and when the formations are slovenly the army is in disorder.

15. When a commander unable to estimate his enemy uses a small force to engage a large one, or weak troops to strike the strong, or when he fails to select shock troops for the van, the result is rout.

16. When any of these six conditions prevails the army is one the road to defeat. It is the highest responsibility of the general that he examine them carefully.

17. Conformation of the ground is of the greatest assistance in battle. Therefore, to estimate the enemy situation and to calculate distances and the degree of difficulty of the terrain so as to control victory are virtues of the superior general. He who fights with full knowledge of these factors is certain to win; he who does not will surely be defeated.

18. If the situation is one of victory but the sovereign has issued orders not to engage, the general may decide to fight. If the situation is such that he cannot win, but the sovereign has issued orders to engage, he need not do so.

19. And therefore the general who in advancing does not seek personal fame, and in withdrawing is not concerned with avoiding punishment, but whose only purpose is to protect the people and promote the best interests of his sovereign, is the precious jewel of the state.

20. Because such a general regards his men as infants they will march with him into the deepest valleys. He treats them as his own beloved sons and they will die with him.

21. If a general indulges his troops but is unable to employ them; if he loves them but cannot enforce his commands; if the troops are disorderly and he is unable to control them, they may be compared to spoiled children, and are useless.

22. If I know that my troops are capable of striking the enemy, but do not know that he is invulnerable to attack, my chance of victory is but half.

23. If I know that the enemy is vulnerable to attack, but do not know that my troops are incapable of striking him, my chance of victory is but half.

24. If I know that the enemy can be attacked and that my troops are capable of attacking him, but do not realize that because of the conformation of the ground I should not attack, my chance of victory is but half.

25. Therefore when those experienced in war move they make no mistakes; when they act, their resources are limitless.

26. And therefore I say: 'Know the enemy, know yourself; your victory will never be endangered. Know the ground, know the weather; your victory will then be total.





" ဆွန်ဇူ၏ အဆိုအမိန့်အများစုကို ယနေ့ခေတ်အထိ အပြည့်အဝ လိုက်နာကျင့်သုံးနိုင်၏။ ဤနိုင်ငံသူ နိုင်ငံသား(အင်္ဂလိပ်များ) တို့သည် မိမိက ရန်သူကို ရင်ဆိုင်ရန် အသင့်ရှိနေရမည်။ မိမိကို လာရောက် တိုက်ခိုက်နိုင်ခြေမရှိဟူသော အတွေးမျိုးကို အားမကိုးဘဲ အခိုင်အမာ ကာကွယ်မည့် စီမံချက်ကို အားကိုး အားထား ပြုရမည်ဟူသော ဆွန်ဇူ၏ ဩဝါဒကို ကျင့်သုံးအပ်သည်။ "

ဖီးလ်မာရှယ်လော့ဒ်၊ ရောဘတ် (၁၈၃၂-၁၉၁၄)
**Field Marshal Lord Robert**
ဗြိတိသျှတပ်မတော်ဗိုလ်ချုပ်ကြီး၊ ဂရိတ်ဗြိတိန်



# သေနင်္ဂဗျူဟာ အတတ်ပညာ

## အခန်း(၁၀)

## မြေ ပြင် အ ခြေ အ နေ

၁။ သဘာဝအနေအထားအရ မြေအခြေအနေကို အောက်ပါအတိုင်း အမျိုးအစား (၆) မျိုး ခွဲခြားနိုင်သည်-

(က) သွားလာဝင်ရောက်ရန် လွယ်ကူသော စစ်မြေပြင် Accessible Ground

(ခ) ထောင်ချောက်စစ်မြေပြင် Entrapping

(ဂ) ဥပေက္ခာ စစ်မြေပြင် Indecisive

(ဃ) အကျဉ်းအကျပ် စစ်မြေပြင် Constricted

(င) ချောက်ကမ်းပါး စစ်မြေပြင် Precipitous

(စ) တာဝေးစစ်မြေပြင် Distant

၂။ **သွားလာဝင်ရောက်ရန် လွယ်ကူသော စစ်မြေပြင်**။ ရန်သူနှင့် မိမိအတွက် ချီတက်ရန်၊ စစ်ကစားရန် လွယ်ကူသော မြေအခြေအနေဖြစ်သည်။ ထို့ကြောင့် နေရာင်ရသော ကုန်းမြေအနေအထားကို လက်ဦးစွာ သိမ်းပိုက်ရမည်။ မိမိ၏ထောက်ပံ့ရေးလမ်းကြောင်းကို လုံခြုံစွာ ကာကွယ်ရမည်။ ဤနှစ်ချက်ဆောင်ရွက်သူအတွက် တိုက်ခိုက်ရာတွင် အခွင့်အလမ်း သာလိမ့်မည်။

၃။ **ထောင်ချောက်စစ်မြေပြင်**။ ဝင်ရန်လွယ်ကူတတ်သော်လည်း ပြန်ထွက်ရန် ခက်ခဲသော မြေပြင် အခြေအနေဖြစ်သည်။ စွန့်လွှတ်ထားရန် လွယ်ကူသော်လည်း ပြန်လည်သိမ်းပိုက်ရန် ခက်ခဲတတ်သည်။ ဤမြေပေါ်တွင် ရန်သူသည် အသင့်ပြင်ဆင်မှု မရှိခဲ့သော် မိမိက ချေမှုန်းတိုက်ခိုက်အောင်မြင်နိုင်သည်။ သို့သော် ရန်သူက အဆင်သင့် စနစ်တကျ ပြင်ဆင်ခုခံသဖြင့် မိမိတပ်ပြန်လည်ဆုတ်ခွာရပါက အထိနာတတ်သည်။ ပျက်စီးဆုံးရှုံးမှု များတတ်သည်။ အကျိုးနည်းတတ်သည့် မြေအမျိုးအစား ဖြစ်သည်။

၄။ **ဥပေက္ခာ စစ်မြေပြင်**။ ရန်သူရော မိမိအတွက်ပါ ဘာမျှအကျိုးမထူးလှသည့် မြေအနေအထားမျိုးဖြစ်သည်။ ဤမြေပြင်တွင် ရန်သူက အခွင့်ကောင်းပေး၍ စစ်မြူသော်လည်း ချီတက်တိုက်ခိုက်ရန် မသင့်။ ထွက်တိုက်မည့်အစား မိမိက နောက်သို့သာ ဆုတ်ပေးလိုက်သင့်၏။ သို့မှသာ တန်ပြန် စစ်မြူရာ ရောက်၏။ သူ့တပ်က လိုက်ပါလာ၍ တစ်ဝက် တစ်ပျက် ထွက်လာသောအခါ၌ ပိုင်ပိုင်နိုင်နိုင် အမြတ်ထုတ် တိုက်ခိုက်ချေမှုန်းလိုက်ရမည်။

၅။ **အကျဉ်းအကျပ် စစ်မြေပြင်**။ တောင်ကြားလမ်းကျဉ်းကဲ့သို့သော စစ်မြေပြင်ဖြစ်သည်။ မိမိက ဦးစွာ သိမ်းပိုက်ထားနိုင်လျှင် ရန်သူအလာကို အင်အားတောင့်တင်းစွာဖြင့် အပိုင်စောင့်ပြီး ဆီးကြိုတိုက်ခိုက်ပါ။ ရန်သူ့နောက်သို့ လိုက်၍ မတိုက်လေနှင့်။ တောင်ကြား အကျဉ်းအကျပ် စစ်မြေပြင်တွင် ရန်သူအစောင့်တပ် အင်အားနည်းပါးလျှင်

မိမိက သာလွန်သည့် အင်အားဖြင့် တိုက်ခိုက်နိုင်သည်။

၆။ **ချောက်ကမ်းပါး စစ်မြေပြင်**။ မတ်စောက်သော စစ်မြေပြင်မျိုးတွင် နေရောင်ရသော ကုန်းမြင့်ပေါ်၌ နေရာယူလျက် ရန်သူကို စောင့်ရမည်။ မိမိက ဤမြေကို ဦးစွာ သိမ်းပိုက်ထားနိုင်လျှင် ရန်သူလာအောင် ဆွဲဆောင်ရမည်။ မိမိကတော့ နေရာဖယ်ပြီး ဆင်းလိုက်သွား၍ ရန်သူကို မတိုက်နှင့်။

၇။ **တာဝေး စစ်မြေပြင်**။ ရန်သူနှင့် အကွာအဝေးအတော်အတန်ရှိသော စစ်မြေပြင်မျိုး၌ နှစ်ဘက်အင်အား ညီမျှနေချိန်တွင် တိုက်ပွဲဖြစ်စေရန် ဆွပေးဖို့ ခက်၏။ ရန်သူရွေးချယ်သော နေရာတွင် မိမိက ဝင်ရောက်စစ်ကစားရလျှင် မိမိအတွက် အကျိုးအမြတ် များဖွယ်မရှိ။

၈။ ဤအချက်များသည် မြေအခြေအနေ(၆)မျိုးအလိုက် ကျင့်သုံးထိုက်သည့် ဥပဒေသများ ဖြစ်၏။ ရာထူးတာဝန်ကြီးမားသော စစ်ဘက်အရာရှိကြီးများအတွက် သုံးသပ်စဉ်းစားရမည့် စစ်မြေပြင်ဆိုင်ရာအချက်များ ဖြစ်၏။ အထူး သတိထား၍ ဆင်ခြင်နှိုင်းချိန်ရမည့် အကြောင်းရပ်များ ဖြစ်ပေသည်။ (မြေပိုင်မှ စစ်နိုင်သည်)

၉။ တပ်မတော်တစ်ခုသည် အကြောင်းတစ်ခုခုကြောင့် အောက်ပါနည်းများအတိုင်း အရေးနိမ့်တတ်သည်။ ဤသို့ ပျက်စီးဆုံးရှုံးရလျှင် သဘာဝ အကြောင်းတစ်ခုခုကြောင့် မဟုတ်

ပေ။ ခေါင်းဆောင်ဖြစ်သော စစ်သူကြီး၏ ဆုံးဖြတ်ချက်တွင် တစ်စုံတစ်ရာ မှားယွင်းမှုသာလျှင် ဖြစ်ချေသည်-

| | | |
|---|---|---|
| (က) | ထွက်ပြေးကြခြင်း | Troops Flee |
| (ခ) | အမိန့်မနာခံခြင်း | Insubordinate |
| (ဂ) | တပ်ပျက်ခြင်း | Distressed |
| (ဃ) | ပျက်စီးဆုံးရှုံးခြင်း | Collapse |
| (င) | ဖွဲ့စည်းပုံ ပျက်ယွင်းခြင်း | In disorder |
| (စ) | ဖရိုဖရဲထွက်ပြေးရခြင်း | Routed |

၁၀။ အခြားအချက်များ ချိန်ခွင်ညှာ ညီမျှနေကြသည့်အချိန်တွင် တပ်တစ်တပ်သည် မိမိထက် အင်အားဆယ်ဆများပြား ကြီးမားသောတပ်နှင့် ရင်ဆိုင်တိုက်ခိုက်ရလျှင် ရှုံးနိမ့်ပြီး **ထွက်ပြေး**ရခြင်း ဖြစ်တတ်သည်။

၁၁။ စစ်သည်တို့က စွမ်းအားမြင့်မားကြ၏။ သို့သော် အရာရှိတို့က အရည်အသွေးအားနည်းကြသည်။ ဤအခါတွင် ဩဇာမညောင်းဘဲ **အမိန့်မနာခံမှု** ဖြစ်တတ်သည်။

၁၂။ အရာရှိတို့က ထက်မြက်ပြည့်ဝကြသော်လည်း စစ်သည်များက ညံ့ဖျင်းကြလျှင် တိုက်ပွဲတွင် **တပ်ပျက်ခြင်း**ဖြစ်တတ်သည်။

၁၃။ အဆင့်မြင့် (အထက်တန်း) အရာရှိကြီးများက ဒေါသကြီးတတ်ပြီး အမိန့်မနာခံကြ။ ရန်သူနှင့် ရင်ဆိုင်ရသောအခါ ရန်သူကိုမုန်းတီးသောစိတ်ဖြင့် အလောတကြီးဖြင့် အထက်

အမိန့်ကို မစောင့်နိုင်ဘဲ ဇွတ်တရွတ် တိုက်ခိုက်အံ့။ **ပျက်စီးဆုံးရှုံးခြင်း**သာ အဖတ်တင်တတ်၏။

၁၄။ စစ်သူကြီးသည် စိတ်ဓာတ်ရေးရာ နိမ့်ကျနေ၏။ စည်းကမ်းကလည်း မတင်းကျပ်။ သူ၏ ညွှန်ကြားချက်များ လမ်းညွှန်ချက်များကလည်း မသဲကွဲ မပြတ်သား။ စနစ်တကျတိကျသော တာဝန်ခွဲဝေမှုလည်း မရှိ။ တပ်စုဖွဲ့ပုံ၊ ဖြန့်ခွဲပုံကလည်း ဖရိုဖရဲ ဖြစ်ခဲ့သော် တပ်မတော်တစ်ခုသည် **ဖွဲ့စည်းပုံ ပျက်စီးခြင်း**သို့ ဆိုက်ရတတ်၏။

၁၅။ တပ်မှူးသည် ရန်သူ၏ အင်အားကို မခန့်မှန်းတတ်။ ရန်သူအင်အားများပြားသည့်နေရာကို မိမိက အင်အားအနည်းငယ်နှင့် တိုက်ခိုက်၏။ သို့မဟုတ် အားအင်ချိနဲ့သော မိမိတပ်ဖြင့် တက်ကြွလန်းဆန်းနေသော ရန်သူ့တပ်ကို တိုက်ခိုက်၏။ မိမိ၏တပ်ဦး၌ ရဲရင့်သန်မာသူများကို ရွေးချယ်တတ်ခြင်း မရှိခဲ့။ ထိုအချက်တို့၏ အကျိုးဆက်ကား တိုက်ပွဲတွင် မိမိတပ်များ **ဖရိုဖရဲ ထွက်ပြေးရ**တတ်၏။

၁၆။ အထက်ပါ လက္ခဏာ (၆)ချက်သည် တပ်မတော်တစ်ခု စစ်ရှုံးနိမ့်စေမှုကို ပြုတတ်သော အရာများဟု သင်ခန်းစာယူရမည်။ အမြင့်ဆုံး စစ်သူကြီးမှာ အထက်ပါစစ်အတတ်ပညာကို သေချာစွာ စစ်ဆေးသုံးသပ်ရန် တာဝန်အရှိဆုံး ဖြစ်၏။

၁၇။ မြေအခြေအနေ ဖွဲ့စည်းတည်ဆောက်ပုံသည် စစ်ပွဲအတွက်

အကြီးမားဆုံး အထောက်အကူ တစ်ရပ်ပင် ဖြစ်၏။ ထို့ကြောင့်စွမ်းရည်မြင့်မားသော စစ်သူကြီးများသည် စစ်ပွဲအောင်မြင်မှုကို ဖြစ်စေသည့် (က) ရန်သူ၏ အခြေအနေမှန်ကို သုံးသပ်တွက်ချက်ခြင်း၊ (ခ) စစ်မြေပြင်အနေအထားကို အကောင်းဆုံးအသုံးချနိုင်ရန် သုံးသပ်ဆင်ခြင်ခြင်းတို့ကို အကျင့်ကောင်း၊ အလေ့အထကောင်းအဖြစ်မှတ်ယူ အပ်ပေသည်။ ဤအချင်းအရာများကို ပညာဗဟုသုတ ပြည့်ဝစွာ ချိန်ဆလျက် စစ်တိုက်သူသည် မုချအောင်ပွဲဆင်ရလိမ့်မည်။ အထက်ပါအချက်များကို ဆည်းပူးလေ့ကျင့်ရန် စိတ်မပါသောသူသည် သေချာပေါက်စစ်ရှုံးပွဲနှင့် ရင်ဆိုင်တိုးရမည်။

၁၈။ အခြေအနေကို တွက်ဆရာ၌ တိုက်ပွဲအောင်မြင်ဖို့ရာက သေချာနေပြီ။ နိုင်ငံတော်အကြီးအကဲက မတိုက်သေးရန် အမိန့်ပေးလာ၏။ စစ်သူကြီးသည် တိုက်ခိုက်ရန်သာ ဆုံးဖြတ်ရမည်။ အကယ်၍ အခြေအနေသည် နိုင်နိုင်ခြေ မရှိ။ နိုင်ငံတော်အကြီးအကဲက တိုက်ပွဲဆင်နွှဲရန် အမိန့်ပေးလာ၏ဟု ဆိုအံ့။ စစ်သူကြီးသည် လိုက်နာရန် မလို။

၁၉။ စစ်သူကြီးကောင်းတို့မည်သည် နာမည်ကျော်ကြားမှုအတွက် စစ်ချီတက်ခြင်းမဟုတ်။ ပြစ်တင်ရှုံ့ချ အပြစ်ပေးခံရမှုကိုလည်း မကြောက်ရ။ နောက်ဆုတ်သင့်လျှင် ရဲရဲဆုတ်ခွာရမည်။ သူဦးထိပ်ထားရမည့် အချက်ကား နိုင်ငံတော်၊ ပြည်သူနှင့် အချုပ်အခြာ အာဏာ၏ အကျိုးစီးပွားသာလျှင်တည်း။ သူသည်တိုင်းပြည်နှင့် လူမျိုးအကျိုး

အတွက် အဖိုးအနဂ္ဃထိုက်တန်သည့် ရတနာ တစ်ပါးပေ တည်း။

၂၀။ သူ၏ စစ်သည်များကို ရင်ဝယ်သားကဲ့သို့မခြား စောင့် ရှောက်ကြည့်ရှုသော စစ်သူကြီး၏နောက်သို့ ရဲဘော်ရဲဘက် များသည် ငရဲသို့ ပေါက်မည့်ခရီးကိုပင် ဖြစ်စေ ပျော်ရွှင်စွာ လိုက်ပါချီတက်၏။ သားသမီးနှင့်မခြား ငယ်သားများကို ပြုစုသူအား ရဲဘော်ရဲဘက်များသည် ထိုခေါင်းဆောင် အတွက် အသက်ကိုပင် ပေးလှူ၍ နောက်ဆုံးသွေး တစ်စက်ကျန် သည်အထိ လက်တွဲတိုက်ခိုက်သွားကြမည် ဖြစ်၏။

၂၁။ စစ်သူကြီးသည် သူ၏ ငယ်သားများကို အလိုလိုက်ပါ၏။ သို့သော်နေရာမှန်ကန်စွာ တာဝန်မချထားတတ်။ ငယ်သား များကို ချစ်ခင်ကြင်နာပါ၏။ သို့သော်အမိန့်ကို လိုက်နာ အကောင်အထည်ဖော်စေရန်ကား မကွပ်ကဲတတ်။ တပ်ဖွဲ့ ဝင်များ ဖရိုဖရဲဖြစ်လျှင် မထိန်းသိမ်းတတ်။ ထိုတပ်သည် ကလေးဆိုးကဲ့သို့ ပျက်စီးခဲ့သဖြင့် အသုံးမကျတော့ချေ။

၂၂။ မိမိတပ်၏ တိုက်ခိုက်ရန် အကောင်းဆုံးအချိန်ကို သိ၏။ သို့သော် ရန်သူမှာ မိမိတိုက်ခိုက်လိုက်ဖို့ အားအနည်းဆုံး အခြေအနေရှိမရှိကို မသိ။ မိမိအတွက် အောင်ပွဲခံရန် တစ်ဝက်သာ သေချာ၏။

၂၃။ ရန်သူသည် တိုက်ခိုက်လိုက်လျှင် အထိနာသွားရမည့် အခြေအနေ ရှိသည်ကို သိ၏။ သို့သော်မိမိတပ်က နိုင်

အောင် တိုက်နိုင်မည့် အခြေအနေ ရှိမရှိ တပ်အပ်သေချာ စွာမသိ။ မိမိအတွက် အောင်ပွဲရရန် တစ်ဝက်သာ သေချာ၏။

၂၄။ ရန်သူတပ် အခြေအနေမှာ မိမိကဝင်ရောက်တိုက်ခိုက်ရန် အခွင့်အခါ ပေးနေကြောင်း သိ၏။ မိမိတပ်သည်လည်း ရန်သူကို တိုက်ခိုက်ရန် စွမ်းရည်အပြည့်အဝ ရှိနေသည်ကို သိ၏။ သို့သော်စစ်မြေပြင် အနေအထားကိုကား အမှန် တကယ် မခွဲခြားတတ်။ အောင်ပွဲခံရန် အခွင့်အရေးမှာ တစ်ဝက်သာ သေချာ၏။ မတိုက်သင့်။

၂၅။ သို့ဖြစ်၍ စစ်အတွေ့အကြုံရှိဖူးသူများသည် ရွေ့လျားမှု ပြုသမျှတိုင်း၌ အမှားတစ်စုံတစ်ခုကိုမှ မလုပ်မိအောင် သတိထား၏။ ပြုမူဆောင်ရွက်သမျှတိုင်း၌ သူတို့သည် အဘက်ဘက်က တွက်ချက်ပြင်ဆင်ထားပြီးဖြစ်၏။ အကြံ သစ်၊ ဉာဏ်သစ်များသည် မကုန်သေး။

၂၆။ **ရန်သူ့အကြောင်း**ကို သိပါ။ **မိမိအကြောင်း**ကို ကောင်းစွာ သိနေပါစေ။ သင်သည် မုချအောင်ပွဲရလိမ့်မည်။ **စစ်မြေပြင်** အခြေအနေကို သေချာစေ့စပ်စွာ သိပါ။ **ရာသီဥတု** အခြေအနေကို တိကျရေရာစွာ သိပါစေ။ သင်၏အောင်ပွဲသည် မုချမလွဲ အပြည့်အဝ ရပေလိမ့်မည်။

# XI

# THE NINE VARIETIES OF GROUND

SUN TZU said:

1. In respect to the employment of troops, ground may be classified as dispersive, frontier, key, communicating, focal, serious, difficult, encircled, and death.

2. When a feudal lord fights in his own territory, he is in dispersive ground.

3. When he makes but a shallow penetration into enemy territory he is in frontier ground.

4. Ground equally advantageous for the enemy or me to occupy is key ground.

5. Ground equally accessible to both the enemy and me is communicating.

6. When a state is enclosed by three other

states its territory is focal. He who first gets control of it will gain the support of All-under-Heaven.

7. When the army has penetrated deep into hostile territory, leaving far behind many enemy cities and towns, it is in serious ground.

8. When the army traverses mountains, forests, precipitous country, or marches through defiles, marshlands, or swamps, or any place where the going is hard, it is in difficult ground.

9. Ground to which access is constricted, where the way out is tortuous, and where a small enemy force can strike my larger one is called 'encircled'.

10. Ground in which the army survives only if it fights with the courage of desperation is called 'death'.

11. And therefore, do not fight in dispersive ground; do not stop in the frontier borderlands.

12. Do not attack an enemy who occupies

key ground; in communicating ground do not allow your formations to become separated.
13. In focal ground, ally with neighbouring states; in deep ground, plunder.

14. In difficult ground, press on ; in encircled ground, devise stratagems; in death ground, fight.

15. In dispersive ground I would unify the determination of the army.

16. In frontier ground I would keep my forces closely linked.

17. In key ground I would hasten up my rear elements.

18. In communicating ground I would pay strict attention to my defences.

19. In focal ground I would strengthen my alliances.

20. In serious ground I would ensure a continuous flow of provisions.

21. In difficult ground I would press on over the roads.

22. In encircled ground I would block the points of access and egress.

23. In death ground I could make it evident that there is no chance of survival. For it is the nature of soldiers to resist when surrounded; to fight to the death when there is no alternative, and when desperate to follow commands implicitly.

24. The tactical variations appropriate to the nine types of ground, the advantages of close or extended deployment, and the principles of human nature are matters the general must examine with the greatest care.

25. Anciently, those described as skilled in war made it impossible for the enemy to unite his van and his rear; for his elements both large and small to mutually co-operate; for the good troops to succour the poor and for superiors and subordinates to support each other.

26. When the enemy's forces were dispersed they prevented him from assembling them; when concentrated, they threw him into confusion.

27.They concentrated and moved when it was advantageous to do so; when not advantageous, they halted.

28. Should one ask: 'How do I cope with a well-ordered enemy host about to attack me?' I reply: 'Seize something he cherishes and he will conform to your desires.'

29. Speed is the essence of war. Take advantage of the enemy's unpreparedness; travel by unexpected routes and strike him where he has taken no precautions.

30. The general principles applicable to an invading force are that when you have penetrated deeply into hostile territory your army is united, and the defender cannot overcome you.

31. Plunder fertile country to supply the army with plentiful provisions.

32. Pay heed to nourishing the troops; do not unnecessarily fatigue them. Unite them in spirit; conserve their strength. Make unfathomable plans for the movements of the army.

33. Throw the troops into a position from which there is no escape and even when faced with death they will not flee. For if prepared to die, what can they not achieve? Then officers and men together put forth their utmost efforts. In a desperate situation they fear nothing; when there is no way out they stand firm. Deep in a hostile land they are bound together, and there, where there is no alternative, they will engage the enemy in hand to hand combat.

34. Thus, such troops need no encouragement to be vigilant. Without extorting their support the general obtains it; without inviting their affection he gains it; without demanding their trust he wins it.

35. My officers have no surplus of wealth but not because they disdain worldly goods; they have no expectation of long life but not because they dislike longevity.

36. On the day the army is ordered to march the tears of those seated soak their lapels; the tears of those reclining course down their cheeks.

37. But throw them into a situation where there is no escape and they will display the immortal courage of Chuan Chu and Ts'ao Kuei.

38. Now the troops of those adept in war are used like the 'Simultaneously Responding' snake of Mount Ch'ang. When struck on the head its tail attacks; when struck on the tail, its head attacks, when struck in the centre both head and tail attack.

39. Should one ask: 'Can troops be made capable of such instantaneous co-ordination?' I reply: 'They can.' For, although the men of Wu and Yüeh mutually hate one another, if together in a boat tossed by the wind they would co-operate as the right hand does with the left.'

40. It is thus not sufficient to place one's reliance on hobbled horses or buried chariot wheels.

41. To cultivate a uniform level of valour is the object of military administration. And it is by proper use of the ground that both shock and flexible forces are used to the best advantage.

42. It is the business of a general to be serene and inscrutable, impartial and self-controlled.

43. He should be capable of keeping his officers and men in ignorance of his plans.

44. He prohibits superstitious practices and so rids the army of doubts. Then until the moment of death there can be no troubles.

45. He changes his methods and alters his plans so that people have no knowledge of what he is doing.

46. He alters his camp-sites and marches by devious routes, and thus makes it impossible for others to anticipate his purpose.

47. To assemble the army and throw it into a desperate position is the business of the general.

48. He leads the army deep into hostile territory and there releases the trigger.

49. He burns his boats and smashes his cooking pots; he urges the army on as if driving a flock of sheep, now in one direction, now in another, and none knows where he is going.

50. He fixes a date for rendezvous and after the troops have met, cuts off their return route just as if he were removing a ladder from beneath them.

51. One ignorant of the plans of neighbouring states cannot prepare alliances in good time; if ignorant of the conditions of mountains, forests, dangerous defiles, swamps and marshes he cannot conduct the march of an army; if he fails to make use of native guides he cannot gain the advantages of the ground. A general ignorant of even one of these three matters is unfit to command the armies of a Hegemonic King.

52. Now when a Hegemonic King attacks a powerful state he makes it impossible for the enemy to concentrate. He overawes the enemy

and prevents his allies from joining him.

53. It follows that he does not contend against powerful combinations nor does he foster the power of other states. He relies for the attainment of his aims on his ability to overawe his opponents. And so he can take the enemy's cities and overthrow the enemy's state.

54. Bestow rewards without respect to customary practice; publish orders without respect to precedent. Thus you may employ the entire army as you would one man.

55. Set the troops to their tasks without imparting your designs; use them to gain advantage without revealing the dangers involved. Throw them into a perilous situation and they survive; put them in death ground and they will live. For when the army is placed in such a situation it can snatch victory from defeat.

56. Now the crux of military operations lies in the pretence of accommodating one's self to the designs of the enemy.

57. Concentrate your forces against the enemy and from a distance of a thousand *li* you can kill his general. This is described as the ability to attain one's aim in an artful and ingenious manner.

58. On the day the policy to attack is put into effect, close the passes, rescind the passports, have no further intercourse with the enemy's envoys and exhort the temple council to execute the plans.

59. When the enemy presents an opportunity, speedily take advantage of it. Anticipate him in seizing something he values and move in accordance with a date secretly fixed.

60. The doctrine of war is to follow the enemy situation in order to decide in battle.

61. Therefore at first be shy as a maiden. When the enemy gives you an opening be swift as a hare and he will be unable to withstand you.



" ဆွန်ဇု၏ စစ်ပညာကျမ်းသည် စစ်မှုထမ်းများ လေ့လာကျင့်သုံးရန် စစ်ပညာအခြေခံကျမ်း တစ်စောင် ဖြစ်ရုံမျှမက စာပေလိုက်စားသူတိုင်း အလေးထားရသည့် စာပေကျမ်းစာ တစ်စောင်လည်း ဖြစ်သည်။

သူ၏ စာအရေးအသားကား ကြမ်းမယောင်နှင့် ယဉ်၏။ ရိုးမယောင်နှင့် ဆန်းကြယ်၏။ ရှင်းလင်း ပြတ်သားပြီး လက်တွေ့ကျလှပေ၏။ "

ချင်ဟောင်
**Cheng Hou**
စာပေဝေဖန်ရေးပညာရှင်



# သေနင်္ဗျူဟာ အတတ်ပညာ

## အခန်း(၁၁)

## အ ခြေ အ နေ ကိုး မျိုး

၁။ စစ်မြေပြင် အခြေအနေကို အောက်ပါအတိုင်း (၉)မျိုး ခွဲခြား မှတ်သားရမည်-

(က) လူစုခွဲသည့် စစ်မြေပြင် Dispersive Ground
(ခ) စစ်ဦးကျွံ စစ်မြေပြင် Frontier Ground
(ဂ) သော့ချက်စစ်မြေပြင် Key Ground
(ဃ) လွတ်လပ်သောစစ်မြေပြင် Communication Ground
(င) ဗဟိုချက်ကျစစ်မြေပြင် Focal Ground
(စ) အန္တရာယ်စစ်မြေပြင် Serious Ground
(ဆ) ကန္တာရစစ်မြေပြင် Difficult Ground
(ဇ) ညှပ်ပူးညှပ်ပိတ် စစ်မြေပြင် Encircled Ground
(ဈ) မရဏ စစ်မြေပြင် Death Ground

၂။ **လူစုခွဲသည့် စစ်မြေပြင်**။ ရန်သူက ကျူးကျော်ဝင်ရောက်သဖြင့် ဒေသခေါင်းဆောင်ငယ်များ၊ လူမျိုးစုခေါင်းဆောင်များ၊ နယ်စားပယ်စားများက မိမိတို့ နယ်နိမိတ်အတွင်း ခုခံတိုက်ခိုက်ကြရသည့် စစ်မြေပြင်။

၃။ **စစ်ဦးကျွံ စစ်မြေပြင်**။ ရန်သူ၏ နယ်နိမိတ် အဖျားအနားပိုင်းထဲသို့ အနည်းငယ်ကျွံဝင်လျက် မိမိတပ်က ဝင်

ရောက်ထိုးဖောက်ပြီး တိုက်ခိုက်ရသော စစ်မြေပြင်။

၄။ **သော့ချက်စစ်မြေပြင်။** ထိုမြေကို သိမ်းပိုက်ရရှိလျှင် ရန်သူရော၊ မိမိပါ အကျိုးအမြတ် ရစေနိုင်သည့် စစ်မြေပြင်။ တိုက်ပွဲ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးစေနိုင်သော စစ်မြေပြင်။

၅။ **လွတ်လပ်စစ်မြေပြင်။** ရန်သူဖြစ်စေ၊ မိမိဖြစ်စေ၊ နှစ်ဘက်စလုံးအတွက် လွတ်လပ်စွာ ဝင်ထွက်သွားလာရ လွယ်ကူသော စစ်မြေပြင်။

၆။ **ဗဟိုချက်ကျ စစ်မြေပြင်။** အကယ်၍ တိုင်းပြည် သို့မဟုတ် ပြည်နယ်တစ်ခုသည် အခြားတိုင်းပြည် သုံးပြည်က ဝိုင်းရံပိတ်ဆို့ထားသော နယ်နိမိတ်ရှိပါက ထိုတိုင်းပြည် နယ်မြေသည် ဗဟိုချက်ကျ စစ်မြေပြင်။

၇။ **အန္တရာယ်စစ်မြေပြင်။** မိမိတပ်များက ရန်သူ့နယ်မြေအတွင်း နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်လျက် နောက်ကျောနှင့် ဘေးနံစသည်တို့တွင် ရန်သူ၏ မြို့ကြီးပြကြီးများကို ကျော်လွန်ချန်ထားရစ်ခဲ့သော စစ်မြေပြင်။

၈။ **ကန္တာရစစ်မြေပြင်။** တောင်တန်းတောင်ကြောများ၊ သစ်တောများ၊ လျှိုမြောင်ချောက်ကမ်းပါးများ၊ ရွှံ့ညွံဗွက်တော၊ ခြုံနွယ်ပိတ်ပေါင်း၊ ခလုပ်ကန်သင်း၊ နွံးမြေစိမ့်မြေ စသည်ဖြတ်သန်းသွားလာရ ခက်ခဲသော၊ ခက်ထန်ကြမ်းတမ်းသော ခရီးကိုဖြစ်စေသော စစ်မြေပြင်။

၉။ **ညှပ်ပူးညှပ်ပိတ် စစ်မြေပြင်**။ ဝင်လမ်းသည် ကျဉ်းမြောင်းပြီး မတ်စောက်သော တောင်ကြားလမ်းမျိုးကဲ့သို့ ရှိနေလျက် ရန်သူနှင့် ရင်ဆိုင်ရလျှင် အကျိုးပျက်စီးစေနိုင်သော မြေအနေအထားမျိုး။ ရန်သူအင်အား အနည်းငယ်မျှဖြင့် မိမိအင်အားအများကို တိုက်ခိုက်နိုင်သော စစ်မြေပြင်။

၁၀။ **မရဏ စစ်မြေပြင်**။ မျှော်လင့်ချက် ပျက်သုဉ်းပြီး အရှုံးပေးရမည့်အစား ရဲဝံ့စွန့်စားစွာဖြင့် လျင်လျင်မြန်မြန် တိုက်ခိုက်ပါမှသာ ရှင်သန်ခွင့်ရနိုင်သည့် ဆိုးရွားသော အခြေအနေမျိုးဖြစ်သည့် မရဏစစ်မြေပြင်။

၁၁။ (မိမိနယ်စပ်ဒေသရှိ) လူစုခွဲသည့် စစ်မြေပြင်တွင် ရန်သူကို အလောတကြီး မတိုက်နှင့်။ (မိမိနယ်မြေအတွင်း ရန်သူ၏ စစ်ဦးစစ်ဖျား ရှည်လျားအောင် ဝင်လာပါစေဦး)။ (ရန်သူနယ်နိမိတ်အတွင်း အစပ်ရှိ) စစ်ဦးကျွံ စစ်မြေပြင်၌ ရပ်တန့် မနေနှင့်။ (အရှိန်ပြင်းစွာ အတွင်းအထိ ရနိုင်သမျှ ချီတက်လော့)

၁၂။ သော့ချက်စစ်မြေပြင်ကို သိမ်းပိုက်ရယူ အခြေပြုထားသော ရန်သူကို ဝင်မတိုက်နှင့်။ (ဆုံးရှုံးမှုများမည်) လွတ်လပ်သော စစ်မြေပြင်မှာ မိမိတပ်ဖွဲ့စည်းပုံကို အလှမ်းကွာဝေးအောင် ပြန့်ကြဲမသွားစေနှင့်။

၁၃။ ဗဟိုချက်ကျ စစ်မြေပြင်တွင် အိမ်နီးနားချင်းနိုင်ငံများနှင့် ချစ်ကြည်စွာ မဟာမိတ်ပြုထားပါ။ အန္တရာယ်စစ်မြေပြင်

တွင် အနိုင်အထက် လုယက်ခြင်းမျိုး မပြုရ။ (ရန်သူ့နယ်မြေအတွင်းမှာ လူထုထောက်ခံမှုရစေရန် ချစ်ခင်ကြည်ညို လာစေရန် စည်းရုံးဆွဲဆောင်ရမည်။ မူကွဲအဖြစ် ကျမ်းတစ်စောင်၌ လုယက်ပါဟု ဖော်ပြထားသည်ကို တွေ့ရှိရ၏။ နှစ်သက်ရာကို ယူပါ)

၁၄။ ကန္တာရစစ်မြေပြင်မှာ တိုက်စစ် အရှိန်မကျစေရ။ တိုက်ပွဲဖြစ်လျှင် ရန်သူကို ဖိ၍ တိုက်ပါ။ ညှပ်ပူးညှပ်ပိတ် စစ်မြေပြင်တွင် ပရိယာယ်လှည့်စားမှုဖြင့် တိုက်ခိုက်ပါ။ မရဏစစ်မြေပြင်မှာ လျင်လျင်မြန်မြန်ဖြင့် ဖောက်ထွက်ပါ။

၁၅။ လူစုခွဲသည့် စစ်မြေပြင်တွင် တပ်မတော်ကို စိတ်ဓာတ်ညီညွတ်ခိုင်မာအောင် စည်းရုံးလော့။

၁၆။ စစ်ဦးကျွံ စစ်မြေပြင်တွင် မိမိတပ်များကို အတူတကွအချိတ်အဆက်ထိထိမိမိ နီးနီးကပ်ကပ်ရှိအောင် စီမံလော့။

၁၇။ သော့ချက်စစ်မြေပြင်တွင် နောက်ပိုင်းတပ်များကို နှေးထားပြီး တိုက်ပွဲဝင်တပ်အင်အားကို ရန်သူ့ထက်အလျင် ဦးအောင်နေရာယူလော့။

၁၈။ လွတ်လပ်သော စစ်မြေပြင်တွင် ခံစစ်သေချာစွာ ပြင်ဆင်ခြင်းနှင့် အချက်ပြ ဆက်သွယ်ရေးကောင်းမွန်အောင် အာရုံစိုက်ဆောင်ရွက်လော့။

၁၉။ ဗဟိုချက်ကျ စစ်မြေပြင်တွင် မဟာမိတ်များနှင့် လက်ဆောင် ဖလှယ်၍ ချစ်ကြည်ရေးခိုင်မာအောင် တည်ဆောက်လော့။

၂၀။ အန္တရာယ်စစ်မြေပြင်တွင် လက်နက်ရိက္ခာ ထောက်ပံ့ ပို့ဆောင်ရေးကောင်းအောင် အလေးထားကွပ်ကဲလော့။

၂၁။ ကန္တာရစစ်မြေပြင်တွင် လျင်မြန်စွာ လှုပ်ရှားလော့။ လိုအပ်သည်ထက် ပိုမိုမကြာမြင့်စေနှင့်။

၂၂။ ညှပ်ပူးညှပ်ပိတ်စစ်မြေပြင်တွင် ဝင်လမ်း၊ ထွက်လမ်း၊ ဝင်ပေါက်၊ ထွက်ပေါက်တို့ကို ထိန်းချုပ်သိမ်းပိုက်နိုင်ရန် စီမံလော့။

၂၃။ မရဏ စစ်မြေပြင်တွင် စစ်သည်များကို သေမြေကြီး၊ ရှင်ရွှေထီး ဖြစ်ကြောင်းအသိပေးကာ ရဲဝံ့စွာ တိုက်ခိုက်ကြ ရန် အမိန့်ပေးလော့။ အစွမ်းကုန်တိုက်လော့။

၂၄။ စစ်မြေပြင်အခြေအနေပေါ် မူတည်လျက် စစ်နည်းဗျူဟာ ကို သင့်လျော်စွာ ကျင့်သုံးရမည်။ **လိုအပ်သလို တပ်ကို စုရုံးခြင်း၊ ဖြန့်ခွဲခြင်းတို့ ပြုရမည်။ လျင်မြန်စွာ စစ်ကစား နိုင်ရမည်။** အရေးအကြီးဆုံးမှာ လူ့သဘောလူ့သဘာဝကို စနစ်တကျ အသုံးချတတ်သည့် စစ်သူကြီး၏ စွမ်းရည် အဆုံးအဖြတ်ပင်ဖြစ်၏။ စစ်သူကြီးသည် သတိကြီးစွာ ထားလျက် စစ်မြေပြင်(၉)မျိုးကို ဆင်ခြင်သုံးသပ်အပ် သည်။

၂၅။ ရန်သူ၏ ရှေ့တန်း ရှေ့ဖျားတပ်နှင့် နောက်တန်း နောက်ချန်တပ်တို့ မဆက်စပ်နိုင်အောင် ဖြတ်တောက်တိုက်ခိုက်နိုင်စွမ်းခြင်း၊ တပ်မကြီးနှင့် တပ်ဖွဲ့ငယ်များ အပြန်အလှန်အထောက်အကူပြု ပူးပေါင်းမဆောင်ရွက်နိုင်အောင် တားဆီးနိုင်ခြင်း၊ တိုက်ရည်ခိုက်ရည်ကောင်းသောတပ်က ညံ့သောတပ်ကို ကူညီ၍မရအောင် ပိတ်ပင်နိုင်ခြင်း၊ အရာရှိများက ငယ်သားများကို မစုစည်း၊ မကွပ်ကဲနိုင်အောင် နှောက်ယှက်နိုင်ခြင်းတို့ ပြုနိုင်စွမ်းသူ ထိုပုဂ္ဂိုလ်မျိုးအား သေနင်္ဂဗျူဟာ စစ်အတတ်ပညာတတ်မြောက် ကျွမ်းကျင်သူဟု မှတ်ယူကြောင်းကို ရှေးရှေးဂန္ထဝင်စစ်ကျမ်းတို့က ဆိုခဲ့သည်။ (အလားတူစွာ ရန်သူ့ခေါင်းဆောင်များက မိမိ၏တပ်မတော်နှင့် ပြည်သူကို ထိုနည်းများဖြင့် တိုက်ခိုက်ချေမှုန်းနေတတ်ကြောင်း နားလည်သိမြင်ရပါမည်။)

၂၆။ ရန်သူတပ်များ တကွဲတပြားစီ ရှိနေကြလျှင် ပြန်လည် မစုစည်းနိုင်အောင် တားဆီးလော့။ ရန်သူတပ်ဖွဲ့များ စုစည်းနေကြလျှင် တွေဝေရှုပ်ထွေးအောင် တိုက်ခိုက်လော့။

၂၇။ အကျိုးရှိနိုင်သည်ဆိုလျှင် အင်အားကို တစ်စုတစ်စည်းချီတက်ရွေ့လျားလော့။ အကျိုးမရှိလျှင် ရပ်နား၍ အခြေအနေနှင့် လျော်ညီစွာ ဖြန့်ခွဲလှုပ်ရှားလော့။

၂၈။ ကောင်းစွာ ဖွဲ့စည်းထားသော ရန်သူ့တပ်တော်ကြီး ကျူးကျော်ဝင်ရောက်လာသော် မည်ကဲ့သို့ဆောင်ရွက်ရမည်နည်း။ ရန်သူ အယုယ အမြတ်နိုးဆုံးအရာ တစ်ခုခုကို

မိမိ ရရ ပိုင်နိုင်စွာ တိုက်ခိုက်သိမ်းပိုက်လိုက်ပါ။ ထိုအခါ ရန်သူသည် မိမိအလိုဆန္ဒနှင့် ကိုက်ညီစွာ လိုက်နာပါလိမ့်မည်။

၂၉။ **လျင်မြန်ခြင်းသည် စစ်၏အနှစ်သာရဖြစ်၏**။ ရန်သူ အဆင်သင့် မဖြစ်သေးခြင်းကို အခွင့်ကောင်းယူပါ။ ရန်သူ မမျှော်လင့်သော လမ်းမှသွားလော့။ ရန်သူကြိုတင် မမျှော်မှန်းသော နေရာကို တိုက်ခိုက်ချေမှုန်းလော့။

၃၀။ ကျူးကျော်မည့်တပ်အနေဖြင့် ကျင့်သုံးရမည့် ယေဘုယျဥပဒေသ တစ်ရပ်မှာ ရန်သူ့နယ်နိမိတ်အတွင်းပိုင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်ပြီး တိုက်ခိုက်လေလေ မိမိတပ်မတော်သည် ပိုမိုစည်းလုံးညီညွတ်လေလေ ဖြစ်စေသည်။ ခုခံသူများ မိမိကို မအောင်မြင်နိုင်တော့ပေ။ (ထောက်ပံ့ရေး မပြတ်စေရန် သတိချပ်ရ၏)

၃၁။ စိုက်ပျိုးရေး မြေဆီသြဇာကောင်းမွန်သော ဒေသမျိုးကို ရအောင်တိုက်ခိုက်သိမ်းပိုက်တော့။ သို့မှသာ မိမိတပ်ရိက္ခာအတွက် အလျှံအပယ် ရရှိမည်။

၃၂။ **စစ်သည်တို့၏ အားပြည့်စေခြင်း၊ အားတက်စေခြင်းကို အလေးထား အာရုံစိုက်လော့**။ မလိုအပ်သော ပင်ပန်းနွမ်းနယ်မှုကို မဖြစ်စေနှင့်။ စိတ်ဓာတ်ရေးရာ ခံယူချက် ယုံကြည်ချက် လေးနက်ခိုင်မာစေရမည်။ အာဟာရပြည့်ဝအောင် ကျွေးမွေးထောက်ပံ့ရမည်။ တပ်မတော်၏ လှုပ်ရှားမှု

များကို ရန်သူက မတွေးတတ်လောက်အောင် ခက်ခဲလျို့ဝှက်သော စီမံချက်များ ရှိရမည်။ မရိပ်မိနိုင်လောက်အောင် ကျစ်လျစ်သိပ်သည်းရမည်။ (လုံခြုံရေး)

၃၃။ သေပါစေ မပြေးဘူး။ ပြေးလျှင်လည်း ဘယ်နည်းနှင့်မှ မလွတ်ဘူးဟု စစ်သည်များ နားလည်ခံယူထားကြပါစေ။ အသက်ကို စွန့်လှူထားသူများသည် အဘယ်အရာကို မအောင်မြင်ဘဲ ရှိပါအံ့နည်း။ သေရမည့် စစ်မြေပြင်ကိုပင် ဖြစ်စေ မကြောက်ရွံ့တော့ပေ။ ပြေးပေါက်မစဉ်းစားတော့သောအခါ တည်ငြိမ်ရဲစွမ်းသတ္တိပြည့်ဝနေကြလေသည်။ ရန်သူ့နယ်မြေအတွင်း နက်ရှိုင်းစွာ ဝင်ရောက်တိုက်ခိုက်ကြရာတွင်လည်း ရဲရဲဝံ့ဝံ့ အနီးကပ်လက်တစ်ကမ်း တိုက်ပွဲဝင်ကြလေသည်။

၃၄။ ဤသို့နှင့် အမိန့်ပေးတိုက်တွန်းစရာ မလိုဘဲ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ကြ၏။ ခေါင်းဆောင်၏ လိုလားချက်ကို သူ့အလိုအလျောက် ထမ်းဆောင်ကြတော့၏။ လေးစားချစ်ခင်မှု ကို တောင်းစရာမလိုဘဲ ရရှိလာကြ၏။ ယုံကြည်မှု ပိုမိုရလာနိုင်၏။

၃၅။ ကျွန်ုပ်၏ လက်အောက်အရာရှိများ အလွန်အကျူး မချမ်းသာ မကြွယ်ဝခြင်းမှာ ချမ်းသာကြွယ်ဝခြင်းကို ရွံရှာမုန်းတီးသောကြောင့် မဟုတ်။ အသက်ရှည်ရှည်နေရန် မမျှော်လင့်ကြသည်မှာ အသက်ရှည်ခြင်းကို မနှစ်သက် ကြသောကြောင့်မဟုတ်။ (စွန့်လွှတ်ခြင်းနှင့် စွန့်စားခြင်းသာ)

၃၆။ စစ်မြေပြင်သို့ ချီတက်ထွက်ခွာရန် အမိန့်ရှိသောနေ့တွင် တပ်ဖွဲ့ဝင်များသည် ငိုယိုကောင်းငိုကြပေလိမ့်မည်။ ပါးပြင်မှာ မျက်ရည်စီးကြောင်းတွေ ရှိနေကြပါစေ။

၃၇။ ထွက်ပြေး၍လည်း မလွတ်နိုင်ဘူးဆိုသော အခြေအနေမှန်ကို သိပါစေ။ သူတို့သည် မကြောက်မရွံ့သောသတ္တိဖြင့်ပင် စစ်မြေပြင်ကို သူရဲကောင်းပီသစွာ ဝင်ရောက်လှုပ်ရှားလာကြပေလိမ့်မည်။

၃၈။ စစ်တပ်သည် ချိန် (Chang) တောင်တန်းပေါ်မှ ရှိုက်ကျန်ခေါ် (Shuai Jan) ဆင်ပစ်မြွေတစ်မျိုးကဲ့သို့ တုံ့ပြန်တိုက်ခိုက်တတ်ရမည်။ ယင်းသည် ခေါင်းကို တိုက်လာလျှင် အမြီးနှင့် ရိုက်တတ်၏။ အမြီးကို ရိုက်သော်ခေါင်းကပေါက်တတ်၏။ အလယ်ကိုယ်ပိုင်းကို ရိုက်လျှင် အမြီးရောခေါင်းကပါ အန္တရာယ်ပေးတတ်၏။ ရိုက်၏။ ကိုက်၏။

၃၉။ ခြေလျင်တပ်သည် ဤနည်းကို သုံးနိုင်ပါမည်လား။ ကျင့်သုံးနိုင်ရမည်။ ရန်ဘက်သဖွယ် ဖြစ်ကြသော ဝူပြည်နယ်သားနှင့် ယူးပြည်နယ်သားတို့ပင်လျှင် မြစ်ထဲတွင် လှေတစ်စင်းနှင့် ဖြတ်ကူးစဉ် မိုးသက်မုန်တိုင်းမိသောအခါ တစ်ယောက်ကိုတစ်ယောက် ဖေးမကူညီခဲ့ကြသေးသည်။ စစ်သည်များသည် အချင်းချင်း ဖေးမတတ်သည်။ တပ်တစ်တပ်အနေဖြင့် စုပေါင်းတိုက်ခိုက်ဆောင်ရွက်တတ်ရမည်။

၄၀။ ရန်သူမရှိ၊ အန္တရာယ်မရှိလျှင် အချင်းချင်း ချစ်ခင်ယုံကြည်ရန် ခက်ခဲသူများသည်ပင် ရန်သူနှင့် အန္တရာယ်

များ၏ကြားသို့ရောက်ရှိသွားပါက အပြန်အလှန် စည်းလုံး ညီညွတ်သွားတတ်သည်။

၄၁။ စစ်ဘက်အုပ်ချုပ်ရေးတွင် သူရသတ္တိအရာ၌ စံနမူနာ ယူထိုက်အောင် ညီညွတ်ခြင်းကို ပျိုးထောင်လေ့ကျင့်သော ရည်ရွယ်ချက်တစ်ရပ်ချမှတ်ထားရမည်။ တိုက်ပွဲ အကျိုး အမြတ် အများဆုံးရရှိရန်အတွက် စစ်မြေပြင်အခြေအနေ ကို လျှပ်တစ်ပျက် အသုံးချရာတွင်လည်းကောင်း၊ ပြောင်း လွယ်ပြင်လွယ် စစ်ကစားရာတွင်လည်းကောင်း မှန်ကန်စွာ ရွေးချယ်ဆုံးဖြတ်နိုင်ရမည်။

၄၂။ စိတ်တည်ငြိမ်ရန်၊ လျှို့ဝှက်ရန်၊ တရားမျှတရန်နှင့် စည်း ကမ်းအရာ စံနမူပြ ဖြစ်စေရန်ဟူသော အချက်(၄)ချက် သည် စစ်သူကြီးတို့၏ မူလလုပ်ငန်းဆောင်တာများပင် ဖြစ် လေသည်။

၄၃။ လက်အောက်ငယ်သားများကို မိမိ၏စီမံချက် လုံး၀ မပေါက်ကြားစေရ။

၄၄။ တပ်ထဲမှာ စုန်း၊ နတ်၊ ပယောဂ၊ ပရစိတ္တ စသည့်မယုံကြည် အပ်သည့် အရာတွေ မရောယှက်စေရ။ မလိုလားအပ် သော သံသယတွေ မရှိစေရ။

၄၅။ နည်းလမ်း၊ စီမံချက်များကို လျှို့ဝှက်မှု ရှိရေး၊ လုံခြုံစေရေး အတွက် လိုအပ်သလို ပြောင်းလဲနိုင်ရမည်။

၄၆။ မိမိ၏ ရည်ရွယ်ချက်၊ ဦးတည်ချက်တို့ကို ရန်သူက မခန့်မှန်းတတ်စေရန် တပ်ချထားခြင်း၊ လမ်းကြောင်း ရွေးချယ်ချီတက်ခြင်းစသည်တို့ကိုလည်း လိုအပ်သလို ရုတ်တရက် ပြောင်းလဲပြုပြင်လုပ်ဆောင်ရမည်။

၄၇။ တပ်ကို စုစည်းစုဖွဲ့လျက် မျှော်လင့်ချက် ကင်းမဲ့သော အခြေအနေထဲသို့ ထိုးထည့်လိုက်ခြင်းမျိုးကိုလည်း စစ်သူကြီးသည် လုပ်ရန်လိုအပ်လျှင် လုပ်ရမည်။

၄၈။ ရန်သူ့နယ်မြေ နယ်နိမိတ် အတွင်းသို့နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်လျက် မည်သည့်အန္တရာယ်မဆို ခေါင်းဆောင်လျက် ရဲဝံ့စွာ ချီတက်နိုင်ရမည်။ တပ်မတော်တစ်ရပ်လုံးသည် သူ့လက်ခုပ်ထဲက ရေကဲ့သို့ သူ့ဆန္ဒအတိုင်း လိုက်ပါစေရမည်။

၄၉။ ကျွမ်းကျင်လိမ္မာသော စစ်သူကြီးသည် လှေဖောင်တို့ကို ဖျက်ဆီးမီးရှို့စေ၏။စားအိုး၊ စားခွက်တို့ကို ခွဲဖျက်စေ၏။ သိုးကျောင်းသားသည် သိုးအုပ်ကို မောင်းသကဲ့သို့ အရပ်တစ်ခုသို့ ရှေ့ရှု၍ ချီတက်စေ၏။ ထို့နောက် အခြားအရပ်မျက်နှာသို့ ပြောင်းလဲချီတက်စေပြန်၏။ မည်သူတစ်စုံတစ်ယောက်ကမျှ သူဘယ်ကို ရည်ရွယ်ပြီး သွားမည်ကို မသိ။

၅၀။ နေ့ရက်တစ်ရက်တွင် ဆုံရပ်တစ်ခု၌ တပ်များကို ပေါင်းစည်းရန် သတ်မှတ်ပေး၏။ ထို့နောက် နောက်ပိုင်းသို့

ပြန်လည် ဆုတ်ခွာနိုင်သည့် လမ်း၊ တံတားအားလုံးကို ဖျက်ဆီးပစ်လိုက်၏။ မိမိထောင်ပြီး တက်လာခဲ့သော လှေခါးကို ဖယ်ရှားသကဲ့သို့ ဖြစ်၏။ (ဘုရင့်နောင် ကျော်ထင်နော်ရထာသည် နောင်ရိုးတိုက်ပွဲတွင် အထက်ပါ စစ်နည်းပရိယာယ် ကိုအသုံးပြုလျက် မိမိထက်အင်အား သာလွန်သော တပ်ကို နိုင်အောင် တိုက်ခဲ့သည်။ လှည့်စားမှု နှင့် အငိုက်ဖမ်းနိုင်မှုကို အင်အားများအောင် စောင့်ဆိုင်း ခြင်းထက် ဦးစားပေးပြီး ကျင့်သုံးကာ အောင်ပွဲဆင်ခဲ့သည်။)

၅၁။ အောက်ပါအချက်သုံးရပ်အနက် ပညာရပ်တစ်ခုခုကို လျစ်လျူရှုတတ်သူသည် လက်နက်ကိုင် အင်အားစု၏ အကြီးအကဲဖြစ်ရန် မသင့်လျော်-

(က) နိုင်ငံတကာ သံတမန်ဆက်ဆံရေးအတတ်ပညာ (ထိုအတတ်ပညာ ကင်းမဲ့သော် သံတမန်နည်း ပရိယာယ်တို့ကို မကျင့်သုံးတတ်)

(ခ) ရေမြေတောတောင်၊ သဘာဝရာသီဥတု၊ ယင်းတို့၏ စစ်ရေးစစ်ရာသို့ အထောက်အကူပြုမှု၊ ပထဝီဝင်နှင့် မိုးလေဝသ၊ ဇလဗေဒ စသည့် ပညာရပ်များ။ (ထိုအသိပညာများ နားဝေးသူသည် တပ်ကို ကိုင်၍ အောင်မြင်သော စစ်ပွဲမဆင်နွှဲနိုင်)

(ဂ) နယ်မြေ ဒေသခံထဲမှ ယုံကြည် စိတ်ချရသော အကြံပေးနှင့် လမ်းပြများကို အသုံးချတတ်ခြင်း (ယင်းတို့မပါဘဲ စစ်မြေပြင်အခြေအနေနှင့် ဒေသခံလူထု၏ သဘောထား၊ အားသာချက် စသည်တို့ကို မသိရှိနိုင်ပေ)

၅၂။ မိမိထက် အင်အားကြီးမားသာလွန်သော နိုင်ငံနှင့် စစ်ပြုရလျှင် ယင်းကို အင်အားစုစည်းခြင်းငှာ မဖြစ်သာအောင် နည်းမျိုးစုံဖြင့် ကြံဆောင်နိုင်ရမည်။ မိမိ၏ မဟာမိတ်များကိုရန်သူနှင့် ဆက်သွယ်ရင်းနှီးမှု မရှိအောင် တားဆီးရမည်။

၅၃။ ရန်သူ၏ မဟာမိတ်များကို အင်အားကြီးထွားခွင့်မပြု။ ရန်သူ၏ မဟာမိတ်များကို မိမိအားရန်သူနှင့် ပူးပေါင်းမတိုက်စေရန် ဟန့်တားထားနိုင်ရမည်။ ရန်သူကို ထိတ်လန့် ချောက်ချားအောင် မိမိစွမ်းရည်ကို ပြသနိုင်စေရန် မိမိ အင်အားကို အထက်မြက်ဆုံး မြင့်မားဖို့ တည်ဆောက်၏။ ထိုသို့ဖြစ်လျှင် ရန်သူ၏ မြို့ပြများကို သိမ်းပိုက်နိုင်ပြီး ရန်သူ၏ တိုင်းနယ်၊ ပြည်နယ်များကို တိုက်ခိုက်သိမ်းပိုက်နိုင်လိမ့်မည်။

၅၄။ ထုံးစံအရ ယခင်က မရှိခဲ့ဖူးသော ဆု၊ တံဆိပ်၊ ဂုဏ်ပြုလွှာစသည်တို့ကို ပေးလော့။ ယခင်က မရှိခဲ့ဖူးသော အမိန့်၊ ညွှန်ကြားချက်များကိုလည်း (အခြေအနေနှင့် ဆီလျော်စွာ) ထုတ်ပြန်လော့။ သင်သည် တပ်မတော်ကြီး တစ်ရပ်လုံးကို လူတစ်ယောက်ကဲ့သို့ တစ်စည်းတစ်လုံး အသုံးချနိုင်အံ့။

၅၅။ တပ်ဖွဲ့များအား ယင်းတို့၏ လုပ်ငန်းတာဝန်များကို မိမိလိုချင်သော ပုံစံဖြင့် ဖော်ဆောင်ရန် စီမံလော့။ သိရှိရန်မလိုသော တွေ့ကြုံလာမည့် အန္တရာယ်စသည်တို့ကို မသိစေနှင့်၊ လျှို့ဝှက်သော။ ဘေးတွေ့ဖွယ်သော အခြေအနေ

ထဲသို့ တပ်ကို ရဲရဲစေလွှတ်လော့။ ရှင်သန်အောင် မြင်အောင် ဆင်နွှဲလိမ့်မည်။ မရဏစစ်မြေပြင်သို့လည်း ရဲရဲပင်စေလွှတ်လော့။ အသက်ဆက်၍ရှင်ရန် ရုန်းကန်ထွက်လာလိမ့်မည်။ အဘယ်ကြောင့်နည်း။ တပ်မတော်တစ်ခုသည် ဤကဲ့သို့ အခြေအနေမျိုးကို ဖြတ်သန်းရင်ဆိုင်လျက် ရှုံးပွဲကို ရုတ်တရက် အောင်ပွဲအဖြစ် ပြောင်းလဲနိုင်စွမ်း ရှိသောကြောင့်ဖြစ်၏။

၅၆။ စစ်မှုရေးရာ စစ်ဆင်ရေးများအားလုံး၏ အခရာ အချက်အချာအကြောင်းရပ်သည်ကား ရန်သူဖြစ်စေလိုသော လိုလားချက်အတိုင်း အလိုအလျောက်ဖြည့်ဆည်းပေးရာ ရောက်သည့် ပုံသဏ္ဍာန် သူကြိုးဆွဲရာကနေရဟန်အပြည့်အဝ “ **ပိပိရိရိ ဟန်ဆောင်တတ်ခြင်း** ” ပင် ဖြစ်၏။ (ရန်သူကလည်း မိမိကို ထိုနည်းအတိုင်း လှည့်စားဖျားယောင်းနေခြင်းဖြစ်၏)

၅၇။ သင်၏ တပ်များကို အင်အားတစ်စုတစ်စည်းတည်း သုံးလျက်အဟုန်ပြင်းစွာ ချီတက်တိုက်ခိုက်ပါက လီပေါင်းတစ်ထောင်ဝေးကွာသော နေရာရှိ ရန်သူစစ်သူကြီးကိုပင် သတ်ဖြတ်နိုင်၏။ ဤသည်မှာ စစ်အတတ်ပညာ အပြည့်အဝ အသုံးချလျက် ရည်ရွယ်ချက် အောင်မြင်အောင် ကျွမ်းကျင်စွာ လုပ်ဆောင်တတ်ခြင်းအပေါ် မူတည်၏။

၅၈။ အမှန်တကယ် စတင်တိုက်ခိုက်ပြီဆိုသော နေ့မှစ၍ နယ်စပ်လမ်းကူးများကို ပိတ်ထားပါ။ နယ်ကူးလက်မှတ်များကို

ဖျက်သိမ်းပါ။ ရန်သူ၏ သံတမန်တို့ကို မဝင်လာစေရ။ ဒေသခံ အသင်းအဖွဲ့များ၏ အကူအညီဖြင့် စီမံချက် အတိုင်းဖြစ်အောင် ဆောင်ရွက်ပါ။

၅၉။ အကယ်၍ ရန်သူက အခွင့်အလမ်း တစ်စုံတစ်ခုပေးလာခဲ့သော် မလွတ်တမ်း တိုက်ခိုက်ချေမှုန်း အမြတ်ထုတ်လိုက်ပါ။ ရန်သူတန်ဖိုးထားသောအရာကို လက်ဦးအောင် ရယူပါ။ ထို့နောက်လျှို့ဝှက်စွာ သတ်မှတ်ထားသော နေ့ရက်မှာ လှုပ်ရှားပါ။

၆၀။ စစ်ဥပဒေသ အဆိုအရ ရန်သူ၏ အခြေအနေကို မူတည်၍ အခြေအနေပေးသမျှ မီးစင်ကြည့်ကပြီး အဆုံးအဖြတ်ပေး တိုက်ပွဲကို ဆင်နွှဲပါ။

၆၁။ ထို့ကြောင့် ပထမပိုင်းတွင် အပျိုစင်ကဲ့သို့ အကပ်မခံ ရှက်ဟန်ပြ၍ ကန့်ကလျ ရှိပါစေ။ ရန်သူ့ဘက်က အတင့်ရဲလာပြီး လှုပ်ရှားလာကြပြီဆိုမှ ဟာကွက်တွေ ပွင့်လာပြီ။ ယုန်တစ်ကောင်၏ လျင်မြန်မှုမျိုးဖြင့် အငိုက်ဖမ်း တိုက်ကွက်များဖြင့် တစ်ဟုန်ထိုး, ထိုးနှက်ကာ ရန်သူကို အပြီးတိုင် ချေမှုန်းလိုက်ပါလော့။



# XII

# ATTACK BY FIRE

SUN TZU said:

1. There are five methods of attacking with fire. The first is to burn personnel; the second, to burn stores; the third, to burn equipment; the fourth, to burn arsenals; and the fifth, to use incendiary missiles.

2. To use fire, some medium must be relied upon.

3. Equipment for setting fires must always be at hand.

4. There are suitable times and appropriate days on which to raise fires.

5. 'Times' means when the weather is scorching hot; 'days' means when the moon is in Sagittarius, Alpharatz, *I*, or *Chen* constellations, for these are days of rising winds.

6. Now in fire attacks one must respond to the changing situation.

7. When fire breaks out in the enemy's camp immediately co-ordinate your action from without. But if his troops remain calm bide your time and do not attack.

8. When the fire reaches its height, follow up if you can. If you cannot do so, wait.

9. If you can raise fires outside the enemy camp, it is not necessary to wait until they are started inside. Set fires at suitable times.

10. When fires are raised up-wind do not attack from downwind.

11. When the wind blows during the day it will die down at night.

12. Now the army must know the five different fire-attack situations and be constantly vigilant.

13. Those who use fire to assist their attacks are intelligent; those who use inundations are powerful.

14. Water can isolate an enemy but cannot destroy his supplies or equipment.

15. Now to win battles and take your objectives, but to fail to exploit these achievements is ominous and may be described as ' wasteful delay '.

16. And therefore it is said that enlightened rulers deliberate upon the plans, and good generals execute them.

17. If not in the interests of the state, do not act. If you cannot succeed do not use troops. If you are not in danger, do not fight.

18. A sovereign cannot raise an army because he is enraged, nor can a general fight because he is resentful. For while an angered man may again be happy, and a resentful man again be pleased, a state that has perished cannot be restored, nor can the dead be brought back to life.

19. Therefore, the enlightened ruler is prudent and the good general is warned against rash action. Thus the state is kept secure and the army preserved.

# သေနင်္ဂဗျူဟာ အတတ်ပညာ

## အခန်း(၁၂)

## မီး နှင့် တိုက် ခိုက် ခြင်း

၁။ မီးဖြင့်တိုက်ခိုက်ရန် (၅)ချက်ရှိသည်-

(က) ရန်သူစစ်သည် (လူ)

(ခ) စတို၊ ဂိုဒေါင်၊ သိုလှောင်ရုံများ

(ဂ) စစ်ပစ္စည်းကိရိယာများ၊ ယာဉ်၊ ရထား

(ဃ) လက်နက်ခဲယမ်းတိုက်

(င) မီးလောင်စေနိုင်သော မီးတုတ်၊ ဒုံးပျံ လက်နက်များဖြင့် အသုံးပြုတိုက်ခိုက်ခြင်း

၂။ မီးဖြင့်တိုက်ရန် မီးရှို့ရန် ကိရိယာရှိရမည်။

၃။ မီးလောင်စေတတ်သောအရာများ အသင့်စုဆောင်းရမည်။

၄။ အချိန်ကို မှန်ကန်စွာ ရွေးချယ်ရမည်။ သင့်လျော်သော ရာသီနှင့် အတိအကျ အကျိုးအရှိဆုံးဖြစ်စေမည့် နေရက်တို့ကို သေချာစွာ တွက်ချက်ပြင်ဆင်ရမည်။

၅။ အချိန်ဆိုသည်မှာ ခြောက်သွေ့ပူပြင်းသော နွေရာသီမျိုး ဆိုလိုသည်။ အသင့်လျော်ဆုံး နေ့ရက်များမှာပြိဿရာသီ (နွေဦးပေါက်)၊ သိဟ်ရာသီ (နွေရာသီ)၊ ဓနုရာသီ (ဆောင်း

ဦးပေါက်) နှင့် ကုံရာသီ (ဆောင်းရာသီ) တို့တွင် လေပြင်း၊ လေပွေ တိုက်လေ့ရှိတတ်သည်။

၆။ မီးနှင့်တိုက်ခိုက်ရာတွင် ပြောင်းလဲနေသည့် အခြေအနေကို မျက်ခြေမပြတ် ကြည့်နေရမည်။

၇။ ရန်သူ့စခန်းအတွင်း မီးစွဲလောင်ပါက လျင်မြန်သွက်လက်စွာဖြင့် ဝင်ရောက်ချေမှုန်းရမည်။ သို့သော် ရန်သူ့တပ်များ ပျာယာမခတ်ဘဲ တည်တည်ငြိမ်ငြိမ်ရှိနေကြလျှင် မတိုက်နှင့်။ အချိန်ကိုစောင့်ဦး။

၈။ မီးရှိန်မြင့်လာပြီ။ ဝင်တိုက်လျှင် အောင်မြင်ဖို့သေချာပြီ။ ထိုသို့ဆိုလျှင် ဝင်ရောက်တိုက်ခိုက်လော့။ ထိုသို့မဟုတ်လျှင် အခြေအနေကို စောင့်ဦး။

၉။ ရန်သူ့စခန်း ပြင်ပမှ မီးရှို့တိုက်ခိုက်သော် ရန်သူ့ထံမှ စတင် တိုက်ခိုက်သည်အထိ စောင့်မနေရ။ သင့်လျော်သည့်အချိန်မှာ ပစ်ခတ်တိုက်ခိုက်။

၁၀။ မီးကို လေညာအရပ်မှ ရှို့ပါ။ လေအောက်မှနေပြီး မတိုက်နှင့်။

၁၁။ နေ့မှာ လေတိုက်ခတ်လာလျှင် ထိုနေ့၏ ညပိုင်းမှာ လေငြိမ်တတ်သည်။

၁၂။ တပ်မတော်သည် မီးနှင့်တိုက်နည်း ငါးမျိုးကို သိရှိအသုံးချရမည်။ အစဉ်သဖြင့် နိုးကြားရမည်။ (ရန်သူကလည်း ဤနည်းများဖြင့် တိုက်ခိုက်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ပြင်ဆင်ရလိမ့်မည်။)

၁၃။ မီးနှင့်ရန်သူကို တိုက်ခိုက်စဉ်တွင် ပါဝင်တိုက်ခိုက်ရသည့် တပ်ရင်းမှူးသည် ဉာဏ်ရည်ထက်မြက်ရမည်။ ရေလွှမ်းမိုးခြင်းကို အသုံးပြုတိုက်ခိုက်သူသည် စွမ်းအားကြီးသည်။

၁၄။ ရေအတားအဆီးသည် ရန်သူကို အထီးကျန် ဖြစ်စေနိုင်သည်။ သို့ရာတွင် ထောက်ပံ့ပို့ဆောင်ရေးနှင့် စစ်လက်နက် များကို ဆုံးရှုံးစေအောင်ကား မဖျက်ဆီးနိုင်။ (မီးက ဖျက်ဆီးပစ်နိုင်၏။)

၁၅။ တိုက်ပွဲများ အောင်နိုင်ရန်မှာ ရည်မှန်းချက် တိကျစွာ ချမှတ် ထားရှိရမည်။ ပေါ်ပေါက်လာသော အခြေအနေ အခါ အခွင့်ကို အမြတ်မထုတ်တတ်ပြန်လျှင်လည်း ရသင့်သလောက်အကျိုးကြီးကြီးမားမားမရ။ စွန့်စွန့်စားစားဖြင့် အခွင့်အရေးရသမျှမှ အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်သူအား ဆုလာဘ်ရာထူး ချီးမြှောက်အပ်၏။

၁၆။ အမြော်အမြင်ရှိသော နိုင်ငံတော်အကြီးအကဲသည် စီမံချက်ကို စေ့စပ်သေချာစွာ ပေါင်းစပ်ညှိနှိုင်းလျက် ရေးဆွဲချမှတ်သည်။ အရည်အချင်းပြည့်ဝသည့် စစ်သူကြီးအား တာဝန်ပေးကာ လက်တွေ့အကောင်အထည်ဖော်စေသည်။

၁၇။ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် မဟုတ်လျှင် မလုပ်ဆောင်ရ။ တိုက်ပွဲတွင် အောင်မြင်ရန် မသေချာလျှင် တပ်အင်အားကို အသုံးမချရ။ အန္တရာယ်ကျရောက်ဖွယ် မရှိဘဲနှင့် အဆုံးအဖြတ်ပေးရန် အချက်အချာ အခြေအနေ မရောက်သေးဘဲနှင့် တိုက်ခိုက်ခြင်းကို မပြုရ။

၁၈။ နိုင်ငံတော်အကြီးအကဲသည် ဒေါသအမျက်ကြောင့် စစ်ပွဲမကြေငြာရ။ စစ်သူကြီးသည် မုန်းတီးမှုကြောင့် စစ်ပွဲကိုမတိုက်ခိုက်ရ။ ဒေါသမီးပွားသူသည်လည်း တစ်ချိန်ချိန်တွင် ပျော်ရွှင်ရယ်မောနိုင်တတ်၏။ ပူဆွေးသူတစ်ဦးသည်လည်း ကျေနပ်နှစ်သိမ့်မှုကို တစ်ချိန်တွင် ရှိလာနိုင်သေး၏။ သို့သော် ချေမှုန်းဖျက်ဆီးခံရသော နိုင်ငံသည်ကားပြန် လည် ထူထောင်တည်ဆောက်ရန်၊ ငြိမ်ဝပ်ပိပြားမှုကိုပြန်လည်ရရှိရန် မလွယ်ကူတော့ချေ။ ကျဆုံးသေကျေရသူများသည်လည်း ပြန်လည် အသက်ရှင်မလာနိုင်ကြတော့ချေ။ (မနိုင်လျှင် မတိုက်ရ။ စစ်ကို အလွယ်တကူမဖြစ်ရ။)

၁၉။ သို့ဖြစ်ရကား အချုပ်အခြာ အာဏာပိုင်သည့် နိုင်ငံတော်၏ အကြီးအကဲမည်သည် အမြော်အမြင်ကြီးမားလျှင်စစ်ကို ပါဝင်ဆင်နွှဲရန် ပညာဖြင့် သတိရှိရမည်။ စစ်သူကြီးကောင်းတို့မည်သည် ဂမူးရှူးထိုး မပြုမူဘဲ စစ်အတွက်အစဉ်သတိဖြင့် နိုးကြားစွာ ရှိနေအပ်လေသည်။ သို့မှသာတိုင်းပြည်သည်လုံခြုံသည်။ တပ်မတော်သည် အင်အားတောင့်တင်းသည်။

---

မှတ်ချက်။ ။ မီးဖြင့်တိုက်ခိုက်နည်း ငါးမျိုးကို ဂရစ်ဖစ် Brig Gen Samuel B. Griffith က အမှတ်(၅)၌ မီးများ၊ မီးတုတ်များ ရန်သူ့စခန်းထဲသို့ ပစ်သွင်းတိုက်ခိုက်ခြင်းဟု ဖော်ပြသော်လည်း အခြားကျမ်းက ထောက်ပံ့ဆက်သွယ်ရေး လမ်းကြောင်းဟု ရေးထားကြပါသည်။ မူကွဲသဖြင့် နှစ်သက်ရာယူနိုင်။

# XIII

# EMPLOYMENT OF SECRET AGENTS

SUN TZU said:

1. Now when an army of one hundred thousand is raised and dispatched on a distant campaign the expenses borne by the people together with the disbursements of the treasury will amount to a thousand pieces of gold daily. There will be continuous commotion both at home and abroad, people will be exhausted by the requirements of transport, and the affairs of seven hundred thousand households will be disrupted.

2. One who confronts his enemy for many years in order to struggle for victory in a decisive battle yet who, because he begrudges rank, honours and a few hundred pieces of gold, remains ignorant of his enemy's situation, is completely devoid of humanity. Such a man is no general; no support to his sovereign; no master of victory.

3. Now the reason the enlightened prince and the wise general conquer the enemy whenever they move and their achievements surpass those of ordinary men is foreknowledge.

4. What is called ' foreknowledge ' cannot be elicited from spirits, nor from gods, nor by analogy with past events, nor from calculations. It must be obtained from men who know the enemy situation.

5. Now there are five sorts of secret agents to be employed. These are native, inside, doubled, expendable, and living.

6. When these five types of agents are all working simultaneously and none knows their method of operation, they are called ' The Divine Skein ' and are the treasure of a sovereign.

7. Native agents are those of the enemy's country people whom we employ.

8. Inside agents are enemy officials whom we employ.

9. Doubled agents are enemy spies whom we employ.

10. Expendable agents are those of our own spies who are deliberately given fabricated information.

11. Living agents are those who return with information.

12. Of all those in the army close to the commander none is more intimate than the secret agent; of all rewards none more liberal than those given to secret agents; of all matters none is more confidential than those relating to secret operations.

13. He who is not sage and wise, humane and just, cannot use secret agents. And he who is not delicate and subtle cannot get the truth out of them.

14. Delicate indeed! Truly delicate! There is no place where espionage is not used.

15. If plans relating to secret operations are prematurely divulged the agent and all those

to whom he spoke of them shall be put to death.

16. Generally, in the case of armies you wish to strike, cities you wish to attack, and people you wish to assassinate, you must know the names of the garrison commander, the staff officers, the ushers, gate keepers, and the bodyguards. You must instruct your agents to inquire into these matters in minute detail.

17. It is essential to seek out enemy agents who have come to conduct espionage against you and to bribe them to serve you. Give them instructions and care for them. Thus doubled agents are recruited and used.

18. It is by means of the doubled agent that native and inside agents can be recruited and employed.

19. And it is by this means that the expendable agent, armed with false information, can be sent to convey it to the enemy.

20. It is by this means also that living agents can be used at appropriate times.

21. The sovereign must have full knowledge of the activities of the five sorts of agents. This knowledge must come from the doubled agents, and therefore it is mandatory that they be treated with the utmost liberality.

22. Of old, the rise of Yin was due to I Chih, who formerly served the Hsia; the Chou came to power through Lu Yu, a servant of the Yin.

23. And therefore only the enlightened sovereign and the worthy general who are able to use the most intelligent people as agents are certain to achieve great things. Secret operations are essential in war; upon them the army relies to make its every move.





" အမှန်မှာ စစ်နှင့် ရဟန်းရှင်လူ၊ ယောကျ်ားမိန်းမ မရွေး တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေကြသည်ချည်း ပင်ဟုဆိုလာလျှင် မှားမည်မဟုတ်ပေ။ "

စံလွင်
ဗိုလ်မှူးကြီး(အငြိမ်းစား)
အင်္ဂလိပ်-မြန်မာ စစ်ဝေါဟာရအဘိဓာန် အမှာ
၂၀၀၂ခုနှစ်၊ မတ်လ



# သေနင်္ဗျူဟာ အတတ်ပညာ

## အခန်း(၁၃)

## ထောက် လှမ်း ရေး

၁။ စစ်သည်အင်အား ၁၀၀၀၀၀ (တစ်သိန်း) ရှိသော စစ်တပ်ကြီးကို ဖွဲ့စည်းပြီး အလွန်ကွာဝေးသော စစ်မြေပြင်သို့ စေလွှတ်ရခြင်းအတွက် အစိုးရရော ပြည်သူလူထုမှာပါ နေ့စဉ် နေ့စဉ် ရွှေဒင်္ဂါးပေါင်းမြောက်များလှစွာ ကုန်ကျရလေသည်။ ပြည်တွင်းပြည်ပ နှစ်ဌာနၥ် ပြည်သူပြည်သားများသည် စစ်၏ဒဏ်ဖြင့် ရုတ်ရုတ်သဲသဲ ပင်ပန်းဆင်းရဲကြရသည်။ မိသားစုဝင် ၇၀၀၀၀၀ (ခုနစ်သိန်း)ကျော်တို့၏ နေ့စဉ်ဘဝမှာ အလုပ်ပျက် အကိုင်ပျက် ထိခိုက်ကြရသည်။

၂။ အဆုံးအဖြတ်ပေးနိုင်မည့် တိုက်ပွဲကို အောင်ပွဲမခံမချင်း နှစ်ပေါင်းများစွာ ရန်သူနှင့် ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်နေရခြင်းသည် ကာလကြာရှည်နိုင်သည်။ အဘယ်ကြောင့်ဤသို့ဖြစ်ရသနည်း။ ရာထူးပေး၍၊ ဂုဏ်ပြုချီးမြှောက်၍၊ ပေးကမ်းထောက်ပံ့၍၊ ဝယ်ယူ၍ တစ်ဘက်ရန်သူ၏ အခြေအနေ သတင်းမှန်တို့ကို သိရှိအောင် ထောက်လှမ်းရေးအတွက် အသုံးပြုရန် တွန့်တိုစေးနဲနေခြင်းကြောင့် ဖြစ်တတ်၏။ အကြင်ပုဂ္ဂိုလ်မျိုးသည် စစ်သူကြီး မဖြစ်ထိုက်။

သူ၏ အမိနိုင်ငံတော်ကို ကောင်းကျိုးချမ်းသာ မဖြစ်စေနိုင်။ အောင်ပွဲခံနိုင်ရန် ဝေးစွ။

၃။ ထိုအကြောင်းကို ထောက်ကာ ထိုးထွင်းမြော်မြင်ဉာဏ်ရည်ပြည့်ဝသော နိုင်ငံ့အကြီးအကဲနှင့် ပညာရှိသော စစ်သူကြီးတို့ကား ရန်သူကို အချိန်မရွေး အောင်မြင်စွာ ချေမှုန်းတိုက်ခိုက်ရှင်းလင်းနိုင်လေသည်။ ယင်းတို့သည် ကြီးမားစွာ အောင်မြင်ကာ သာမန်လူတကာတို့ထက် ထူးကဲသာလွန်ခြင်းမှာ အခြားကြောင့်မဟုတ်။ “ **ကြိုတင်သိရှိထားခြင်း** ” ကြောင့်တည်း။

၄။ ကြိုတင်သိရှိထားခြင်းကို နတ်သိကြားမင်းတို့က ပေးခြင်းမဟုတ်။ ဘယ်မှော်ဆရာ၊ ဘယ်ကဝေကမှ ဆောင်ကြဉ်းမပေးနိုင်။ ထိုင်ရာမထ ခန့်မှန်းတွက်ဆနေ၍လည်းမရ။ အမှန်စင်စစ်မူကား “ ရန်သူအကြောင်းကို ကောင်းစွာ သိပြီးထားသူတို့က သတင်းပို့ခဲ့သဖြင့် ပေတည်း။ ” ထောက်လှမ်းရေး၏ ကျေးဇူး။

၅။ လျှို့ဝှက်သူလျှို ထောက်လှမ်းရေး (၅)မျိုး ရှိကြသည်-

(က) ဒေသခံသူလျှို — Native Spies

(ခ) အတွင်းသူလျှို — Inside Spies

(ဂ) ဘက်ပြောင်းသူလျှို — Converted Spies

(ဃ) အသေခံသူလျှို — Doomed Spies

(င) တာဝန်ထမ်းသူလျှို — Missionary Spies

၆။ အထက်ပါ သတင်းထောက်လှမ်းရေးတာဝန် ဆောင်ရွက်နေကြသော သူလျှိုများသည် တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ရန်သူထံမှ သတင်းများကို နည်းမျိုးစုံဖြင့် စုဆောင်း ရယူလျက် ရှိနေကြသည်ကို မည်သူမျှ မရိပ်မိနိုင်ကြချေ။ သူတို့၏ လျှို့ဝှက်စစ်ဆင်ရေး နည်းနာတို့ကိုလည်း သာမန်လူတို့ မသိနိုင်ကြပေ။ ထိုသူတို့ကား နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများ ဖြစ်ကြလေသည်။

၇။ **ဒေသခံသူလျှို**။ ရန်သူ့နိုင်ငံအတွင်း နေထိုင်သော လူများဖြစ်ကြသည်။ စီးပွားရေးသမား၊ တောင်သူလယ်သမား၊ လက်လုပ်လက်စား စသည့်အလွှာအမျိုးမျိုး၊ လူအမျိုးမျိုးဖြစ်၏။ (ရန်သူကလည်း မိမိနိုင်ငံအတွင်းရှိ လူတန်းစား အဆင့်အတန်း အမျိုးမျိုးထံမှ သတင်းထောက်လှမ်းစုဆောင်းပြီး ရန်သူ့ထံ ပို့ပေးနေစေနိုင်သည်ဟု သတိပြုဖွယ်ရာဖြစ်၏။)

၈။ **အတွင်းသူလျှို**။ ရန်သူအစိုးရ၏ အုပ်ချုပ်ရေးဌာနများ၊ ရုံးလုပ်ငန်းများ၊ လွှတ်တော်၊ နန်းတော်၊ ဌာနချုပ် စသည်တို့အတွင်းမှာ အလုပ်လုပ်နေကြသည့် အထက် တန်းအရာရှိမှ သန့်ရှင်းရေးဝန်ထမ်းအထိ မိမိကလျှို့ဝှက် စေခိုင်းစေလွှတ်ထားသူများ ပါဝင်နိုင်သည်။

၉။ **ဘက်ပြောင်းသူလျှို**။ မူလက ရန်သူ၏ ထောက်လှမ်းရေးတာဝန်ကို လုပ်ဆောင်နေသူအား တစ်နည်းနည်းဖြင့်

မိမိဘက်သို့ ပါအောင်ဖမ်းဆီးဆွဲဆောင်လျက် သူ့လူ ကိုယ့်ဘက်သား လုပ်ထားနိုင်သူမျိုး ဖြစ်၏။ (မိမိ၏ သူလျှိုများကို ရန်သူက လာဘ်ပေး၍ဖြစ်စေ၊ ဝယ်ယူ၍ဖြစ်စေ၊ သစ္စာဖောက်သွားသူမျိုးသည်လည်း ဘက်ပြောင်းသူလျှိုပင် ခေါ်နိုင်၏)

၁၀။ **အသေခံသူလျှို**။ ရန်သူကို လှည့်စားရန် အလို့ငှာ လျှို့ဝှက်သည့် ကိစ္စတစ်ခုခုကို ရန်သူ့ထံရောက်အောင် သိရှိစေလို၍ လုပ်ဆောင်သော ပရိယာယ်မျိုးဖြစ်၏။ ရန်သူဖမ်းမိပြီး နှိပ်စက်ညှင်းဆဲကာ သေသည့်တိုင်အောင် သတင်းမှားကိုပဲ ပြောဆိုသွားသူမျိုးဖြစ်၏။

၁၁။ **တာဝန်ထမ်းသူလျှို**။ သာသနာပြု၊ ကုန်သွယ်ရေး၊ လူမှုရေးအသင်းအဖွဲ့၊ ဝန်ထမ်းတာဝန် စသည်ဖြင့် အပေါ်ယံ ရည်ရွယ်ချက် အရေခြုံတစ်စုံတစ်ရာဖြင့် ရန်သူ့ထံ ထိုးဖောက်သွားရောက်ထောက်လှမ်းခဲ့ကြပြီး ပြန်လည်ရောက်ရှိလာသော သူလျှိုမျိုးဖြစ်၏။ သံတမန်အဖွဲ့၊ ချစ်ကြည်ရေးအဖွဲ့၊ လေ့လာရေးအဖွဲ့ စသည်တို့တွင် ပါဝင်တတ်သည်။ (ဤနည်းနာနှင့် ပရိယာယ်တို့ကို သိရှိနားလည်ထားခြင်းအားဖြင့် မိမိတို့နိုင်ငံတော် လုံခြုံရေးတွင် သတင်းလုံခြုံရေး အဓိကကျပုံကို ကွင်းကွင်းကွက်ကွက် မြင်နိုင်ပါသည်။)

၁၂။ တပ်မတော်ရှိ အခြားတပ်ဖွဲ့ဝင်များထက် ထောက်လှမ်းရေးသတင်းစုဆောင်းပေးရသော သူလျှိုထက် တပ်ရင်းမှူးနှင့်

မည်သူကမှ ပိုပြီးမနီးကပ်နိုင်ပေ။ လျှို့ဝှက်ထောက်လှမ်း ရေး တာဝန်ကို ထမ်းရွက်ရသူထက် မည်သူမျှ ပိုမိုသော ဆုလာဘ်ကို မရနိုင်ချေ။ မည်သည့်လုပ်ငန်းတာဝန်၊ အကြောင်းချင်းရာကမှ ထောက်လှမ်းရေး သတင်းစုဆောင်း ရေး စစ်ဆင်မှုထက်ပို၍ အရေးမကြီးနိုင်ပေ။ ပို၍အတွင်း အကျဆုံး အရေးပါသည့် ကိစ္စမရှိနိုင်ချေ။

၁၃။ အမြော်မြင်ကြီးခြင်း၊ ပါးနပ်လိမ္မာပညာရှိခြင်း၊ စာနာတတ် ခြင်း၊ တရားမျှတခြင်း ဟူသော အရည်အသွေးတို့ဖြင့် ပြည့်စုံသူက လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းအား ကွပ်ကဲ စီမံရာ၏။ သိမ်မွေ့သော၊ ကျစ်လျစ်သော၊ အကင်းပါး သော ထိုသူမျိုးထံမှာ ရန်သူ့အမှန်သတင်းကို ပို့နိုင် အောင် ကြိုးကြပ်ဆောင်ရွက်ကြပေမည်။

၁၄။ အလွန်တရာ သိမ်မွေ့၏။ အမှန်တကယ်ပင် သိမ်မွေ့ သော တာဝန်မျိုးဖြစ်၏။ သူလျှိုလုပ်ငန်း အသုံးမချ နိုင်သော နေရာဒေသဟူ၍ မရှိ။

၁၅။ အကယ်၍ လျှို့ဝှက်စစ်ဆင်ရေးကိစ္စနှင့်ပတ်သက်သမျှ အချိန်မတိုင်မီ ပေါက်ကြားသွားခဲ့ပါက ထိုသတင်းရန်သူ့ လက်ဝယ်သို့ ပေးပို့အစီရင်မခံမှ ချက်ချင်းလိုက်လံ နှုတ် ပိတ်ရ၏။

၁၆။ ယေဘုယျအားဖြင့် ရန်သူ့စစ်တပ်တစ်ခုကို တိုက်ခိုက် ချေမှုန်းရန်ပဲဖြစ်စေ၊ ရန်သူ့မြို့တော်တစ်ခုကို တိုက်ခိုက်

သိမ်းပိုက်ရန်ပဲဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကို လုပ်ကြံသတ်ဖြတ်ရန်ပဲဖြစ်စေ၊ သင်သည် စစ်ဒေသ၊ နယ်မြေမှူးများ၏ အမည်၊ ဦးစီးအရာရှိများ၊ ဧည့်ကြိုများ၊ တံခါးစောင့်များ၊ လုံခြုံရေးကင်းများ၊ ကိုယ်ရံတော်၊ သက်တော်စောင့်များ၏အမည် စသည့်အကြောင်းကို သတင်းစုဆောင်းရလိမ့်မည်။ သူလျှိုကို ထိုအကြောင်းချင်းရာများ ပြည့်စုံစွာအစီရင်ခံ သတင်းပေးပို့ရန် ညွှန်ကြားရပေလိမ့်မည်။ ထိုသတင်းအချက်အလက်များ၌ တိတိကျကျ အသေးစိတ်မိနစ်၊ နာရီကအစ၊ အလေ့အထ၊ သဘောသဘာဝများပါရှိရပေလိမ့်မည်။

၁၇။ ရန်သူ၏ ထောက်လှမ်းရေးသူလျှိုများကို မိအောင်ရှာဖွေဖော်ထုတ်နိုင်ရမည်။ ထိုအချက်သည် မရှိမဖြစ် အရေးပါ၏။ ရန်သူ့ဘက်သား သူလျှိုများကို ဖမ်းဆီးလျက် မိမိဘက်၌ အမှုထမ်းရန် သိမ်းသွင်းနိုင်ရမည်။ အကြိုက်ပေး၍ မိမိတာဝန် ပေးသည့်အတိုင်း တန်ပြန်သတင်းပေးပို့ကြရန် စီမံနိုင်ရမည်။ ဘက်ပြောင်းသူလျှိုကို ကိုင်တွယ်ရာ၌ အထူးသတိထားအပ်သည်။ နှစ်ဖက်လှွမျာကို အသုံးချ၍ သတင်းရအောင် ယူရမည်။

၁၈။ ဘက်ပြောင်းသူလျှိုကို အသုံးချလျက် ရန်သူ့နယ်မြေအတွင်းရှိ ဒေသခံသူလျှိုများ၊ အတွင်းသူလျှိုများကို မွေးမြူစုဆောင်းတာဝန်ပေးအပ်နိုင်သည်။

၁၉။ ထိုသူလျှိုတို့ထံမှ ရရှိသော သတင်းအပေါ်တွင် အခြေပြု လျက် ရန်သူ့ထံသို့ သတင်းလွဲ၊ သတင်းမှား လှည့်စားသော သတင်းများကို ယူဆောင်စေအောင် ပို့ဆောင်ရ၏။

၂၀။ တာဝန်ထမ်းသူလျှို၊ အသင်းအဖွဲ့သူလျှိုတို့ကိုလည်း အခြေအနေ အချိန်အခါ ပေးလာသမျှ အခွင့်အရေးကို အသုံးချလျက် ရန်သူ့သတင်းပေးပို့ရေးအတွက် တာဝန် ပေးအပ်နိုင်သည်။

၂၁။ နိုင်ငံတော်အကြီးအကဲသည် အထက်ပါ သူလျှိုငါးမျိုးထံမှ မှန်ကန်မြန်ဆန်သော သတင်းများကို အဆက်မပြတ် ရရှိ နေခြင်းအားဖြင့် ရန်သူ့အကြောင်းကို အူမချေးခါးမကျန် ကြိုတင်သိရှိထားနိုင်လေသည်။

၂၂။ ရှေးအခါက ယင်(Yin) မင်းဆက် (ဘီစီ ၁၇၆၆-၁၁၂၂) တန်ခိုးသြဇာကြီးမားရခြင်းသည် စီအာ(Hsia) မင်းဆက် (ဘီစီ ၂၂၀၅-၁၇၆၆)ထံတွင် အမှုထမ်းခဲ့ဖူးသော အိချိ (I Chih) ဆိုသူ သူလျှိုကြောင့်ဟု မှတ်သားရဖူး၏။ ထိုနည်းအတူ ချောင်(Chou)မင်းဆက်(ဘီစီ ၂၅၆-၁၁၂) တန်ခိုးကြီးနိုင်ခဲ့ခြင်းမှာ ယင်(Yin)မင်းထံတွင် အမှုထမ်း ခဲ့သော လူဝမ်း(Lu Wang) အမည်ရှိ သူလျှိုကြောင့်ဟု တရုတ်သမိုင်းတွင် မှတ်တမ်းတင်ခဲ့၏။

၂၃။ ထို့ကြောင့် အမြော်အမြင်ကြီးလှသော နိုင်ငံတော်အကြီးအကဲနှင့် ကျွမ်းကျင်သော စစ်သူကြီးတို့သည် ဉာဏ်ရည်ဉာဏ်သွေး အကောင်းဆုံး အတော်ဆုံးလူများကို ထောက်လှမ်းရေးသူလျှိုအဖြစ် အသုံးချတာဝန်ပေးလျှင် ကြီးမားခမ်းနားသော အောင်ပွဲကြီးများကို ရရှိမည် မလွဲတည်း။ သူလျှိုထောက်လှမ်းရေးစစ်ဆင်ရေးဟူသည် စစ်ပွဲများအတွက် မရှိမဖြစ် လိုအပ်ချက်ပင် ဖြစ်လေသည်။ သူတို့အစွမ်းအစအပေါ် မူတည်လျက် (ရန်သူ့သတင်းကို ရယူတွက်ဆကာ) မိမိတပ်မတော်ကြီးသည် လိုအပ်သလို လှုပ်ရှား စစ်ကစားရချေသည်။ (ထောက်လှမ်းရေးသူလျှိုမရှိသော အကြင်တပ်မတော်သည် နားနှင့်မျက်စိမပါသော လူနှယ်သာ ဖြစ်ပေလိမ့်မည်။)

ချစ်နိုင်(စိတ်ပညာ)
၂၀-၇-၂၀၀၃





# ကျမ်းကိုးစာရင်း


၁။ Anon - **THE ART OF WAR:** A Treatise on Chinese Military Science Compiled about 500 B.C. Graham Brash Pte Ltd, Singapore. 1985.

၂။ Cao Shan (Editor) - **THE STRATEGIC ADVANTAGE,** Sun Zi & Western Approaches to War New World Press, Beijing, China 1997. First Edition.

၃။ Leong Weng Kam (Translated) - **CHINESE MILITARY CLASSIC: THE ART OF WAR** Edited by Tsai Chih Chung , Loi Printing Pte, Ltd, Singapore. 1991.

၄။ Prof Zhong Qin (Translation) - **THE ESSENTIALS OF WAR** (BY SUN WU) New World Book, Beijing, China, 1996, First Edition.

၅။ Samuel B.Griffith (Translated) - **SUN TZU : THE ART OF WAR** Oxford at the Clarendon Press. Great Britain. 1963.

၆။ Zhang Huimin- **SUN ZI : THE ART OF WAR** With Commantaries, Panda Books, 1995.

၇။ စံလွင်၊ ဗိုလ်မှူးကြီး- (အငြိမ်းစား) **အင်္ဂလိပ်-မြန်မာ စစ်ဝေါဟာရ အဘိဓာန်**၊ ပြည်စုံစာအုပ်တိုက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ပထမအကြိမ်၊ ၂၀၀၃ခုနှစ်၊ မတ်လ။

၈။ နန္ဒာသိန်းဇံ - (ဘာသာပြန်) **စီးပွားရေးနှင့် စစ်ရေးဗျူဟာ** သီဟရာဇာအော့ဖ်ဆက်၊ ၂၃ (အေ) ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်၊ ၁၉၉၂၊ မေလ။

၉။ မောင်ပေါ်ထွန်း - (ဘာသာပြန်) **စီးပွားရေးလုပ်ငန်း၊ ခေါင်းဆောင်ကောင်းတို့၏ လမ်းစဉ်** ပြည့်စုံစာအုပ်တိုက်၊ ၂၀၀၀ပြည့်နှစ်၊ ပထမအကြိမ်။

၁၀။ မောင်ပေါ်ထွန်း - (ဘာသာပြန်) **စီးပွားရေးအကျပ်အတည်းမှ လွတ်မြောက်ရေး** ပြည့်စုံစာအုပ်တိုက်၊ ၂၀၀၁ခုနှစ်၊ ပထမအကြိမ်။

## အညွှန်း

**က**

ကာ၊ ၄၈
ကားလ်ဗွန်ကလော့ဇ်ဝစ်ဇ်၊ ၈၊ ၁၂၊ ၁၈။
ကားလ်ဘာရော့ပ်၊ ၁၀။
ကိုလင်းပိုဝဲလ်၊ ၇။
ကန္တာရစစ်မြေပြင်၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၉။
ကိန်းရှင်ကိုးခု၊ ၁၀၅
ကိုယ်လုပ်တော်၊ ၁၃
ကျုံးများ၊ ၈၁
ကွီပြည်နယ်၊ ၁၇။
ကွင်ပြည်နယ်၊ ၁၇။
ကွန်ဖျူးရှပ်၊ ၆၆။
ကွပ်ကဲမှု၊ ၇၀
ကွပ်မျက်ရန်၊ ၁၅။

**ခ**

ခုခံ၊ ၉၆။
ခံစစ်၊ ၅၇၊ ၅၈၊ ၇၁၊ ၈၀။
ခံတပ်၊ ၄၈။
ခေါင်းဆောင်မှု၊ ၂၅။
ခုံသမာဓိလူကြီးမင်း၊ ၄၁။
ချူတေး၊ ၇။
ချေမှုန်း၊ ၉၆။
ချက်ကောင်း၊ ၅၇။
ချောက်ကမ်းပါးစစ်မြေပြင်၊ ၁၃၅၊ ၁၃၇။
ချင်ဟောင် (Cheng Hou)၊ ၁၅၄။
ချောင်မင်းဆက်(Chou)၊ ၁၈၉။
ချိန်တောင်တန်း(Chang)၊ ၁၆၃။
ခြေရာကောက်၊ ၈၁။
ခွာစစ်၊ ၅၀။

**ဂ**

ဂျင်ဂစ်ခန်၊ ၇။

**စ**

စာတော်ပွဲ၊ ၁၅။
စီဘာမင်းဆက်(Hsia)၊ ၁၈၉။
စီမံတွက်ဆခြင်း၊ ၃၁။
စေတမန်၊ ၁၆။
စံလွှင်၊ ၁၈၂။
စစ်၊ ၂၅၊ ၉၆။
စစ်ကစားခြင်း၊ ၆၉၊ ၉၃၊ ၉၄၊ ၉၆၊ ၉၇၊ ၁၀၀။
စစ်ခရာ၊ ၉၇။
စစ်ခေါင်းဆောင်၊ ၂၈။
စစ်စည်၊ ၉၇။
စစ်စည်စစ်မောင်း၊ ၁၄။
စစ်စည်တီး၊ ၁၄။
စစ်ဆင်၊ ၉၆။
စစ်ဆင်ရေး၊ ၃၇။
စစ်ပါရဂူ၊ ၁၇။
စစ်ပန်း၊ ၃၈။
စစ်ပွဲဆင်နွှဲခြင်း၊ ၃၇။
စစ်မဟာဗျူဟာ၊ ၄၉။
စစ်မဟာဗျူဟာထိုးစစ်၊ ၄၇။
စစ်မက်ရေးရာ၊ ၂၅။
စစ်မောင်း၊ ၉၇။
စစ်မြေပြင်၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၅၅၊ ၁၅၆၊ ၁၅၉။
စစ်မှုရေးရာ၊ ၁၆၈။
စစ်ရေးစစ်ရာ၊ ၂၉။
စစ်ရေးစွမ်းအား၊ ၂၈။
စစ်ရေးနည်းဗျူဟာ၊ ၈၅။

စစ်ရေးလေ့ကျင့်ပွဲ၊ ၁၄။
စစ်ရေးသုံးသပ်ချက်၊ ၂၅။
စစ်သူကြီး၊ ၁၆၊ ၂၇၊ ၄၀၊ ၄၁၊ ၄၈၊ ၅၀၊
၅၇၊ ၅၉၊ ၆၁၊ ၇၁၊ ၉၃၊
၉၈၊၁၀၅၊၁၀၇၊၁၀၈၊
၁၃၉၊၁၄၀၊၁၄၁၊၁၅၉၊
၁၆၃၊ ၁၆၅၊ ၁၇၆၊ ၁၈၄။
စစ်သည်၊ ၁၆၁၊ ၁၆၂၊ ၁၆၃။
စစ်သုံးကိရိယာများ၊ ၄၈။
စစ်အတတ်ပညာ၊ ၃၉၊ ၄၇၊ ၄၉၊ ၅၈၊ ၅၉၊
၇၀၊၈၆၊ ၉၈၊ ၁၆၀။
စစ်၏အနှစ်သာရ၊ ၄၁၊ ၁၆၁။
စစ်ဥပဒေသ၊ ၁၀၇၊ ၁၆၉။
စစ်ဦးကျွံစစ်မြေပြင်၊ ၁၅၅၊ ၁၅၈။
စစ်အင်အား၊ ၁၂၆။
စစ်အင်အားစုရုံးခြင်း၊ ၁၁၉။
စည်းလုံးညီညွတ်မှု၊ ၅၁။
စည်းစနစ်၊ ၂၇။
စည်းမျဉ်းစည်းကမ်းဦးစီးတာဝန်၊ ၂၈။
စည်းမျဉ်းဥပဒေ၊ ၆၀။
စိတ်ဓာတ်ရေးရာ၊ ၂၅၊ ၂၆။
စွန့်လွှတ်ခြင်းနှင့် စွန့်စားခြင်း၊ ၁၆၂။
စွန်းဝူ၊ ၁၂။


**ဆ**


ဆုပေးဒဏ်ပေးစနစ်၊ ၂၈။
ဆင်ပစ်မြွေ၊ ၁၆၃။
ဆွန်ဇူ(Sun Tzu)၊ ၁၂၊ ၆၆၊ ၁၀၄။


**ဇ**


ဇာအို(Zhao)၊ ၁၇။
ဇုပြည်နယ်(Zhu)၊ ၁၆။


**ည**


ညာဘက်၊ ၁၃။
ညှပ်ဖူးညှပ်ပိတ် စစ်မြေပြင်၊ ၁၅၅၊ ၁၅၇၊
၁၅၉။


**တ**


တာဝေးစစ်မြေပြင်၊ ၁၃၅၊ ၁၃၇။
တာဝန်ထမ်းသူလျှို၊ ၁၈၄၊ ၁၈၆၊ ၁၈၉။
တူမူး(TU MU)၊ ၁၁၈။
တံခွန်၊ ၉၇၊ ၉၈၊ ၁၂၅။
တိုက်စစ်၊ ၅၈၊ ၇၁
တိုက်စွမ်းအား၊ ၆၁။
တိုက်ပွဲ၊ ၆၈၊ ၆၉။
တောင်ပေါ်တိုက်ပွဲ၊ ၁၂၁။
တပ်ပျက်ခြင်း၊ ၁၃၈။
တပ်ဖြန့်ခြင်း၊ ၁၇၊ ၁၂၄။
တပ်မတော်၊ ၃၇၊ ၁၃၇။
တပ်မတော်၏ ရည်မှန်းချက်၊ ၃၇။
တပ်ရင်းမှူး၊ ၁၇၅။
တပ်အင်အား၊ ၅၁။


**ထ**


ထူးခတ်၊ ၅၀။
ထိုးစစ်၊ ၅၈၊ ၈၀။
ထောက်လှမ်းရေး၊၁၈၃။
ထောက်လှမ်းရေးသူလျှို၊ ၁၉၀။

ထောင်ချောက်စစ်မြေပြင်၊ ၁၃၅၊ ၁၃၆။
ထွက်ပြေးရခြင်း၊ ၁၃၈၊ ၁၃၉။


**ဒ**


ဒေသခံသူလျှို၊ ၁၈၄၊ ၁၈၅။
ဒိုင်း၊ ၄၈။

ဒေါ်နယ်ဂျီကရော့စ်(Donald G.Krause)၊ ၁၀၄။

**န**

နပိုလီယန်၊ ၁၀။
နေရာယူဖွဲ့စည်းခြင်း၊ ၇၁။
နံရံတံတိုင်းများ၊ ၈၁။
နောက်ဆက်၊ ၁၃။

**ပ**

ပရိယာယ်ဝေဝုစ်၊ ၈၁။
ပြည်သူ့စစ်မဟာဗျူဟာ၊ ၂၊ ၄။

**ဖ**

ဖီလ်မာရှယ်လော့ဒ် ရောဘတ်(Field Marshal Lord Robert)၊ ၁၃၄။
ဖျားယောင်း၊ ၁၂၄။
ဖွဲ့စည်းခြင်း၊ ၆၇။
ဖွဲ့စည်းပုံ ပျက်စီးခြင်း၊ ၁၃၉။

**ဗ**

ဗဟိုချက်ကျစစ်မြေပြင်၊ ၁၅၅၊ ၁၅၆။
ဗိုဝုယင်ဂိယက်၊ ၇။

**ဘ**

ဘာစီ၊ ဟင်နရီ၊ လစ်ဒယ်လ်ဟတ်၊ ၁၈။
ဘက်ပြောင်းသူလျှို၊ ၁၈၄၊ ၁၈၅၊ ၁၈၈။
ဘယ်ဘက်၊ ၁၃။

**မ**

မရဏ စစ်မြေပြင်၊ ၁၅၅၊ ၁၅၇၊ ၁၅၉။
မီးတိုင်၊ ၉၇။
မီးတုတ်၊ ၉၇။
မီးမောင်း၊ ၉၇။
မီးနှင့်တိုက်ခိုက်ခြင်း၊ ၁၇၃။
မင်းသားဝူဟေလူ၊ ၁၂။
မောင်ပေါ်ထွန်း၊ ၆၇။
မြေပြင်အခြေအနေ၊ ၂၅၊ ၂၆၊ ၃၅။
မြို့ကြီးပြကြီး၊ ၄၈။
မြို့ရိုးခံတပ်များ၊ ၈၁။
မြို့ရိုးနံရံ၊ ၄၈။
မြူဆွယ်၊ ၁၂၂။

**ယ**

ယူးပြည်နယ်(Yue)၊ ၁၇။
ယင်-ဒူ(Ying-du)၊ ၁၇။
ယင်မင်းဆက်(Yin)၊ ၁၈၉။
ယွေ့တပ်တော်၊ ၈၄။

**ရ**

ရာပြုမြို့၊ ၃။

ရာသီဥတု၊ ၂၅၊ ၂၆။
ရာသီဥတုလေးမျိုး၊ ၈၆။
ရေ၊ ၈၅၊ ၈၆။
ရေရှည်စစ်ပွဲ၊ ၄၀။
ရည်ရွယ်ချက်၊ ၆၀။
ရန်သူ၊ ၈၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၆၀၊ ၁၆၇၊ ၁၈၈။
ရှေ့ဘက်၊ ၁၃။
ရှိုက်ကျန်ခေါ် ဆင်ပစ်မြွေ(Shuai Jan)၊ ၁၆၃။

## လ


လူစုခွဲသည့်စစ်မြေပြင်၊ ၁၅၅၊ ၁၅၇၊ ၁၅၈။
လူဝမ်း(Lu Wang)၊ ၁၈၉။
လေ့ကျင့်ရေး အရည်အသွေး၊ ၂၈။
လိုအပ်ချက်၊ ၆၁။
လစ်ဒယ်လ်ဟာတ်၊ ၁၈။
လုပ်ထုံးလုပ်နည်းစည်းကမ်းဥပဒေ၊ ၂၅။
လုံခြုံရေး၊ ၁၆၂။
လွတ်လပ်စစ်မြေပြင်၊ ၁၅၅၊ ၁၅၆၊ ၁၅၈။
လွယ်ကူသောစစ်မြေပြင်၊ ၁၃၅။
လှည့်စားခြင်း၊ ၂၉၊ ၁၂၂။
လှုပ်ရှားရခက်ခဲသောမြေ၊ ၁၀၅။
လျှို့ဝှက်ခြင်း၊ ၅၇။
လျှို့ဝှက်ထောက်လှမ်းရေး၊ ၁၈၇။
လွှား၊ ၄၈။


## ဝ


ဝူတပ်မတော်ကြီး၊ ၁၆၊ ၁၇။
ဝူပြည်နယ်၊ ၁၂၊ ၁၆။
ဝူဟောလူ၊ ၁၂။


## သ


သူလျှို၊ ၁၈၄၊ ၁၈၆။
သူလျှိုထောက်လှမ်းရေး၊ ၁၉၀။
သေနင်္ဂဗျူဟာစစ်အတတ်ပညာ၊ ၆၀။
သံတမန်၊ ၁၂၃။
သော့ချက်၊ ၃၀။
သော့ချက်စစ်မြေပြင်၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈။
သမ္မတ၊ ၉၃။


## ဟ


ဟာင်နရီ၊ ၁၈။
ဟန်ဆောင်တတ်ခြင်း၊ ၁၆၈။


## အ


အကျဉ်းအကျပ်စစ်မြေပြင်၊ ၁၃၅၊ ၁၃၆။
အကြီးအကဲ၊ ၁၇၅၊ ၁၇၆၊ ၁၈၉။
အကွာအဝေး၊ ၆၀။
အချိန်၊ ၅၁။
အချိန်ကိုက်ဆောင်ရွက်မှု၊ ၆၉။
အခြေအနေကိုးမျိုး၊ ၁၅၅။
အထိုက်ဖမ်းနိုင်ခြင်း၊ ၃၀။
အတွင်းသူလျှို၊ ၁၈၄၊ ၁၈၅။
အမိန့်မနာခံမှု၊ ၁၃၈။
အရှိန်အဟုန်၏ စွမ်းအား၊ ၆၉။
အလံ၊ ၉၇၊ ၉၈၊ ၁၂၅။
အသေခံသူလျှို၊ ၁၈၄၊ ၁၈၆။
အားသာချက်၊ အားနည်းချက်၊ ၇၉။
အိချီ(I Chih)၊ ၁၈၉။
ဥပေက္ခာ စစ်မြေပြင်၊ ၁၃၅၊ ၁၃၆။
အန္တရာယ်စစ်မြေပြင်၊ ၁၅၅၊ ၁၅၆၊ ၁၅၉။
အုပ်စိုးသူ၊ ၅၀၊ ၉၃။